

ဝဏ္ဏအောင်
ဇောရဒအာဂိုး

စာမူ ကြိုတင်ခွင့်ပြုအမှတ် ၆၅၇/၉၁(၁၁)
မျက်နှာဖုံး ကြိုတင်ခွင့်ပြုအမှတ် ၆၀၇/၉၁(၁၀)

ပထမအကြိမ်
၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလ
အုပ်ရေ ၄၀၀
တန်ဖိုး ၄၀ ကျပ်

ထုတ်ဝေသူ မောင်အိုကြီး(မြဲ ၀၁၅၆၇)
တမာရိပ်စာပေ
အမှတ် ၁၀၆၊ တာမွေလမ်း၊
တာမွေ၊ ရန်ကုန်မြို့။

ပုံနှိပ်သူ ဒေါ်ကျင်ငွေ (မြဲ ၀၃၁၄၆)
ဇမ္ဗူအောင်ပုံနှိပ်တိုက်
အမှတ် ၈၊ စပယ်ခြံ ၃ လမ်း၊
ကမာရွတ်၊ ရန်ကုန်မြို့။

အဖုံးရိုက် ဦးကျော်မိုးဝိန်(မြဲ ၀၃၁၃၇)၊
အောင်သာပုံနှိပ်တိုက်
အမှတ် ၁၇၂၊ ၃၁ လမ်း၊
ရန်ကုန်မြို့။

# ဝတ္ထအောင်

စောရ အာဘိုး

(ပထမပိုင်း)

## ဒီတာဝန် အရေးသုံးပါး

မြန်မာနိုင်ငံ မပြိုကွဲရေး.... (ဒို့အရေး)

တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှု မပြိုကွဲရေး.... (ဒို့အရေး)

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး— (ဒို့အရေး)

စည်းကမ်းလိုက်နာ အေးချမ်းကမ္ဘာ။
စည်းကမ်းရှိမှ တိုးတက်မည်။
စည်းချဉ်းကိုက်ညီ အေးချမ်းသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏မဖဲ့နိုင်သောတာဝန်ဖြစ်သည်။

## ကြက်ဖခေါင်းကြီး

အာဝွီးသည် အသက်နှစ်ဆယ်ကျော်ခန့်သာ ရှိသေးသော ရှမ်းလူငယ်လေးတစ်ယောက် ဖြစ်သည်။ မင်းညီမင်းသားသို့ ခန့်ညားသော ရုပ်ရည်ရှိသည်။

သူသည် သပ်သပ်ရပ်ရပ် ဝတ်စားလေ့ရှိပြီး၊ ဖော့ဖော့ဖော့ခနေ တတ်သူ ဖြစ်သည်။ ထို့ကြောင့် သူ့အားထိပါးလာလျှင်မူ ကြက်ခေါင်းဆိတ်မခံ ချက်ချင်းလက်တုံ့ပြန်တတ်သူ ဖြစ်သည်။ သတ္တိသည်း အလွန်များသည်။

ကြက်ခေါင်းဆိတ်မခံခြင်း၊ ပါးနပ်လိမ္မာခြင်း စသည့် အရည်အချင်းများကြောင့် ရပ်ရွာသူများက သူ့အား ကြက်ဖခေါင်းကြီးဟု ကျီစယ်ခေါ်လေ့ရှိကြသည်။

ထိုသို့ ခေါ်ခြင်းကို အာဝိုးက စိတ်မဆိုးသည့်အပြင် သဘောပင်ကျမိသေးသည်။

အာဝိုးသည် မြိုင်ဖက်ကင်းသော စောရတစ်ယောက် ဖြစ်လေသည်။

သာယာသော နေ့တစ်နေ့ ဖြစ်သည်။

ကျောင်းလိမ်မြို့၏ လမ်းများပေါ်ဝယ် စည်စည်ကားကား ဖြစ်နေ၏။

အရောင် အသွေး စုံလင်စွာ ဝတ်ဆင်ထားကြသူများသည် တခသာခတော ရယ်မောရင်း စကားဖောင်ဖွဲ့ပြောဆို သွားလာ လှုပ်ရှားနေကြ၏။

လူ့ရေစီးကြောင်းနှင့်အတူ အာဝိုး မျောပါလာပါသည်။

ဆက်ဖိုက်ရင်း မျက်နှာမော့ကာ ဟန်ပါပါဖြင့် လျှောက်လာခြင်း ဖြစ်သည်။

ကျောင်းလိမ်မြို့သည် မြို့ကြီးများ စာရင်း၌ ထိပ်ဆုံးမှ ပါဝင်သည့်အပြင် သိုင်းလောကသားများ ကျင်လည်ကျက်စားရာ ဒေသအကျဆုံး မြို့ကြီးလည်း ဖြစ်ပေသည်။



ကြီးမားခန့်ညားသော အဆောက်အအုံများ၊ လူပြည့်ကြပ်နေသည့် စားသောက်ဆိုင်များ၊ နဂါးရုပ်များဖြင့် အလှဆင်ထားသည့် ဘုံကျောင်းများ၊ ညီညာသပ်ယပ်တန်းနေသော လမ်းများ စသည် စသည်ဖြင့် နတ်ဘုံနတ်နန်းတမျှ စည်ကား သိုက်မြိုက်နေသည်။

အာဝိုးမှာ မြင်မြင်သမျှ ငေးမောကြည့်ရှုရင်း တအံ့တသြ ဖြစ်နေရပေတော့သည်။

'ကျောင်းလိမ်မြို့က လူတွေဟာ လူဖြစ်ရကျိုး တယ်နပ်ကြပါလား'

အာဝိုးသည် တောရွာဇနပုဒ်တစ်ခုတွင် မွေးဖွားခဲ့သူ ဖြစ်သည်။ ငယ်စဉ်ကတည်းက မိဘများ ကွယ်လွန်သွားသဖြင့် မျောက်အိုကြီး၏ လက်ပေါ်၌ ကြီးပြင်းခဲ့ရသူ ဖြစ်သည်။

မျောက်အိုကြီးဆိုသည်မှာ တကယ့် မျောက်တစ်ကောင် မဟုတ်ဘဲ လူတစ်ယောက်၏ အမည်သာလျှင် ဖြစ်ပေသည်။

ဆံပင်စုတ်ဖွား၊ မျက်လုံးပြူးပြူး၊ နှာတံဘိုဘို၊ ထိုင်နေလျှင် တကယ့်မျောက်တစ်ကောင်နှင့် တူလှသဖြင့် အများက သူ့အား မျောက်အိုကြီးဟု နောက်ပြောင်ခေါ်ကြရာမှ နာမည် တွင်နေခြင်း ဖြစ်ပေသည်။

မျောက်အိုကြီးသည် စောရကြီးတစ်ယောက် ဖြစ်ရကား၊ အာဝိုးသည်လည်း အရွယ်ရောက် ကြီးပြင်းလာသည်နှင့်အလိုလို စောရတစ်ယောက် ဖြစ်လာခဲ့ရတော့သည်။

မျောက်အိုကြီးသည် စောရဟုဆိုသော်ငြားလည်း စည်းကမ်းသစ်ခုကို မြဲမြံစွာ စောင့်ထိန်းသူ ဖြစ်သည်။

သူ၏စည်းကမ်းမှာ...

'သူတစ်ပါး မျက်ရည်ပေါက် ကြီးငယ်ကျအောင် ခေါင်းပုံဖြတ် အမြတ်ကြီးစားသူများ ဆယ်သက် စားမကုန်နိုင်သူများ ထံမှလုပ်ပြီး မခိုး'

ဟူ၍ ဖြစ်လေသည်။

မျောက်အိုကြီးမှာ ရုပ်ဆိုးသော်လည်း ချစ်စရာကောင်းသည့် အရုပ် ဆန်းလေးရှိနေကြောင်း အာဝဇီး နားလည်သည်။

ခိုးယူ၍ရသမျှ အကုန်သုံးမပစ်ဘဲ ထချို့တစ်ဝက်ကို ဆင်းရဲ နွမ်းပါးသူများ၊ ဒုက္ခရောက်နေသူများကို ပေးကမ်းစွန့်ကြဲခြင်း ဖြစ်ပေသည်။

အာဝဇီး အရွယ်ရောက်လာသောအခါ မျောက်အိုကြီး ပုံသွင်းခဲ့သည့်အတိုင်း ပြောင်မြောက်သော ခိုးသူတစ်ယောက် ဖြစ်လာခဲ့သည်။

ခိုးသူပညာတွင် အရှုထက်ပင် လက်စောင်းထက်ခဲ့လေ သည်။

မျောက်အိုကြီးသည် အသက် ကြီးရင့်လာပြီဖြစ်၍ ခိုးရ အလုပ်ကို ရပ်နားလိုက်သောအခါ သူ့ကိုယ်စား အာဝဇီးက ဆက်၍ထမ်းဆောင်ခဲ့သည်။

အာဝဇီးက မျောက်အိုကြီးကိုတစ်လှည့် ပြန်လည်ရှာဖွေ ကျွေးမွေးနေခြင်း ဖြစ်ပေတော့သည်။



မြို့အယ်တွင် သာယာလှပသည့် ပန်းဥယျာဉ်ကြီးတစ်ခု ရှိနေ သည်။

ပန်းဥယျာဉ်အတွင်းဝယ် အပန်းဖြေ အနားယူနေသူများ လှည့်လည်ကြည့်ရှုနေသူများနှင့် စည်ကားသိုက်မြိုက်နေ၏။

'ဒီနေရာ အကောင်းဆုံးပဲ'

အာဝဇီးက ပန်းဥယျာဉ်ကို ရွေးချယ်လိုက်၏။ ထို့နောက် ပန်းဥယျာဉ်ဆီသို့ ခပ်သွက်သွက် လှမ်းသွားပြီး အတွင်းသို့ ဝင်လိုက်လေသည်။

ထပ်မံ၍ ဟိုဟိုသည်သည် မျက်လုံးကစားလိုက်ပြန်လေရာ မလှမ်းမကမ်း တစ်နေရာတွင် အဖိုးတန် ဖိုးမဲ့အကျီ ဝတ်ဆင် ထားသူ တစ်ယောက်အား တွေ့မြင်လိုက်ရလေသည်။

ထိုလူမှာ အသက်ငါးဆယ်ခန့်ရှိပြီး လူ့ရွာမှုပင် ဝဖိုင့်သူ တစ်ယောက် ဖြစ်လေသည်။ ဝဲဘက်လက်သူကြွယ်တွင် စိန်သက် ရှုပ်ကြီးတစ်ကွင်း ဝွင်ထားပြီး ယပ်တောင်ဘဖျပ်ဖျပ် ခတ်နေရာ နေမြည်နှင့်ထိလျှင် အရောင်တဖျပ်ဖျပ် ဝင်းလက်နေပေတော့ သည်။

သူ၏ အကျီအိတ် ဖောင်းကားနေ၏။

အာဝဇီး ပြုံးလိုက်သည်။

သူ၏ မျက်လုံးများသည် သားကောင်တွေ့သည့် လင်းယုန် မျက်လုံးများနှယ် အရောင် တဖိတ်ဖိတ် ဝင်းလက်တောက်ပလာ လေသည်။

အရိပ်ကောင်းသော သစ်ပင်ကြီးတစ်ပင်အနီးသို့ ရောက်သွားပြီး ပင်စည်ကို ကျောမှီကာ လက်ပိုက်၍ ထိုလူဝကြီးကို တစ်စုတစ်စောင်း အကဲခတ် ကြည့်နေလိုက်လေသည်။

လူဝကြီးသည် ဟိုဟိုသည်သည်ကြည့်ပြီး မန်းဥယျာဉ်တောင်ဘက်ဆီသို့ ထွက်သွားလေသည်။

အာဝုဂ်းလည်း သစ်ပင်အောက်မှထွက်ကာ လူဝကြီးနောက်မှ မယောင်မလည်ဖြင့် လိုက်သွား၏။

ခပ်လှမ်းလှမ်းသို့ရောက်လျှင် တောင်းရမ်းစားသောက်သည့် အဘိုးအိုတစ်ယောက်သည် လက်တစ်ဖက်အား တုတ်ကောက်ကို ကိုင်လျက် ကျန်လက်တစ်ဖက်က ခွက်တစ်လုံးကိုဆွဲကာ ကယ်ပါယူပါ တစာစာဖြင့် တောင်းခံရင်း လျှောက်လာနေသည်ကို တွေ့ရ၏။

ထိုသူတောင်းစားအဘိုးအိုသည် လူဝကြီးကို မြင်လျှင်....

'သနားပါဗျာ၊ သနားပါ၊ ပေးကမ်းစွန့်ကြဲပြီး ကုသိုလ်ယူပါဗျာ'

ခွက်ထဲမှ အကြွေစေ့များကို တချောက်ချောက်မြည်အောင် ခါလိုက်ရင်း အသနားခံ တောင်းရမ်းနေ၏။

အဘိုးအို၏ ပုံသဏ္ဌာန်မှာ အမှန်ပင် သနားစရာ ကောင်းလှပေသည်။

အာဝုဂ်းမှာ ထိုအဘိုးအိုကိုကြည့်ပြီး ပေးကမ်းစွန့်ကြဲလိုစိတ်များဖြစ်ပေါ်လာလေသည်။ သို့သော်...လူဝကြီးအား ကြင်နာသနားမှု ရှိဟန် မတူချေ။ စိန်လက်စွပ်ဝတ်ဆင်ထားသည့် လက်ကို ဝေ့ယမ်းရင်း....



'သွား....သွား၊ ကျုပ်ရှာစားသမျှ လျှောက်ပြီး ပေးကမ်းစွန့်ကြဲဖို့ မတတ်ဘူး၊ တစ်ပြားမှ မပေးနိုင်ဘူး၊ တခြားမှာ သွားတောင်းချေ'

ဟု အော်ဟောက် မောင်းထုတ်လိုက်လေသည်။

သူတောင်းစားအဘိုးအိုသည် မြေပေါ် ဒူးထောက်ချလိုက်ပြီး လူဝကြီး၏ ခြေထောက်ကို ကိုင်ကာ...

'တစ်ပြားတစ်ချပ် သနားသဖြင့် စွန့်ကြဲပါ သူဌေးမင်းရယ်'

ဟု ခယ တောင်းပန်နေပြန်သည်။

ထိုအဘိုးအို၏လက်ဖြင့်သူ၏ခြေထောက် အကိုင်ခံလိုက်ရခြင်းကို လူဝကြီး လွန်စွာမှပင် စိတ်ဆိုးသွားဟန် ရှိလေသည်။

'ဟေ့ ဟေ့.... ဘာလုပ်တာလဲ၊ သွားလို့ ပြောနေတာ မကြားဘူးလား'

အော်ဟောက်ရင်း ခါးကိုင်း၍ သူတောင်းစား အဘိုးအို၏ လက်များကို ဖယ်ရှားပစ်လိုက်သည်။ တွန်းထုတ်ပစ်ရန်လည်း ဟန်ပြင်လိုက်လေသည်။

'အချိန်ကျပြီ'

အသာစောင့်ကြည့်နေသည့် အာဝုဂ်း၏ ဦးနှောက်က ခြေလက်များကို လှုပ်ရှားရန် အချက်ပေးလိုက်လေသည်။

အာဝုဂ်းသည် လေ၏ လျင်မြန်ခြင်းမျိုးဖြင့် ရှေ့သို့ လှမ်းသွားပြီး...

'ဟော…သူတောင်းစားကြီး ဖယ်စမ်း၊ ရာရာစစ ခင်ဗျားက ဦးဉာဏ်ချွဲဝင်တောင်းရတယ်လို့ ဒီနေရာဟာလူကြီးလူကောင်းတွေ ထားပြီး အပန်းဖြေကြတဲ့ နေရာဆိုတာ နားမလည်ဘူးလား'

ဟု အော်ငေါက်လိုက်သည်။

တဆက်တည်းပင် သူတောင်းစား အဘိုးအိုအား ခပ်ကြမ်းကြမ်းကလေး ဆောင့်တွန်းပစ်လိုက်လေသည်။

'ထွက်သွားစမ်းဗျာ'

အာဒ္ဓိက ထင်မိငေါက်လိုက်သည်တွင် သူတောင်းစား အဘိုးအိုသည် သုတ်ခနဲ ထပြေးသွားရာ တစ်ခဏအတွင်း မြင်ကွင်းမှ ကွယ်ပျောက်သွားလေတော့သည်။

အာဒ္ဓိက လူဝကြီးဘက် လှည့်လိုက်သည်။ ပြုံးရွှင်ချိုသာသော မျက်နှာထားဖြင့်…

'ဒီလိုလူစားတွေကို ခပ်ကြမ်းကြမ်းကလေး မောင်းထုတ်ပစ်မှ ရတာ ဦးရဲ့ နို့ မဟုတ်ရင် တယ်ပြီး ဂရုစိုက်ချင်ကြတာ မဟုတ်ဘူး' ဟု ပြောလိုက်လေသည်။

လူဝကြီးက အာဒ္ဓိကို သေသေချာချာ အကဲခတ် ကြည့်လိုက်သည်။ အာဒ္ဓိသည် သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားပြီး နုနယ်ပျိုမျစ်သော လုလင်တစ်ယောက် ဖြစ်နေလေရာ သဘောကျသွားလေသည်။

'ဟုတ်တယ်ကွ ဒီလို မောင်းထုတ်ပစ်မှ'

ဟု သံယောင်လိုက်ကာ ပြောလေသည်။

'ဟင်…ဦးရဲ့ ပခုံးပေါ်မှာ ပိုးကောင် တစ်ကောင်ပါလား'

ဟုပြောရင်း လူဝကြီးပခုံးကိုလက်ဖြင့်ပုတ်၍ခါထုတ်လိုက်သည်။



'ပိုးကောင် ဟုတ်လား'

'ဟုတ်တယ်…ဟုတ်တယ်'

ပြောပြောဆိုဆို အာဒ္ဓိ၏လက်များက လျှပ်လက်သွား လှုပ်ရှားသွား၏။

လက်တစ်ဖက်က ပုတ်ခါပေးရင်း ကျန် လက်တစ်ဖက်က ပိုးကောင်တွေ့သည်ဆိုသည့် ပခုံးဆီသို့ အာရုံရောက်သွားချိန်၌ လူဝကြီး၏ အင်္ကျီအိတ်ထဲမှ ငွေအိတ်ကို နှိုက်ယူပြီးသား ဖြစ်သွားလေသည်။

'ပိုးကောင် မရှိတော့ပါ ဘူးဗျာ'

အာဒ္ဓိသည် နောက်ဆုတ်လိုက်ပြီး လက်နှစ်ဖက် နောက်ပစ်ထားလျက် ပြုံးပြုံးရွှင်ရွှင်ဖြင့် ပြောလိုက်၏။

လူဝကြီးက ရယ်မောလိုက်သည်။

'ဟဲ…ဟဲ…ဟဲ ကျုပ်ဖြင့် လန့်တောင်သွားတယ်'

'ကဲ…ဦးကိုနှောင့်ယှက်မယ့် လူလဲမရှိတော့ပါဘူး၊ ကျွန်တော် သွားပါဦးမယ် ခင်ဗျာ'

'အေး…အေး'

အာဒ္ဓိသည် အချိန်မဖြုန်းတော့ဘဲ လူဝကြီးကို နှုတ်ဆက်ကာ ပန်းဥယျာဉ်မှ ခပ်သွက်သွက် ထွက်ခဲ့လေသည်။

'တော်တော့ကို ယဉ်ကျေးသိမ်မွေ့တဲ့ သူငယ်ပဲ'

လူဝကြီး၏ ချီးကျူးလိုက်သောစကားသံ နောက်ကျောဘက်မှ ထွက်ပေါ်လာ၍ ရယ်ချင်စိတ်ကို မနည်းမျိုသိပ်ကာ အာဒ္ဓိတစ်ယောက် အပြေးတလေးထွက်လာခဲ့ရပါတော့သည်။

× × ×

လမ်းပေါ်ဝယ် လူစည်ကားနေသည်။

လမ်းသွားလမ်းလာများနှင့် ဝင့်ရောလိုက်သည်နှင့် အာဒိုး လူအများကြား၌ မထင်ရှားပါသွားတော့၏။

ခပ်သုတ်သုတ် လျှောက်လာရင်း လက်ဘစ်ဖက်ကို အင်္ကျီအိတ်ထဲနှိုက်ကာ လူဝကြီးထံမှ နှိုက်ယူလာသည့် ငွေအိတ်ကို ဖွင့်လိုက်သည်။

ငွေအိတ်ထဲ၌ ရွှေဒင်္ဂါးများ ရှိနေပါ၏။

အာဒိုး၏ လက်ချောင်းအလေးများ လျှပ်မြန်စွာ လှုပ်ရှားသွားပြီးလျှင် အိတ်အပြင်ဘက်သို့ တုံကြည့်စရာ မလိုဘဲ ရွှေဒင်္ဂါး ဆယ်သုံးပြား ရှိနေသည်ကို တွက်မိလေသည်။

အာဒိုး၏အပြုံး ဖို၍ ပြဲပြင်လာသည်။

သူ့အား စောင့်မျှော်နေမည့် မျောက်အိုကြီး၏ မျက်နှာကို မြင်ယောင်လာ၏။

'စောင့်ကြက်စနဲ့ ဆက်ပြီး စောင့်ပေဦးတော့ - မျောက်အိုကြီးရေ'

စိတ်ထဲမှ ရေရွတ်လိုက်သည်။

လူကြားထဲရော၍ လျှောက်သွားရင်း၊ မျက်လုံးကို အငြိမ်မနေဘဲ ဟိုဟိုသည်သည် အကဲခတ်ကြည့်နေပါ၏။

မကြာပါချေ။ စားသောက်ဆိုင် တစ်ဆိုင်ရှေ့၌ တောင်းယမ်းနေသည့် သူတောင်းစား အဘိုးအိုအား တွေ့မြင်လိုက်ရလေသည်။

'ဟန်ကျတာပဲ- မျောက်အိုကြီး အတွက်လဲ စားသောက်စရာတွေ ပါတည်း ဝယ်သွားရမယ်'



သူ၏ ခြေလှမ်းများကို စားသောက်ဆိုင် ဆီသို့ ဦးတည်လိုက်၏။ ဆိုင်ရှေ့၌ အသင့်စောင့်နေကြသည့် ငြို့ကြို ဆိုင်လုလင်များက....

'ကြွပါဆရာလေး... ကြွပါ'

'ကျင်းလိမ်မြို့မှာတော့ ကျွန်တော်တို့ စားသောက်ဆိုင်က အကောင်းဆုံးပါပဲ၊ ဆရာလေး ကြက်နှစ်ကောင်ရ သုံးဆောင်နိုင်အောင် ရှေဆင်ထားပြီး ရှိပါတယ် ခင်ဗျာ'

ဝိုင်းဝန်း ဖိတ်ခေါ်ကြလေသည်။

အာဒိုးသည် သူငွေးသား တစ်ယောက်၏ ဟန်အမူအရာမျိုးဖြင့် လှမ်းသွား၏။ သူတောင်းစား အဘိုးအိုသည် သူ့အား တွေ့သည်နှင့် အခြားသောဘက်သို့ လှည့်ထွက်သွားရန် ဟန်ပြင်လိုက်၏။

အာဒိုးက ရွှေဒင်္ဂါးသုံးပြား နှိုက်ယူကာ အဘိုးအို၏ ခွက်ထဲသို့ ပစ်ထည့်ပေးလိုက်လေသည်။

ထခြွ ခြွင် မြည်သံများ ထွက်ပေါ်လာသည်။

ရွှေသား စစ်စစ်ဖြင့် ပြုလုပ်ထားသည့် ရွှေဒင်္ဂါးများ ဖြစ်ကြောင်း အာမခံ ပေးနေသည့်နှယ်....

အာဒိုးက...

'ခင်ဗျားက ရှေးလို့လူဆိုးတော့ မတောင်းဘဲ၊ မရှယ့်လူဆိုး ဒေသ ကုန်းပြီး သွားတောင်းတာကိုးဗျ'

ဟု ပြောလိုက်၏။

အဘိုးအို တာမှပြန်မပြောနိုင်မီ ဆိုင်ပေါ် တက်လိုက်၏။ သူတောင်းစား အဘိုးအို တစ်ယောက်အား ရွှေဒင်္ဂါး သုံးပြား

ထိတိ စွန့်ကြဲသူသည်၊ ခဘ်ဉ်ရှဲ တာန်ရှဲ ချမ်းသာကြွယ်ဝမှုမျိုး ဖြင့် မဖြစ်နိုင်ဟု တွေးဆာ ဆိုင်လူသစ်များသည် အာဝှါးကို ချီးသေသာမှု ပြုရင်း၊ ဆိုင်ထဲသို့ ခေါ်ဆောင်သွားကြလေတော့ သည်။

+ × +

နေစောင်း သွားပြီဖြစ်သည်။

ကျောင်းလိမ်မြို့စား စည်ကားဆိုက်မြိုက်နေဆဲ....

အာဝှါးသည် ဝေးခသောက်စရာ အထုပ်များ တစ်ပွေ့ တစ်ပိုက်ဖြင့် မြို့ဘောင်ဘက်ဆီသို့ ခပ်သုတ်သုတ် လျှောက်သွား နေသည်။

လူသွားလူသာ ကျဲသော လမ်းကြားတစ်ခုကို ဖြတ်ကျော် ပြီးလျှင်၊ မြို့စွန် / တစ်[illegible]ရာသို့ ရောက်ရှိလာလေသည်။

အာဝှါးက ဟိုဟိုသည်သည် အကဲခတ်ကြည့်လိုက်၏။ ထို့ နောက် သချိုင်း မြေသို့ [illegible]သွားရာလမ်းထဲ ချိုးဝင်လိုက်၏။

မည်သူမျှ မသွားလိုကြခြင်းကြောင့်၊ မြို့စွန်သချိုင်းသို့ သွား ရာလမ်းဝယ် လူရှင်းနေပါသည်။

အာဝှါးသည် သချိုင်းမြေသို့ ရောက်သည်အထိ လျှောက် သွားပြီး သချိုင်းထဲသို့ဝင် တန်းတန်းမတ်မတ် ဝင်လိုက်သည်။



ဆည်းဆာရောင်ခြည်အောက်ဝယ် မြေပုံ မှတ်တိုင်များ ထိုး ထိုးထောင်ထောင် တည်ရှိနေသည်မှာ အသည်းယပ်တတ်သူများ အဖို့ ချောက်ချားဖွယ်ကောင်းနေပေည် ဖြစ်လေသည်။

ထို့နောက် အာဝှါးမှာ ကိုယ့်အိမ်ကိုယ့်ယာ ပြန်လာသူပမာ လေကလေးချွန်၍ ဝင်သွား၏။ သူ၏ လေချွန်သံကြားလျှင် မျောက်အိုကြီး စည်မျှ ဝေါ်ပွ နေမည်နည်းဟု တွေးကာ သူ၏ မျက်နှာ ပြုံးရွှင်နေလေတော့သည်။

ဤနေရာဝယ် မည်သူ့ကိုမျှ အမှုထားစရာမလိုပါ။

လွတ်လွတ်လပ်လပ် သွားနိုင်သည်။ လွတ်လွတ်လပ်လပ် ပြောဆိုရယ်မောနိုင်သည်။ ငိုနိုင်သည်။ စည်သည့် လူသေ လောင်းအမှ ထ၍ ကန့်ကွက်ကြမည် မဟုတ်ပါချေ။ မြေပုံ မှတ်တိုင်များအုတ်ဂူများ ကြားမှ တွေ့ပတ်လျှောက်သွားရင်း

"ခွေးဘား... လိပ်မြွေး... မဟုန့်တက်တဲ့ ကြက်ဖ"

ဆဲဆို ကြိမ်းမောင်းသံများ ထွက်ပေါ်လာသည်ကို ကြားရ လေသည်။ သချိုင်းမြေအလည်တွင် ဇရပ်ပျက် တစ်ခု ရှိနေ ၏။

ထိုဇရပ်ပျက်ဝယ် လူတစ်ယောက် ဆောင့်ကြောင့် ထိုင်နေ၏။

အမှတ်တမဲ့ ကြည့်လျှင်၊ မျောက်အိုကြီး တစ်ကောင်ဟု ထင်မှတ်ရမည် ဖြစ်လေသည်။

ထိုသူမှာ အာဝှါး၏ ဆရာဟုလည်း ဆိုနိုင်သည်။ မိတ်ဆွေ ရင်းရင်းဟုလည်း ဆိုနိုင်သည့် မျောက်အိုကြီး ဖြစ်လေသည်။

"ဟား....ဟား...ဟား"

အာဝ္ဗီး သဘောကျစွာ ရယ်မောလိုက်၏။

ဇရုပ်ပျက်ပေါ် ခုန်တက်ကာ စားသောက် ဖွယ်ရာများကို မျောက်အိုကြီး ရှေ့၌ ချပေးလိုက်သည်။

'ကျွန်တော် မောလာတယ်ဗျ'

ဟု ပြောကာ ကြမ်းပြင်ပေါ် အိပ်ချလိုက်လေသည်။

မျောက်အိုကြီးက….

'ခွေးအောင်လေး… မင်းအဖေါ်ကို အသက်ရှိတယ်မှ ထင်နေသေးရဲ့လား၊ ပြန်လာတော့မလား၊ ပြန်လာတော့မလားဆိုပြီး တမျှော်မျှော်နဲ့၊ အားလိုက်တာလဲအူလိမ်ပြီး သေတော့မယ်'

ဟု အပြစ်တင် ကြိမ်းမောင်းလိုက်၏။

အာဝ္ဗီးက လဲလျောင်းရင်း နဖူးပေါ် လက်တင်ကာမျက်လုံး မှေးထားလိုက်၏။

'ဆာရင်စားလေ၊ မနက်စာနဲ့ ညစာ ပေါင်းစားဖို့ နှစ်နပ်စာ ဝယ်လာခဲ့တာပဲ'

ဟု ပြောလိုက်၏။

မျောက်အိုကြီး ပို၍မကျေမနပ် ဖြစ်သွားလေသည်။

'ကျောင်းလိမ်မြို့ဟာ တခြားမြို့ကြီးပြကြီးတွေလို မဟုတ်ဘူး၊ သိုင်းလောကသားတွေ အဝင်အထွက် အများဆုံး နေရာကွ၊ မြို့ခံ သိုင်းသမားတွေလဲ အများကြီးရှိတယ်၊ မတော်တဆ မင်းအားတွေနေမှာကို စိုးရိမ်လို့ကွ၊ မဖြစ်ဘူး….မဖြစ်ဘူး… မနက်မိုးလင်းတာနဲ့ ဒီမြို့က ထွက်သွားရလိမ့်မယ်'



ထိုစကားကြားလျှင် တီကိုဆားဖြင့် တို့လိုက်သည့်နှယ် အာဝ္ဗီး၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်သွား၏။ ခေါက်ခနဲ ထ ထိုင်လိုက်ပြီး—

'ဟာ… ဒီလိုတော့ မလုပ်ပါနဲ့ဦး၊ ဒီနေ့မှ ရောက်တယ်…. ချက်ချင်း ထွက်သွားမယ်ဆိုတာ သဘာဝ မကျသေးပါဘူး၊ ကျောင်းလိမ်မြို့မှာ ပျော်ရာတွေ အပုံတပင်ကြီး၊ မြိုးမြိုးမြက်မြက် ရှိနိုင်စရာအခွင့်အရေးတွေလဲ တပုံအပင်ကြီးဗျ'

ဟု ပြောလိုက်လေသည်။

ထိုအခါ မျောက်အိုကြီးက နှာခေါင်းပွပွကြီးကို တရှုံ့ရှုံ့ လုပ်ရင်း—

'မဖြစ်ဘူး… မဖြစ်ဘူး….မင်းလုပ်ချင်ရာ လျှောက်လုပ်နေရင် ငါပါ ဒုက္ခတွေ့လိမ့်မယ်၊ မနက်မိုးလင်းတာနဲ့ ဒီက ထွက်သွားရလိမ့်မယ်'

မျောက်နှာကြီး ရှုံ့မဲ့ကာ ပြောနေသော်လည်း သူ၏မျက်လုံးများကား ပြုံးနေသည်။

အာဝ္ဗီးသည် ကျောင်းလိမ်မြို့မှ ထွက်မသွားလိုသေးမှန်း ရိပ်မိလိုက်၍ တမင်ပြောလိုက်ခြင်း ဖြစ်သည်။

အာဝ္ဗီးက သူ့အား မကျေမနပ်ဖြစ်လာအောင် အမြဲတမ်း လုပ်သည်။ သူကလည်း အာဝ္ဗီး မခံချိမခံသာဖြစ်အောင်လုပ်ရသည်ကို ပျော်ရွှင်မိသည် မဟုတ်ပါလား။

မည်သို့ဆိုစေ သူတို့နှစ်ယောက်၏ တစ်ယောက် အပေါ် တစ်ယောက် တွယ်တာသည့်စိတ်ထားအား ရှားမှရှားပေသည်။

အာဝ္ဂီး နေ့လိုသေးလျှင် မျောက်အိုကြီး နေမည်သာ ဖြစ်သည်။ အလွန်ဆုံး အသွားအလာ ဆင်ခြင်ရန် သတိပေးရုံသာ ရှိသည်။

သိုင်းလောကသားများ ကျင်လည်ကျက်စားရာ အချပ် ဖြစ်၍ စိုးရိမ်မိသော်လည်း အာဝ္ဂီး၏လက်ရည်ကို စိတ်ချပြီးသား ဖြစ်သည်။

အာဝ္ဂီးက

'ဘယ်သွားမှာလဲ'

ဟု မေး၏။

မျောက်အိုကြီး ခေါင်းညိတ်လိုက်သည်။

'တအယ်ပေါ့'

အာဝ္ဂီး၏မျက်နှာ တည်သွားသည်။ ဘာမှမပြောတော့ဘဲ ဇရပ်မျက် နှောက်ဘက်သို့ ဆင်းသွားကာ အုတ်ဂူ တစ်လုံး ပေါ် အိပ်ချလိုက်၏။

မျောက်အိုကြီးမှာ ရယ်ချင်စိတ်ကို မနည်း အောင့် အည်းထားလိုက်ရသည်။ သာလောင်နေပြီမို့ အာဝ္ဂီးယူလာသည့် စားသောက်ဖွယ်ရာများကို အားရပါးရ စားလိုက်၏။

တိုသို့စားရင်းက....

'တကယ်နှုတ်သည်ပါ့ဘဲ'

'အောင်းလိုက်တာ'

'အရသာရှိလိုက်တာ'

'တစ်နှစ်လုံးအတွက် နှစ်နှပ်ရတစ်ခါတည်း၊ ပေါင်း ပြီး စားလိုက်ရလို့ တင်းတိမ်သွားတာပဲ'



ပါးလုပ်ပါလေးလောင်းဖြင့် အာဝ္ဂီးပို၍ မခံချိမခံသာ ဖြစ်လာအောင် ပြောဆိုနေလေသည်။ အာဝ္ဂီးက လက်နှစ်ဘက်ဖြင့် နားကိုပိတ်ထားလိုက်၏။

အလင်းရောင် တဖြည်းဖြည်း နောက်ဆုတ်သွားကာ အမှောင် စိုးမိုးလာလေသည်။ ပုစဉ်းရင်ကွဲ အော်သံများ သာ ချိုင်း မြေအသွင်းဝယ် လွှမ်းမိုးနေ၏။

မျောက်အိုကြီးသည် အာရုံညောင်းသွား၍လော၊ မိုက် ဝ သွား၍လောမသိ၊ တိုင်တစ်တိုင်တွင်မှီ၍ ထိုင်ကာ ဟောက်သံ ရှုံ့ရှိုက်နေ၏။

တစ်ချက်တစ်ချက် အာဝ္ဂီးကို လှမ်းကြည့်သော်လည်း.... အာဝ္ဂီးက သူ့အားအာရုံစိုက်ခြင်း ဘာသိဘာသာ နေလိုက်သည်။

လေးတစ်အိုးကုန်လျှင် တော်တော်သည်ခြင်းကာ ... အလား အိပ်ပျော်လိုက်၏။

မကြာမီ မျောက်အိုကြီး၏ တခေါခေါ ဟောက်သံ များ မှန်မှန်ကြီး ထွက်ပေါ်လာလေတော့သည်။

အာဝ္ဂီးကား မအိပ်နိုင်သေးပေ။

အုတ်ပေါ်ဝယ် ပက်လက်လှန် လှဲလျောင်းရင်း၊ ကောင်း ကင်ပေါ်၌ ထွက်ပြူလာသည့် လဝန်းကို စေ့စေ့ကြည့်နေ၏။

သူ၏ မျက်စိထဲဝယ် လဝန်းကိုမမြင်ပါ။ လဝန်းအစား ရှောင်ဘောလုံးလွန်းသည့် မိန်းကလေးတစ်ယောက်၏မျက်နှာကို မြင်ယောင်နေမိသည်။

ထိုမိန်းကလေးသည် လူ၏အဖေသူးအသား၊ စိတ်နှလုံး တစ်ကိုယ်လုံး သိမ်းကြုံးညှို့ငင်ထားနိုင်ခဲ့သူလေး ဖြစ်သည်။

မြင်လျှင်မြင်ချင်းစတွေ့သက်ဝင်မိသည် ဆိုသည့်စကားမှာ ရယ်စရာမဟုတ်ကြောင်း ထိုမိန်းကလေးနှင့်တွေ့မှ နားလည်သဘောပေါက်ခဲ့ရသည်။

သူတို့နှစ်ယောက် အနှုတ်မထောင် ဆုံစည်းခဲ့ပုံများကိုတယ်သောအခါမှ မေ့ပျောက်သွားနိုင်သည် မဟုတ်ပါ။

လဝန်းကို ငေးမောကြည့်နေရာမှ မျက်တောင်များ မှေးစင်းလာပြီး တဖြည်းဖြည်း အိပ်ပျော်သွားလေသည်။

သို့တိုင် အိပ်မက်ထဲအထိ သူစွဲလမ်းမိသည့် မိန်းကလေးက လိုက်ပါလာခဲ့လေတော့သည်။

✕

'ဒါကအဘအတွက်၊ ဒါကကျွန်တော့အတွက်'

'ဟေ......ဟေ ... ကြည့်လဲလုပ်ပ ဦး'

'ဘာဖြစ်လို့လဲ အဘရဲ့'

'ဘာဖြစ်ရမလဲ၊ မင်းငွေတွေက များနေလို့ပေါ့'

'ဟာ အဘကလဲအညီအမျှ ဝေနေတဲ့ ဥစ္စာ'



'ဘာ အညီအမျှလဲ၊ ငါ့အတွက်တစ်ပုံပေးပြီး၊ မင်းအတွက်နှစ်ခါထပ်ယူတယ်'

'မဟုတ်ပါဘူး အဘရာ'

'ဘာမဟုတ်ရမှာလဲ၊ အညီအမျှဆိုရင် မင်းခဝစုနဲ့ငါ့ခဝစုလဲမလား'

အာဇွိမ်း ပါဝပ်ပိဘ်သားလိုက်လေတော့သည်။

သူနှင့် မျောက်အိုကြီးတို့သည် မကြာသေးမီက ရရှိလာခဲ့သော ခိုးရာပါငွေစများကို ခဝစုခွဲနေခြင်းဖြစ်သည်။

လူရှုပ်သည် တောအုပ်တစ်နေရာမို့ စိတ်တိုင်းကျ ဖြင်းခုံနေနိုင်ကြခြင်းလည်း ဖြစ်ပေသည်။

အာဇွိမ်းပြုံးဖြူသွားလျှင် မျောက်အိုကြီး ရယ်သွမ်းသေးလိုက်သည်။

'ဟင်း...ဟင်း ဟင်း ဒီပုံလုပ်လို့ ဘယ်ရမလဲ၊ ငါက ဆရာပါကွ၊ ငါ့အတွက်တောင် ပိုပေးသင့်သေးတယ်၊ မင်းပိုပေးရင်တောင် ငါက မတရားမယူပါဘူး၊ ကဲ...ကဲ အစကနေ ပြန်ခွဲရအောင်'

ပြောပြောဆိုဆို ငွေစများကို ရောနှောပေါင်းစည်းလိုက်၏။

အာဇွိမ်းက....

'အဘသဘောပဲလေ၊ ကဲ—ဟောဒါက အဘအတွက်၊ ဟောဒါက ကျွန်တော့်အတွက်'

သူ၏လက်များကို ကျွမ်းလည်စွာ လှုပ်ရှားရင်း ငွေစများကို သက်မြို့ရှမ်းကာ တစ်ဆုပ်စီ ပုံခွဲလိုက်၏။

မျောက်အိုကြီးအလှည့်တွင် ငွေစပုံ၌ များများပါလေသည်။

'ဈေးသွားဒါက အားအတွက်၊ ဒါက ကျွန်တော့် အတွက်'

အာဝ္မီးက စိတ်ရှည်လက်ရှည် ခွဲဝေနေသည်။

မျောက်အိုကြီးက လှုပ်တမ်းတိုက်ကြည့်နေ၏။ ငွေစများမှာ နှစ်ပုံဖြစ်လာသော်လည်း ကြာလေကြာလေ အာဝ္မီး၏အပုံက များလာပြီး သူ့အပုံက နည်းနေသည်။

မျောက်အိုကြီး နှာခေါင်းရှုံ့ရှုံ့ဖြစ်လာသလို မျက်လုံးများ ပြူးထွက်လာ၏။

'ဟော့....မင်းဝေစုက များနေပြီ'

ဟု အော်ပြောလိုက်လေသည်။

အာဝ္မီးက....

'အဘအားတော့ လုပ်ပြီးပြီ၊ ငါက တင်ဆုပ်စားစီ အညီအမျှ ခွဲနေတာ ဘယ်လိုလုပ် ကျွန်တော့်ဝေစုက များနေရမှာလဲ'

'အဲဒီ... ခင်ဗျားက ငါ့ကို မျက်စိမပါတွေများ ထင်နေသလား၊ အသက်ကြီးပေမယ့် ဒီလောက်တော့ လျှော်ပါသေးဘူးကွယ့်၊ ခင်ဗျားဝေစုနဲ့ ငါ့ဝေစု ယှဉ်ကြည့်စမ်း'

ငွေနှစ်ပုံမှာ အမှန်တကယ်လည်း ထင်ထင်ရှားရှားကြီး ကွာခြားနေလေတော့သည်။

အာဝ္မီး လက်ခြောက်လိုက်သည်။

'အဘက မကျေနပ်ဘူးဆိုရင် ကျွန်တော်ဘာလုပ်ပေးနိုင်မှာလဲ၊ ကျွန်တော် အဘကို....'

သူ၏စကားမဆုံးမီ မျောက်အိုကြီးက ကြားဖြတ်ပြောလိုက်လေသည်။



'အပိုတွေ မပြောမနေနဲ့၊ ငါခွဲမယ်ဆိုရင်လဲ မင်းကြိုက်မှာမဟုတ်ဘူး၊ ဒီနေ့တစ်နေ့လုံး ခွဲလို့ပြီးမှာမဟုတ်တဲ့အတူတူ ဝေစု ခွဲတဲ့ သိမ်းထားပြီး စားစရာသောက်စရာ လိုက်ရှာကြရင် မကောင်းဘူးလား'

အာဝ္မီး ပြုံးလိုက်သည်။

'ကောင်းပြီလေ၊ အဘစိတ်ချမ်းသာမယ်ဆိုရင် ပြီးတာပါပဲ'

'ဒါဖြင့် ငါသိမ်းထားမယ်'

မျောက်အိုကြီးက ငွေများကိုသိမ်းကျုံးကာ အင်္ကျီအိတ်ထဲ ထည့်ထားလိုက်လေသည်။

ထို့နောက် သူတို့နှစ်ယောက် ထိုင်ရာမှ ထလိုက်ကြ၏။

ထိုစဉ်မှာပင် မြင်းခွာသံ၊ မြင်းလှည်းဘီးလိမ့်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

× ×

'ဘာသံတွေလဲ'

'မြင်းခွာသံတွေပါ'

'ဒါဆိုတော့ မင်းပြောမှလား'

'ကျွန်တော်ပြောတာတော့ မဟုတ်လို့လား'

'မင်း သေသေချာချာ နားထောင်ကြည့်စမ်းပါဦး'

ပြောပြီး မျောက်အိုကြီးအ ပြုံးနေသည်။

အာဝုဓ်းနှင့် သူသည် အမြဲတမ်း ပြိုင်ဆိုင်နေကြသူများ ဖြစ်သည်။

မလိုတမာစိတ်ဖြင့် အနိုင်လိုချင်၍မဟုတ်ပါ။ တစ်ယောက်ကို တစ်ယောက် နောက်ပြောင်ကျီစယ်လိုက်ကြခြင်းကြောင့် ဖြစ်လေသည်။

ယခု သူက အာဝုဓ်းအား အာရုံပိုပြီးထက်မြက်သည့်သဘောအား ဖြင့် ပြောလိုက်ခြင်း ဖြစ်လေသည်။

အာဝုဓ်း မကျေမနပ်ဖြစ်သွား၏။

သေသေချာချာ နားစိုက်ထောင်လိုက်၏။

ထိုအခါ…

'အား'

'အွန့်'

'အမယ်လေး'

စူးရှသောအသံများ ထွက်ပေါ်လာသည်ကို ခပ်သဲ့သဲ့ ကြားလိုက်ရလေသည်။

'ဟာ…တိုက်ပွဲဖြစ်နေတာပဲ'

အာဝုဓ်း လွှတ်ခနဲ ရေရွတ်လိုက်၏။

မျောက်အိုကြီး ခေါင်းညိတ်လိုက်သည်။

'ငါပြောသားပဲ၊ အသံတွေပါလိမ့်'

အာဝုဓ်း ဘာမှပြန်မပြောပါ။



အသံဗလံများ ထွက်ပေါ်လာရာဆီသို့ ဦးတည်အာ ခပ်သွက်သွက် ပြေးလွှားသွားလေသည်။

'ဟေ့…ဟေ့ မင်းဘယ်သွားမလို့လဲ'

မျောက်အိုကြီးအ မေးသည်။

အာဝုဓ်း ဘာမှပြန်မပြောချေ။ ရှေ့သို့ပြေးသွားရာ အတော် ဝေးဝေးသို့ ရောက်သွားပြီဖြစ်၍…

'နေ့…နေဦးလေ၊ ငါလဲလိုက်မှာပေါ့'

မျောက်အိုကြီးအ အော်ပြောရင်း နောက်မှပြေးလိုက်သွားလေသည်။

သူတို့နှစ်ယောက်သည် သစ်ပင်ချုံနွယ်များကြားမှ ဖြတ်ပြေးသွားကြရင်း တောအုပ်တစ်ခုသို့ ရောက်မှန်းမသိ ရောက်လာကြလေသည်။

တောအုပ်ခင်တန်းရှေ့ဝယ် မြင်းလှည်းတစ်စီး ရပ်တန့်ထားသည်ကို တွေ့ရလေသည်။

မြင်းလှည်းအား အရောင်အသွေးစုံသင်စွာ ဝတ်ဆင်ထားသူများက ဝိုင်းရံတိုက်ခိုက်နေကြ၏။

မြင်းလှည်းအား စောင့်ရှောက်ကာ လိုက်ပါလာကြသည့် ရွှေရောင်ဝတ်ဆင်ထားသူ ငါးယောက်ကလည်း အပြင်းအထန် ပြန်လည်ခုခံနေသည်။

တိုက်ပွဲမှာ အလွန်ပြင်းထန်အာ ရွှေရောင်ဝတ်ဆင်ထားသူများ အရေးနိမ့်နေသည်ကို တွေ့ရလေသည်။

အာဝုဓ်းက…

'ဓားပြတွေ မြင်းလှည်းတစ်စီးကို တိုက်ခိုက်နေကြတာပဲ'

ဟု ဖြေပြောလိုက်သည်။

အနီးသို့ ရောက်လာသည့် မျောက်အိုကြီးက...

'ဟုတ်တယ်'

'မြင်းလှည်းနဲ့ လာတဲ့လူတွေတော့ ဒုက္ခပဲ'

'ဘာလဲ ခင်းအေ ဝင်ရှုပ်ချင်လို့လား'

အောင်ဝိုးက မျောက်အိုကြီးကို လှည့်ကြည့်လိုက်လေသည်။

မျောက်အိုကြီးက...

'ကူညီချင်တယ်ဆိုရင် ခင်းဘာအောလုပ်ပေါ့ ငါတော့ မပါဘူး။ နေ့ကင်မှုကြားဆာ အခချောင်ဒုက္ခရောက်ရတယ်လို့ ငါ့ကို လာ မညည်းပြန်နဲ့'

ဟု ပြောလေသည်။

အောင်ဝိုး ဘာမှမပြောပါ။ မြေပေါ်မှ ကျောက်ခဲများ ကောက်ယူကာ ရှေ့သို့တိုးသွားလေသည်။

ထိုအချိန်မှာပင်...

'ဝုန်း'

'အား'

'အမယ်လေး'

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ရွှေရောင် ဝတ်ဆင်ထားသူ ငါးယောက်အနက် သုံးယောက်မှာ လမ်းဘေးမြေများ၏ လက်ချက်မိကာ မြေပေါ် လဲကျသွားကြလေသည်။



ကျန်နှစ်ယောက်သည်လည်း ဓားရာများဖြင့် တစ်ကိုယ်လုံး ခဲသွေး ခြင်းခြင်းနီရဲနေကြလေပြီ။

သို့သော် သူတို့သည် အားလျှော့မပေးဘဲ ပြင်းထန်စွာ ခုခံ တိုက်ခိုက်နေကြဆဲပင်...။

လမ်းဘေးမြေများ အကူမှုလည်း အထိနာလှပေသည်။

ရွှေရောင်ဝတ်ဆင်ထားသူ သုံးယောက်အား သုတ်သင်ရန် လူဆယ်ယောက်ခန့် အသက်ပေးလိုက်ရသည်။

ရွှေရောင်ဝတ်ဆင်ထားသူ နှစ်ယောက်ထားလျှင် ကျန်ခဲ့တော့ သလို လမ်းဘေးမြေများ အကူမှုလည်း ရှစ်ယောက်ခန့်သာ ကျန်ပါ တော့သည်။

ရွှေရောင် ဝတ်ဆင်ထားသူ နှစ်ယောက်မှာ ဓားရာများ ရရှိ ထားပြီဖြစ်ရာ ကြာကြာ ခုခံနိုင်တော့မည် မဟုတ်ပါချေ။

လမ်းဘေးမြေများသည် ရှုညစွာ ဖြသံပေးကာ ဝိုင်း၍ တိုက် ခိုက်နေကြလေတော့သည်။

'ဝုန်း'

'အား'

ကျယ်လောင်သော အော်ဟစ်သံနှင့်အတူ ရွှေရောင်ဝတ်ဆင် ထားသူတစ်ယောက် လဲကျသွားပြန်သည်။

ရွှေရောင်ဝတ်ဆင်ထားသူ တစ်ယောက်သာ ကျန်ပါတော့ ၏။ ထိုလူမှာလည်း အခြေအနေ မဟန်တော့ပါ။

အောင်ဝိုး ခေါင်းယမ်းလိုက်သည်။

'ငါဝင်မကူလို့ မဖြစ်တော့ဘူး'

တီးတိုးရေရွတ်ကာ ရှေ့သို့လှမ်းထွက်လိုက်သည်။ ကောက်ယူလာခဲ့သည့် ကျောက်ခဲများဖြင့် တရစပ် ပစ်ပေါက်လိုက်လေသည်။

'ဝိုး...ဝိုး...ဝိုး'

'အောက်...အောက်...အောက်'

'အား'

'အမယ်လေး'

ဓားပြများ၏ ဦးခေါင်းသို့ ကျောက်ခဲမှန်သွားသည်ဖြစ်ရာ တစ်ယောက်ပြီးတစ်ယောက် မူးမေ့လဲကျသွားလေသည်။

ဓားပြများ ဖရိုဖရဲ ဖြစ်သွား၏။ ရွှေရောင်ဝတ်ဆင်ထားသူများ အစုအဆဲ ခုခံတိုက်ခိုက်ခြင်း ခံရ၍ အချို့မှာ ထိတ်လန့်နေကြပြီ ဖြစ်သည်။

ယခုတစ်ဖန် ပင်ပမ္ပဝင်ရောက် တိုက်ခိုက်ခြင်း ခံလိုက်ရပြီးလျှင် ကမျာကယာ နောက်ဆုတ်လိုက်လေသည်။

ထိုစဉ်...

'ခွပ် ခွပ်.. ခွပ် ခွပ်'

တောအုပ်ထဲမှ မြင်းခွာသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ဓားပြများ မျက်လုံးပြူးကုန်သည်။

'ကူးယဲ့လူတွေလာပြီ'

'ပြေးဟေ့—ပြေးကြ'

တစ်ယောက်တစ်ပေါက် ခေါ်ပြောလိုက်ပြီး ကြောက်ကြောက်လန့်လန့်ဖြင့် ထွက်ပြေးသွားကြလေတော့သည်။



အာဝှိုး ကြောင်အမ်းအမ်းဖြင့် တောအုပ်ဘက်သို့ လှည့်ကြည့်လိုက်၏။ ထိုအခါ တောအုပ်ထဲမှ မြောက်ဒိုကြီး ထွက်လာသည်ကို တွေ့ရလေသည်။ မြောက်ဒိုကြီး လက်ထဲတွင် ဝါးခြမ်းနှစ်ခု ကိုင်ထားပြီး ဝါးလက်ခုပ်သဖွယ် တီးခတ်နေသည်။

'ခွပ် ခွပ်... ခွပ် ခွပ်'

မြင်းခွာသံကဲ့သို့ တခွပ်ခွပ်မြည်သံများ ထွက်ပေါ်နေလေသည်။

အာဝှိုး ပြုံးလိုက်သည်။

'တော်တော်ဉာဏ်များတဲ့ မြောက်ဒိုကြီး'

၎င်းထဲမှ ငွေဝတ်ပြီး မြင်းလှည်းရှိရာသို့ လျှောက်သွားလေသည်။ ရွှေရောင်ဝတ်ဆင်ထားသူသည် မြင်းလှည်းအိမ်ကိုမှီကာ ရပ်နေပေ၏။ ထိုလူ၏တစ်ကိုယ်လုံး သွေးခြင်းခြင်း နီရဲနေ၏။ လမ်းဓားပြများ ထွက်ပြေးသွားကြပြီ ဖြစ်သော်လည်း လက်ထဲမှဓားကို မချသေးချေ။

အာဝှိုး ခေါင်းယမ်းလိုက်သည်။

'အနည်းဆုံး ခြောက်လလောက် ဆေးကုနေရတော့မှာပဲ'

ဟု ပြောလိုက်၏။

ရွှေရောင် ဝတ်ဆင်ထားသူသည် အာဝှိုးအား တောအုပ်ထဲမှ ထွက်လာပြီး လမ်းဓားပြများကို တိုက်ခိုက်ခဲ့မှန်း သိထား၏။

အာဝှိုးသည် ရန်သူမဟုတ်ဘဲ သူ့တို့အား ကူညီခဲ့သည့် မိတ်ဆွေဖြစ်မှန်း ရိပ်မိလျှင် စိတ်လျော့လိုက်ရာ ခွေခနဲ လဲကျပြီး သတိလစ် မေ့မြောသွားလေတော့သည်။

အာဝှိုး ခုံးထူနှိုးလိုက်သည်။

'ငါသာ ရောထ်မလာရင် သူသေံ သေရမှာပဲ'

ဟု ရေရွတ်လိုက်၏။

ထိုစဉ်

'ရှင်ခပြာတာ မှန်ပါတယ်ရှင်'

ချိုလွင်သာယာသော စကားသံလေး ထွက်ပေါ်လာလေသည်။

မြင်းလှည်းတံခါး ပွင့်သွားသည်။ မြင်းလှည်းအတွင်းမှ ချောမောလှပသည့် မိန်းကလေးတစ်ယောက် ထွက်လာသည်ကို တွေ့ရ၏။

သူ၏ ဝင်းပသော မျက်နှာလေးပေါ်တွင် စိုးရိမ်ကြောက်လန့်နေသည့် အရိပ်အယောင်များ အထင်သားပေါ်လွင် နေပေတော့သည်။

ထိုမိန်းကလေး၏ နောက်မှ နောက် ထပ် မိန်း ကလေး တစ်ယောက် ဆင်းလာသည်။ နောက်မှဆင်းလာသည့် မိန်းကလေးအား တွေ့ရလျှင် အာဝှမ်းချက်ချင်း ထိတ်ခနဲ ဖြစ်သွား၏။

ထိုမိန်းကလေးသည် ရင်သပ်ရှုမောစရာ ကောင်းလောက်အောင် နတ်မိမယ်တမျှ ချောမောလှပနေသည် မဟုတ်ပါလား။

ပထမ မိန်းကလေးသည် ဒုတိယ မိန်းကလေးနှင့်ယှဉ်လျှင် ပိုစုန်းကြူးနှင့် လဝန်းကြီးပမာ ကွာခြားချင်တိုင်း ကွာခြားသွားတော့၏။

အာဝှမ်းသည် ကျောက်ရုပ်ကြီးပမာ ငေးတွေတောင့်ကြီး ရပ်လျက် ငေးမောကြည့်ရှုနေမိလေတော့သည်။



ပထမ မိန်းကလေးက…

'လာခင်မလေး မြင်းလှည်းပေါ်မှာပဲ နေပါလား'

စိုးရိမ်ပူပန်သော လေသံဖြင့် ပြောလိုက်သည်။

ဒုတိယ မိန်းကလေး ရက်ကားပြုလိုက်လေသည်။

'ရတယ်- တင်းတင်း ရတယ်'

ဟု ပြောပြီးလျှင်၊ အာဝှမ်းကို ကြည့်ကာ ဦးညွတ်လိုက်သည်။

'ရှင် ဝင်ပြီးကူညီတာကို ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မတို့မှာ ရှင်ပေးတဲ့ အကောက်ပဲ ရှိပါတော့တယ်'

'ဟာ…မဟုတ်တာများ'

အာဝှမ်း လွှတ်ခနဲ ပြောလိုက်သည်။

မိန်းကလေး၏ စကားကြောင့် အားတုန့် အားနာ ဖြစ်သွားသည်။ အမြင်မတော်၍ ဝင်ကူညီခဲ့သည် ဖြစ်သော်လည်း၊ ကျေးဇူးရှင်ကြီး တစ်ယောက်ဟု ကိုယ့်ကိုကိုယ် သဘောမထားချေ။ မိန်းကလေးက ပြောလာသောအခါ၌လည်း အားတုန့် အားနာ ဖြစ်နေလေတော့သည်။

မိန်းကလေးက…

ကျေးဇူးရှင်ရဲ့ နာမည်ကို သိပါရစေလား ရှင်'

ဟု မေးလာသည်။

'အာဝှမ်း' က မိန်းကလေးကို ငေးကြည့်နေပြီး ဘာမှ မပြောချေ။

ထိုစဉ်…

မိုးပေါ်က သူရဲကောင်းကြီး အာဝှမ်း ဆိုတာ သူပေါ့'

စကားသံနှင့်အတူ မျောက်အိုကြီး လှမ်းထွက်လာသည်ကို တွေ့မြင်ရလေသည်။

မိန်းကလေး နှစ်ယောက်စလုံး လှမ်းကြည့်ကြလေသည်။

မျောက်အိုကြီးက ငယ်ရယ်မောမောဖြစ်၍....

'မိုးပေါက သူရဲကောင်း အာဝှိုးဟာ မကောင်းသူကို ပယ်တယ်၊ ကောင်းသူကို ဖယ်တယ်၊ လစ်ရင်ခိုးတယ်- မိရင် ပြန်ပေးတယ်'

'ဟာ'

အာဝှိုး ဒေါထိတ်တလန့် အော်လိုက်သည်။

မျောက်အိုကြီးကား သဘောကျစွာဖြင့် တဟားဟား ရယ်မောနေလေတော့သည်။

မိန်းကလေး နှစ်ယောက်စလုံး ပြုံးမိ ကြလေသည်။

မျောက်အိုကြီးက....

'သူရဲကောင်းကြီး အာဝှိုးဟာ'

ယခု တင်ကြိမ် အာဝှိုး လက်ပိုက်ကြည့်မနေနိုင်တော့ပါချေ။

'တော်...တော်ပါတော့ဗျာ'

'ဟား...ဟား...ဟား'

ထိုစဉ်...

'ခွပ်ခွပ်... ခွပ်ခွပ်'

မြင်းခွာသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

တစ်စက်၊ ဆိုသည့် မိန်းကလေးက....



'ဟော...ကျုပ်မတို့ကို ကူညီမယ့်လူတွေ လိုက်လာပြီ' ဟု ရေရွတ်လိုက်၏။

မှန်ပေသည်။ တောလမ်းတစ်ဖက်မှ မြင်းစီးသမား တစ်စု ထွက်ပေါ်လာနေသည်ကို တွေ့မြင်ရလေသည်။

အာဝှိုးနှင့် မျောက်အိုကြီးတို့ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်မိကြသည်။

'ကူညီမယ့်လူတွေ ရောက်လာပြီဆိုလျှင် တို့သွားဖို့ပဲ ရှိတော့တာပေါ့'

မျောက်အိုကြီးက ပြောလေသည်။

အာဝှိုး ထွက်မသွားလိုသေးပါ။ လှပချောမောလှန်းသော သခင်မလေး ဆိုသူ၏ မျက်နှာလေးကို ငေးကြည့်နေလိုပါသေး၏။

အာဝှိုး ငိုင်နေသည်ကို မြင်လျှင်၊ မျောက်အိုကြီးက အနီးသို့ ချဉ်းကပ်လာပြီးလျှင်....

'မင်း ဘာငိုင်နေတာလဲ၊ မင်းဟာ စောရ တစ်ယောက်ဆိုတာ မမေ့စေပါနဲ့ကွာ'

ဟု တိုးတိုး သတိပေးလိုက်လေသည်။

စောရဆိုသည့် စကားလုံးကို ကြားရလျှင် အာဝှိုး၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။ လှပချောမောသည့် မိန်းကလေးသာ သူ့ကို စောရတစ်ယောက် ဖြစ်ကြောင်း သိသွားလျှင်....

အာဝှိုး ရှည်ရှည်ဝေးဝေး မစဉ်းစားတော့ပါ။ မိန်းကလေးကို ကြည့်ကာ....

'ကျုပ်တို့ ခွင့်ပြုပါဦးဗျာ'

စကား ဆုံးလျှင် ခပ်သွက်သွက် ပြေးထွက်ခဲ့လေသည်။

အာဝုိး၏ လုပ်ရပ်ကြောင့် မိန်းကလေး ကြောင်အမ်းအမ်း ဖြစ်သွားသည်။

မျောက်အိုကြီးက သာဘာဝကျစွာ ပြုံးရင်း နောက်မှ လိုက်သွား၏။

ထိုအချိန်တွင် မြင်းစီးသမားများ နီးကပ်လာပြီဖြစ်ရာ၊ မိန်းကလေးတို့က ဝမ်းသာ အားရ ဆီးကြိုလိုက်ကြလေသည်။

လောလောဆယ် အချိန်တွင် အာဝုိးကို မေ့သွားကြသည်။

အာဝုိးနှင့် မျောက်အိုကြီးတို့သည်လည်း၊ မိန်းကလေးတို့နှင့် ဝေးရာသို့ ထွက်လာခဲ့ကြသည်။

ထိုအချိန်မှ စ၍ လှပချောမောလွန်းသော မိန်းကလေး၏ ပုံရိပ်သည် အာဝုိးနောက်သို့ တစေ့ာက်ကောက် လိုက်ပါလာခဲ့လေတော့သည်။

× × ×

လွင်စာပေ
မှတ်ပုံ ၁၅/၃၁၈၊ ဝိဇယ
တောင် ၄ ဖြ။

ဆာစ်လုတ်စားပူး သူ့ကျေးဇူး....

'မအောက် အိ အီး အွတ်'

ကြက်တွန်သံများ ထွက်ပေါ်လာသည်။

အားရှုဆီဝယ် ဆောင်နိမ့်များ ထွက်ပေါ်လာပြီဖြစ်သည်။

မကြာမီ မိုးစင်စင် လင်းပေတော့မည်။

ကျင်းလိမ်မြို့သည် ပွင့်သစ်စ ရောင်ခြည်နှင့်အတူ လှုပ်ရှား ဆက်ဝင်လာလေသည်။

'အာဝုိး.... ထတော့... ထတော့'

မျောက်အိုကြီးက လာနှိုးမှ အာဝုိး လန့်နိုးလာတော့သည်။ မျက်လုံးဖွင့်ကြည့်၍ မိုးလင်းတော့မည်ဖြစ်သည်ကို တွေ့ရလျှင်၊ ခေါက်ခနဲ ထထိုင်လိုက်သည်။

သူသည် အုတ်ဂူတစ်လုံးပေါ်ဝယ် အိပ်ပျော်သွားခဲ့ခြင်း ဖြစ်ပေသည်။

မျောက်အိုကြီးက...

'ထ...ထ ငါတို့ဒီက ထွက်သွားကြရအောင်'

ဟု ပြောလေသည်။

အာဝိုးသည် ထိုစကားကြားလျှင် မျောက်အိုကို မျက်လုံး ပြူး၍ ကြည့်ကာ...

'ဒီက ထွက်သွားတော့မယ်... ဟုတ်လား'

'ဟုတ်တယ်လေ'

'ဟာ...'

'ဘာလဲ... မင်းက မသွားချင်ဘူးလား'

'ကျွန်တော်တို့ ဒီကို ရောက်လာတာ တစ်ရက် နှစ်ရက် ပဲရှိသေးတယ်၊ နေပါဦးလားဗျာ'

'မနေနိုင်ဘူးကွ၊ မင်းက သွားချင်ရာ သွားနေပြီး၊ ငါက တော့ ဗိုက်ဆာလို့ သေတော့မယ်၊ မင်းပြန်လာတဲ့ အထိ ထိုင်စောင့်နေရတာ ဘယ်လောက် ဒုက္ခရောက်တယ်မှတ်သလဲ'

အာဝိုးသည် ကျောင်းလိမ်မြို့မှ ထွက်မသွားလိုသေးပါ။ သူ စွဲလမ်းမိသည့် မိန်းမလှလေးသည် ကျောင်းလိမ်မြို့တွင် ရှိကောင်း ရှိနေနိုင်သည်။

ထိုမိန်းမလေးအား ရှာဖွေဦးမည်။

ကျောင်းလိမ်မြို့တွင် ရှာမတွေ့၍ ထွက်သွားနိုင်မည်ဖြစ်သည်။ အခြားသော မြို့ရွာများတွင် သွားရောက်ရှာဖွေဦးမည်။



ခြေသလုံးအိမ်တိုင် လှည့်လည်သွားလာရင်း အမည်မသိရ သော၊ မည်သည့်အရပ်တွင် နေထိုင်သည် မသိရသော မိန်းမလှ လေးကို လိုက်လံရှာဖွေရပေဦးမည်။

ထိုသို့ ရှာဖွေနေခြင်းမှာ မိန်းမလှလေး၏မျက်နှာကို မြင်ရရုံ လေးဟူသော မျှော်လင့်ချက်သာလျှင် အာဝိုးရင်ထဲ ရှိနေပေ သည်။

ထို့ထက် ပိုပြီး မည်သို့မျှ မျှော်လင့်ချက်မထားပါ။ မျှော်မှန်း မထားပါ။

မိန်းမလှလေး၏ဘဝနှင့် သူ၏ဘဝ မည်သို့မျှ ပေါင်းစပ်၍ ရမည်မဟုတ်သည်ကို ကောင်းစွာ နားလည်ထားပေသည်။

ကျောင်းလိမ်မြို့တွင် နှံ့နှံ့စပ်စပ် ရှာဖွေခြင်း ပြုရသေးသဲ ထွက် မသွားလိုပါချေ။ ကျောင်းလိမ်မြို့၌ မိန်းမလှလေး ရှိနေသည်ကို မသိဘဲ ထွက်သွားမိပြီဆိုပါအံ့။ ကျောင်းလိမ်မြို့သို့ ပြန်ရောက်လာ စရာ အကြောင်းမရှိသဖြင့် မိန်းမလှလေးနှင့် တစ်သက်လုံး ဝေး သွားရတော့မည် ဖြစ်ပေသည်။

အာဝိုးက မျောက်အိုကြီးကို ကြည့်ကာ...

'ကျွန်တော်က လိုလေသေးမရှိအောင် ရှာဖွေကျွေးမယ် ဆိုရင်ကောဗျာ'

ဟု မေးလိုက်လေသည်။

မျောက်အိုကြီး အံ့သြချင်ဟန် ဆောင်လိုက်လေသည်။

'ငါ့ကို လိုလေသေးမရှိအောင် ရှာဖွေကျွေးမယ် ဟုတ်လား'

'ဟုတ်တယ်'

'ဟား…ဟား…ဟား။ ငါ မယုံဘူးကွာ၊ မင်းက ပြောချင်ရာ ပြောပြီး လုပ်ချင်ရာ လုပ်တတ်တဲ့ ကောင်ပဲ'

'ကျွန်တော် တကယ် ပြောတာပါဗျာ'

'မလိုချင်ဘူး ကွ'

မျောက်အိုကြီးက ခပ်မာမာ ပြောသည်။ အာဝိုး မကျေမနပ် ဖြစ်သွားလေသည်။

'မျောက် အိုကြီး၊ ဒီလိုလုပ်တာတော့…'

သူ၏ စကားဆုံး မီ မျောက်အိုကြီးက ကြားဖြတ်ပြောလိုက်လေသည်။

'မဖြစ်ဘူးကွ၊ မနက်စာ ညစာ ပေါင်းမစားနိုင်တော့ဘူး'

'ဒီလို မဖြစ်စေရပါဘူးဗျာ'

'ဘာ… ဘယ်လို'

'မနက်စာက သပ်သပ်၊ ညစာက သပ်သပ် စားရပါစေ့မယ် ဗျာ'

မျောက်အိုကြီးက အာဝိုးမြင်အောင် မျက်နှာကို ထပ်တက် လှည့်ကာ ပြုံးလိုက်လေသည်။

ပြီးမှ အာဝိုးဘက်သို့ ပြန်လှည့်ကာ မှုန်ကုပ်ကုပ် မျက်နှာ ထားဖြင့်…

'မင်းက မနက်စာနဲ့ ညစာ ပေါင်းစားရလို့ ငါ့ဗိုက်ထဲ အစာမကြေ ဖြစ်နေတယ်၊ ကနေ့မှ ကောင်းကောင်းမစားရရင် ငါ ဒုက္ခရောက်ရတော့မှာပဲ၊ မဖြစ်ဘူး …မဖြစ်ဘူး'

အာဝိုးက လျင်မြန်စွာ ပြောလိုက်သေးသည်။

'ကျွန်တော်က အကောင်းဆုံး၊ အရသာအရှိဆုံးဆိုတဲ့ စားသောက်စရာတွေ ယူလာပြီး ကျွေးပါ့မယ်ဗျာ'

မျောက်အိုကြီး မျက်လုံး ပြူးကာ…

'မင်း တကယ်ပြောတာလား'

ဟု မေးလေသည်။

အာဝိုး ဝမ်းသာသွားသည်။ သူ၏ စကားကို စိတ်ဝင်စားကာ လက်ခံလာလျှင် ကျွန်းသိမ်မြို့၌ ဆက်လက် နေနိုင်ဦးမည် မဟုတ်ပါလား။

အာဝိုး ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။

'တကယ်ပါဗျာ'

'အေးလေ…မင်းရဲ့စကား မှန်မမှန် စောင့်ကြည့်ရဦးမှာပေါ့'

'ကောင်းပြီ၊ စိတ်ချပြီးသာ စောင့်နေပေတော့၊ ကျွန်တော် ချက်ချင်း ပြန်လာခဲ့မယ်'

စကားဆုံး လျှင် အာဝိုးက ဘုတ်ဂုံပေါ်မှ ခုန်ဆင်းလိုက်သည်။ ထို့နောက် သစ်ပင်အောက်မှ ခပ်သွက်သွက် ပြေးထွက် သွားလေသည်။

အာဝိုး ကိုကြည့်ကာ မျောက်အိုကြီးက သဘောကျစွာ ရယ်မောလိုက်လေသည်။

'ဟား… ဟား… ဟား'

ရယ်မောသံများ သစ်ပင်ပြင်ဝယ် ကျယ်လောင်စွာ ထွက်ပေါ်လာလေတော့သည်။

\+ + +

ကျင်းလိမ်မြို့တည် ထုံးစံအတိုင်း လူစည်ကားနေသည်။

အရောင်အသွေး စုံလင်စွာ ဝတ်ဆင်ထားကြသူများသည် လမ်းများပေါ်ဝယ် ရယ်ရယ်မောမောပြောဆိုရင်း သွားလာလှုပ်ရှားနေကြသည်။

အာဝှီးသည် လမ်းကြီးပေါ်သို့ ရောက်ရှိလာပြီ ဖြစ်လေသည်။

ဟိုဟိုသည်သည် အကဲခတ်ကြည့်ရင်း မြို့လယ်သို့ ဦးတည်၍ လာခဲ့လေသည်။

သူ၏ခြေလှမ်းများသည် မြို့လယ်ရှိ ပန်းဥယျာဉ်ဆီသို့ ဦးတည်နေလေသည်။

ပန်းဥယျာဉ်တွင် လာရောက်အပန်းဖြေကြသူများသည် သူ့အတွက် သားကောင်များဖြစ်သည်ဟု ယုံကြည်ထားသည်မဟုတ်ပါလား။

သို့သော် ပန်းဥယျာဉ်အနီးသို့မရောက်မီ သူ၏ဦးတည်ချက် ပြောင်းလဲသွားရလေတော့သည်။

အကြောင်းမှာ အဆောက်အအုံကြီး တစ်ခုအနီးသို့ ရောက်လျှင် အတွင်းဘက်မှ မွှေးကြိုင်သင်းပျံ့သောဟင်းနံ့များ ရှူရှိုက်လိုက်ရခြင်းကြောင့် ဖြစ်ပေသည်။

အာဝှီးက နှာခေါင်းတရှုံ့ရှုံ့ဖြင့် အနံ့ခံယိုက်သည်။

'မွှေးလိုက်တာ၊ တော်တော်အရသာရှိမှာပဲ၊ ဗျောက်အိုကြီးသာ စားရမယ်ဆိုရင် ငါ့ကို ကျေနပ်သွားမှာပဲ'

ဟု တွေးမိလေသည်။



ချက်ချင်းပင် အဆောက်အအုံကြီးအနီးသို့ ချဉ်းကပ်သွားကာ အကဲခတ်ကြည့်လိုက်လေသည်။

လုပတင့်တယ်စွာ ဆောက်လုပ်ထားခြင်းကြောင့် ချမ်းသာကြွယ်ဝသူတစ်ယောက် ပိုင်ဆိုင်သည့် အဆောက်အအုံ ဖြစ်ကြောင်း သိနိုင်၏။

အဆောက်အအုံတံခါးကြီး ဖွင့်ထားသည်။

မွှေးကြိုင်သော ဟင်းနံ့များသည် အပေါ်ထပ်မှ ထွက်ပေါ်လာခြင်း ဖြစ်ပေသည်။

အာဝှီးက ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်၏။

လမ်းသွားလမ်းလာများဖြင့် စည်ကားနေသည် ဖြစ်သော်လည်း မည်သူကမျှ သူ့အား ဂရုစိုက်ကြမည်မဟုတ်ချေ။

စောရအလုပ်သည် တစ်ခါတစ်ရံ ရဲဘင်း ဖျက်ဆက်မှုကို အားကိုးရကြောင်း၊ အာဝှီး နားလည်သဘောပေါက်ထားပြီး ဖြစ်လေသည်။

ထို့ကြောင့် လူအများ စည်စည်ကားကား ရှိနေသည့်တိုင် အရှုမဲ့အမှတ်မဲ့ သွားလာနေကြသည်ကို အခွင့်ကောင်းယူကာ အပေါ်ထပ်သို့ ခုန်တက်လိုက်လေသည်။

သူ၏ခန္ဓာကိုယ်သည် ပေါ့ပါးဖျတ်လတ်စွာဖြင့် အဆောက်အအုံအပေါ်ထပ် ဝရန်တာပေါ်သို့ ရောက်ရှိသွား၏။

အာဝှီးက ဝရန်တာတွင်ရပ်ကာ လမ်းပေါ် ကြည့်လိုက်သည်။ အိမ်သားတစ်ယောက် မျှင်းရိုနေသဖြင့် ဝရန်တာ၌ရပ်ကာ လမ်းပေါ်ကြည့်ရှုနေသည့်အသွင်မျိုး ဖြစ်ပေသည်။

မည်သူမျှ သူ့အားအရေးမစိုက်ကြသည်ကိုမြင်လျှင် အာဂွိုး ပျော်သွားလေသည်။ အိမ်ထဲသို့ လှည့်ကြည့်လိုက်၏။ ထိုအခါ အပေါ်ထပ်အိမ်ဦးခန်းဝယ် စားပွဲတစ်လုံးရှိနေပြီး စားသောက်ဖွယ်ရာများ ပြင်ဆင်ထားသည်ကို တွေ့ရလေသည်။

လူရိပ်လူယောင်အား လုံးဝမတွေ့ရပါ။

အိမ်ပိုင်ရှင်စားသောက်ရန် ပြင်ဆင်ထားပုံရသည်။ အိမ်သား နည်းပါးဟန် သည်း ရှိလေသည်။

အာဂွိုး ကျေနပ်သွား၏။

'မျောက်အိုကြီးတော့ ကျေနပ်သွားမှာပဲ'

စားသောက်ဖွယ်ရာများကို မျောက်အိုကြီးအတွက် ယူသွားရန် ဆုံးဖြတ်လိုက်သည်။ သို့သော် ချိုင့်၊ ခွက် မရှိသဖြင့် ထည့်ယူသွားဖို့ အခက်အခဲရှိပေသည်။

ဟိုဟိုသည်သည် ကြည့်နေစဉ် မွှေးကြိုင်သင်းပျံ့သော ဟင်းနံ့များက သူ့အနားသို့ ဝေ့ဝဲ တိုးဝင်လာပြန်သည်။

မိုးလင်းကတည်းက ဘာမှမစားရသေးသဖြင့် ဗိုက်ထဲ တကြုတ်ကြုတ်မြည်အောင် ဆာလောင်လာလေတော့သည်။

အဆင်သင့်ပြင်ဆင်ထားသည့် စားသောက်ဖွယ်ရာများက သူ့အား လက်ယပ်ခေါ်နေသကဲ့သို့ ရှိနေပါသည်။

'နည်းနည်းစားလိုက်ဦးမှပဲ၊ ဒါမှ မျောက်အိုကြီးကို ကြွားနိုင်မှာ'

အာဂွိုးက စားပွဲအနီးသို့ လျှောက်သွား၏။

ထို့နောက် ဟင်းတစ်တုံးနှိုက်ယူကာ စားလိုက်လေသည်။



ကျွမ်းကျင်သော စားဖိုမှူး၏လက်ရာဖြစ်ရာ ဟင်းလျာများမှာ အရသာရှိလှပေတော့သည်။

ဟင်းတစ်တုံးစားပြီး အာဂွိုး လျှာလည်သွားလေသည်။

'ကောင်းလိုက်တာ၊ မျောက်အိုကြီးကြိုက်မှာ သေချာတယ်'

ပြောပြောဆိုဆို နောက်ထပ်ဟင်းလျာတစ်တုံး နှိုက်ယူကာ စားလိုက်ပြန်သည်။

ဟင်းတစ်တုံးစားပြီးနောက် အရှိန်သတ်၍ မရတော့ချေ။

ဟိုဟင်းတစ်တုံး၊ သည်ဟင်းတစ်တုံး နှိုက်ယူကာ စားမိသည်။ စားရင်းစားရင်း အားမလိုအားမရ ဖြစ်လာသည်။

အရသာရှိလှန်းလှသဖြင့် မျောက်အိုကြီးကိုပင် မေ့လျော့သွားသည်။

ခုံတစ်လုံးဆွဲယူကာထိုင်ရင်း အကျအန စားလိုက်လေတော့သည်။

ဆာဆာနှင့် စားလိုက်ရာ တစ်ခဏအတွင်းပင် ဟင်းလျာများ ကုန်စင်ပြောင်သွားသည်။ အာဂွိုးလည်း ဗိုက်တင်းအောင် စားသွားတော့သည်။

'အား... ကောင်းလိုက်တာ၊ ထိုင်ရာကတောင် မထနိုင်တော့ဘူး'

အာဂွိုးက ကျေကျေနပ်နပ်ကြီး ညည်းလိုက်သည်။

မည်သို့ဆိုစေ၊ ထိုင်ရာမှ ထရခက်သော ဖြစ်လေသည်။

အာဂွိုး ထပ်လိုက်စဉ်မှာပင် ရုတ်တရက် ခြေသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

အာဂွိုး မျက်လုံးပြူးသွား၏။

'ဟာ....အပေါ်ထပ်ကို လူတစ်ယောက် တက်လာပါလား'

အာဝိုး ထိတ်လန့်သွား၏။

ပုန်းကွယ်စရာနေရာ တပျာကယာ ရှာဖွေလိုက်သည်။

ထိုအချိန်မှာပင် အပေါ်ထပ်သို့ တက်သည့် လှေကားမှ လူတစ်ယောက် ဘွားခနဲပေါ်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

အာဝိုး၏ ဝရန်တာဘက်သို့ထွက်ရန် ခြေလှမ်းပြင်လိုက်၏။

ထိုစဉ် အပေါ်ထပ်သို့တက်လာသူမှာ သူ့အား တွေ့မြင်သွားလေသည်။

ထိုလူသည် စားသောက်ဖွယ်ရာများထည့်ထားသည့် လင်ပန်းကို သယ်ဆောင်လာသည့် အလုပ်သမားတစ်ယောက် ဖြစ်လေသည်။

အာဝိုးကိုတွေ့လျှင်....

'ဟော့...မင်းဘယ်သူလဲ'

ဟု ဖိအော်မေးလေသည်။

အာဝိုးက....

'ညွှိဆည်'

'ဟာ....'

'ညွှိသည်လေဗျာ'

'ဟော့...မင်းလိမ်ပြောနေတာ၊ သခင်ကြီးက ဘယ်ညွှိသည့်ကိုမှ အပေါ်ထပ်ကို မဖိတ်ခေါ်ဘူးကွ၊ မင်းဘယ်သူလဲ၊ ဟာ....



ထိုလူသည် မေးမြန်းရင်း အာဝိုးဝဲလိုက်၍ စားသောက်စရာများ တက်တက်စင် ပြောင်သွားသည်ကို သတိပြုမိကာ အော်လိုက်လေသည်။

သူ၏အသံကြောင့်....

'ဘာဖြစ်တာလဲ...ဘာဖြစ်တာလဲ'

'အပေါ်ထပ်မှာ ဘာတွေဖြစ်နေတာလဲ'

အောက်ဘက်မှ ဆူညံညံ အသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

'ဖြစ်ဘူး လစ်မှပဲ'

အာဝိုးသည်၊ အခြေအနေမဟန်မှန်း သိလျှင် ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ ဝရန်တာဆီသို့ ပြေးထွက်လိုက်သည်။

ဝရန်တာကို ခြေချမိလျှင်–

'သူခိုးဗျို့....သူခိုး'

သူ့အား တွေ့မြင်သွားသူက အသံကုန် ဟစ် အော် လေတော့သည်။

အာဝိုးအတွက် ရွေးချယ်စရာလမ်း မရှိတော့ပါချေ။

ဝရန်တာမှတစ်ဆင့် အပြင်ဘက်ခုန်ထွက်လိုက်သည်။ လမ်းပေါ်၌ လှုပ်ရှားသွားလာနေသူများသည်အာဝိုးကိုလှမ်းကြည့်ကြလေသည်။

ထိုအချိန်တွင်....

'သူခိုး... သူခိုး'

အိမ်ထဲမှ အော်ဟစ်သံများ ပို၍ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ လူတစ်ယောက်သည် ဝရန်တာသို့ ပြေးထွက်လာပြီး၊ အာဝှိုးကို လက်ညှိုးညွှန်ကာ အော်ဟစ်လိုက်ပြန်၏။

'သူဟာ သူခိုးပဲ၊ သူ့ကိုဝိုင်းဖမ်းကြပါ၊ လွှတ်မနေနဲ့'

လမ်းသွားလမ်းလာများ ရုတ်ရုတ်သဲသဲ ဖြစ်သွားကြလေသည်။

'သူခိုး…သူခိုး'

တစ်ယောက်က ထအော်သည်။

ထိုအခါ ကျန်လူများကလည်း ရောသောင်ကာ အော်ကြလေတော့၏။

'သူခိုး…သူခိုး'

ဆူဆူညံညံ အသံများမှာ တစ်ယောက်မှ တစ်ယောက်… ကူးစက်သွားပြီး ဝန်းကျင်တစ်ခုလုံး ပျံ့နှံ့သွားသည်။

တချို့လူက…

'ဝိုင်းဖမ်းကြဟေ့'

'မလွတ်စေနဲ့ ဝိုင်းထား'

'သူခိုးကိုမိရင် မှတ်လောက်သားလောက်ဖြစ်အောင် ဆုံးမရလိမ့်မယ်'

အော်ပြောကာ ဝိုင်းလာကြလေတော့သည်။

အာဝှိုး မျက်လုံးပြူးသွားသည်။

'အခုမှ အကြီးအကျယ် ဒုက္ခရောက်ပြီ'

လွှတ်ခနဲ ညည်းညူလိုက်၏။



ညည်းညူနေရုံဖြင့်မပြီးတဲ့ လွတ်မြောက်အောင် ကြိုးစားရမည် ဖြစ်ကြောင်း ကောင်းစွာ နားလည်ထားပေသည်။

'မဖြစ်ဘူး… ပြေးမှ'

ရှည်ရှည်ဝေးဝေး တွေးတောစဉ်းစားမနေတော့ဘဲ လူရှင်းရာဘက်သို့ ဦးတည်ကာ သုတ်ခြေတင်လေသည်။

'ပြေးပြီဟေ့…ပြေးပြီ'

'လိုက်ဖမ်းကြဟေ့'

ပျော်ပျော်နေတတ်သည့် ကျွဲလင်းမြို့သားများသည် သူခိုးလိုက်ဖမ်းရသည်ကိုပင် ပျော်စရာကစားပွဲတစ်ခုပမာ ထဆော် ဆော်ကြပေသည်။

တဟားဟား တဟားဟား အော်ဟစ်ရင်း အုပ်စုဖွဲ့ကာ လိုက်ကြလေသည်။

ဖမ်းမိသွားလျှင် သက်သာမည် မဟုတ်မှန်း နားလည်မိရှာသော အာဝှိုးမှာ အားကုန်မြေပြေးနေရပေတော့သည်။

လမ်းပေါ်ဝယ် တွေ့ရသူများသည် ပျော်ရွှင်ဖွယ် ကစားနည်းတစ်ခုကို တွေ့ရသည့်အလား ပါဝင်ဆင်နွှဲမည့် သဘောဖြင့်…

'ဟေ့…ဟေ့…မပြေးနဲ့'

အော်ဟစ်ကာ ပြေးဝင်လာကြသည်။

ရှေ့မှလည်းကောင်း၊ ဘေး တစ်ဖက်တစ်ချက်မှ လည်းကောင်း၊ နောက်မှလည်းကောင်း ဝိုင်းအုံလာကြသည်။

အာဝှိုးသည် ဖြေရင်း ပြေးရင်း တွေ့သမျှလူ အားလုံး၏ ဦးခိုင်းလိုက်ခြင်း ခံရသောအခါ ကြောက်ရွံ့ ထိတ်လန့်လာလေတော့သည်။

'ခုတွဲ... ငါ့ကိုမိသွားတော့မှာပဲ'

ဆက်၍ပြေးလည်း လွတ်မည်ဟုအသိသည်ကို တွေးမိသွား၏။ ထို့ကြောင့် ပတ်ဝန်းကျင်ကို အကဲခတ် ကြည့်လိုက်လေသည်။

အရှေ့ဘက် မလှမ်းမကမ်း လမ်း၏ ဝဲ ဘက် အခြမ်းတွင် ဘုန်းကြီးကျောင်းတစ်ခု ရှိနေသည်ကို တွေ့ရ၏။ ဘုန်းကြီးကျောင်းပေါ်သို့တက်သည့် ကျောက်လှေကား တစ်ချောင်းဝယ် သူတောင်းစားများ တန်းစီ ထိုင်နေကြသည်ကို တွေ့ရ၏။

ထိုလူများသည် ခွက်များကို ရှေ့၌ချကာ ဘုန်းကြီးကျောင်းသို့ လာရောက်သူများထံမှ တောင်းရမ်းနေကြ၏။

'ဘုန်းကြီးကျောင်းထဲဝင်ပြေးရင် လွတ်မှာပဲ'

အာဝှိုး စိတ်လှုပ်ရှားလာသည်။

ချက်ချင်းပင် ဘုန်းကြီးကျောင်းဆီသို့ ဦးတည်ပြေးလွှားသွားလေသည်။

'လိုက်ဟာ...ဖမ်းဟ'

နောက်မှ လူအုပ်ကြီးကလည်း ကြွေးသံပေးရင်း အလွတ်မပေးဘဲ လိုက်လာလေသည်။

အာဝှိုးသည် ဘုန်းကြီးကျောင်းရှေ့သို့ ရောက် သွား လျှင် သူတောင်းစားများက သူ့အား ငိုင်းကြည့်ကြသည်။

အာဝှိုး ဂရုမစိုက်အားဘဲ ကျောက်လှေကားထစ်များကို ခုန်ကျော်ကာ ဘုန်းကြီးကျောင်းပေါ်သို့ တက်ပြေးလေသည်။



သူတောင်းစားများသည် သူ့အား တားဆီးခြင်းမပြုဘဲ ငိုင်ကြည့်နေကြ၏။ ဘုန်းကြီးကျောင်းထဲသို့ လှမ်းဝင်လျှင် လူ တစ်ယောက်နှင့် ဝင်တိုက်မိမလို ဖြစ်သွားရာ အာဝှိုး ကမူးယာ ကိုယ်ရှိန်သတ်လိုက်ရလေသည်။

'ဟေ ပြေး ရှုပ်ပြေး ပြေးလာနေပုံ ထောက်တော့ မင်းဟာ လူများပစ္စည်းကို အချောင်သွားနှိုက်ပြီးပြီ ထင်တယ်'

ကြားသံ ထွက်ပေါ်လာသည်။

အာဝှိုးက ထိုလူအား သေသေချာချာ ကြည့်လိုက်၏။ ထိုလူမှာ သူတောင်းစားကြီး တစ်ယောက် ဖြစ်နေသည်။

ထိုလူအား အာဝှိုး မှတ်မိလိုက်ပါသည်။ မနေ့က ညနေ ဥယျာဉ်ထဲ၌ တွေ့ခဲ့သော သူတောင်းစားအိုကြီး ဖြစ်ပေသည်။

'ခင်ဗျားကိုး'

ထိုအခါ အို(ဝ)သူတောင်းစားအိုကြီးက...

'ငါပြောတာ မှန်တယ် မဟုတ်လား၊ မင်းကိုမိသွားရင်တော့ မြီး အမဲဖျက်ကြလိမ့်မယ်'

ဟု ပြောပြန်သည်။

အာဝှိုး မကျေမနပ် ဖြစ်သွားသည်။

'ဒါ ကျုပ်အလုပ်ပါ၊ ခင်ဗျားနဲ့ဆိုင်ပါဘူး၊ အေးအေးဆေးဆေး တောင်းစားနေလိုက်စမ်းပါဗျာ'

ပြောကာ ဘုန်းကြီးကျောင်းအတွင်းဘက်သို့ဝင်ပြေးရန် ခြေလှမ်းပြင်လိုက်လေသည်။

အာဘိုးအိုက...

'ဘုံကျောင်းတစ်ဘက် ထွက်ပေါက်တံခါးပိတ်ထားတယ် ကွ၊ ခင်းထွက်သွားလို့ရမှာ မဟုတ်ဘူး၊ အ ထဲ ဝင် သွားရင် ပိတ်မိသွားလိမ့်မယ်'

'ဗျာ'

'မင်း မယုံဘူးလား'

'တစ်ဘက်မှာထွက်ပေါက် ရှိရမှာပေါ့ဗျာ'

'မရှိလို့ မရှိဘူး ပြောတာပေါ့'

အာဝှိုး ငိုင်ကျသွားလေသည်။

ထိုစဉ်....

'သနားကြပါဗျာ၊ သနားကြပါ'

'ပေးစာမ်း စွန့်ကြဲကြပါ'

'စွန့်ကြဲမှုနဲ့ ကုသိုလ်ယူကြပါ'

'ဂျောက်....ဂျောက်....ဂျောက်ဂျောက်'

အပြင်ဘက်မှ သူတောင်းစားများ၏ ခွက် ခေါက် သံ၊ တောင်းရမ်းသံများ ဆူဆူညံညံ ထွက် ပေါ် လာ သည်ကို ကြားလိုက်ရလေသည်။

အတိုးအိုက....

'မင်းနောက်ကို လိုက်လာသူတွေတော့ ဘုံကျောင်းရှေ့ကို ရောက်လာကြပြီကွ'

ဟု ပြောလေသည်။

အာဝှိုးမျက်နှာပျက်သွားသည်။

'ဒုက္ခပဲ'



ပုန်းအောင်းနေရန် ဟိုဟို သည်သည် ကြည့်လိုက်လေသည်။

အတိုးအိုက....

'မင်းဘာမှ မရှုတ်ဘူးဆိုရင် ဟောဒီဝတ်ရုံကို ခြုံထားလိုက်'

ပြောရင်း ဖာထေးရာ ဗရပွဖြစ်၍ ညစ်ပတ်နံစော်နေသည့် သူ၏အပေါ်ဝတ်ရုံကို ချွတ်ပေးလေသည်။

တဆက်တည်းပင် သူ၏လက်ထဲကိုင်ထားသည့် ခွက်နှင့်တုတ်ကောက်ကို အာဝှိုးလက်ထဲ ထည့်ပေးလိုက်ပြန်သည်။

အာဝှိုး ကြောင်အမ်းအမ်းဖြစ်၍ ယူထားလိုက်သည်။

ထိုအချိန်မှာပင် ဘုံကျောင်းထဲသို့ လူအုပ်ကြီးဝင်လာကြတော့သည်။ သူတောင်းစားများသည် တိုးဝှေ့ဝင်လာသည့် လူအုပ်ကြီးရှေ့တွင် 'ကယ်ပါယူ၊' တစာစာ အော်ရင်းတောင်းနေကြသည်။

သူတောင်းစားများကြောင့် လူအုပ်ကြီးမှာ ရှေ့သို့အဘင်းတက်လာ၍ မရဘဲ ဖြစ်နေသည်။

အတိုးအိုက....

'ဟိုမှာ သူတောင်းစားတွေဘာကြောင့် တောင်းရမ်းနေကြပြီး မင်းကဘာကြောင့် မတောင်းသေးဘာလဲ'

ဟု အာဝှိုးကို ပြောလေသည်။

အာဝှိုးက အကောင်းပါးသူပီပီ အတိုးအိုဆိုလိုသည့် သဘောကို ချက်ချင်း ရိပ်မိလိုက်လေသည်။ သူ့အတွက် ထွက်ပေါက်

နှိုဝဥ်အဖြင့်ကို ရိုင်ဖယ်လျှင် အဘိုးအို၏ အကြံအဝင်း မြှုလုပ်ရန် ဆုံးဖြတ်လိုက်ရ၏။

ခွက်ကိုထရောက်ရောက်မြည်အောင် ခေါက်ရင်း....

'ပေးစမ်း မိစွန့်ကြကြပါဗျာ၊ သနားကြပါ'

ဟု အော်တစ်တောင်းမိန်းလိုက်သည်။

လူအုပ်ကြီးရှေ့သို့ပြောက်မရှိ လှမ်းသွားလိုက်၏။ အဘိုးအို အလည်း မေးတက်မှုလိုက်လာပြီး အတောင်းရမ်းလေသည်။

လူအုပ်ကြီးသည် လူတို့အား ရှေ့စိုက်ကာ တွန်းတိုးယှဉ်ရှားကာ ဘုရားကျောင်းအတွင်းသို့ ဝင်သွားကြ၏။

အဘိုးအိုရေ....

'ငါနောက်လိုက်ခဲ့'

မြေးလေး ဘုရားကျောင်းအောက်ထက်သို့ ဆင်းသွားလေသည်။

အာဝုဓ အဘိုးအိုနောက်မှ တင်လိုက်သွား၏။

လူအုပ်ကြီးသည် ဘုရားကျောင်းထဲ ဝင်သွားရန် အားစိုက်နေကြရာ အာဝုဓ တို့ကို ဂရုမစိုက်ကြတော့ချေ။

ထို့ကြောင့် အာဝုဓမှာ အဘိုးအိုအား အတားအဆီးမဲ့ လိုက်သွားရင်း၊ အသက်ဘေး အန္တရာယ်မှ လွတ်မြောက် သွားရလေတော့သည်။



'တူ'

အာဝုဓက ဖော်မှတ်ထုတ်လိုက်သည်။

လူအုပ်ကြီး သဲကြီးမဲကြီး ဖြစ်နေသည့် ဘုရားကျောင်းမှာ အခုတော့ ကျန်ရစ်ခဲ့ပြီ ဖြစ်လေသည်။ သူ့အား မသိသူ အမျိုးသမီးနိုင်ကြီးတော့သည့် မဟုတ်ပါချေ။ အန္တရာယ်နှင့် လွတ်မြောက်သွားပြီဖြစ်သော သက်သာခွင့်ရိုသားသည့် ပိန်ရှုံ့နေသော ခွက်ကို မြေပေါ်ပစ်ချလိုက်လေသည်။

'ဟာ ... လွှင်'

လူ၏ ကိုယ်ပေါ် လွှမ်းခြုံထားသည့် အဝတ်ကိုလည်း ချွတ်ပစ်လိုက်ပြီး မြေပေါ်ပစ်ချလိုက်၏။ မြေပေါ်ခြေဆော့ ထား....

'တွေ့ ... နှုတ်ဆိတ်ဘား သွန်မတီ ဒိုက်ဘား ချစရာ ကောင်း လိုက်တာ'

ဟု အချစ်အောက်းတာက် ပြောလိုက်လေသည်။

အဘိုးအို မျက်လုံးပြူးသွားသည်။

မြေပေါ်မှ ခွက်နှင့်အဝတ်ကို ကောက်ယူလိုက်ပြီ....

'ခဟ ... မင်းဘယ်လိုလုပ်တာလဲကွ၊ ဒါကြောင့် ထမင်းရှင်ရှိတာ မင်းသိသလားလား'

ဟု ခေါ်သွာကကြီး ပြောလေသည်။

အာဝုဓ ဘာမှမပြောဘဲ နေလိုက်၏။

အဘိုးအိုက ...

"မင်းဟာ အမှန်တရားကို လျစ်လျူရှုထားတဲ့ လူတစ်ယောက်ပဲ၊ ဒီပစ္စည်းတွေဟာ မင်းအသက်ကို ကယ်နိုင်တယ်ဆိုတာ မင်းမေ့သွားပြီလား၊ ဒီပစ္စည်းတွေ အစုတ်တွေကို လူတွေက ရှုံ့ကြတယ်၊ ဒါပေမယ့် ဒီပစ္စည်းတွေဟာ လူတစ်ယောက်ရဲ့အသက်ကို ကယ်တင်နိုင်ခဲ့တယ်ဆိုတာ မင်းအမြင်ပဲ၊ ရှိစေ မကောင်းပါဘူးကွာ၊ နှင်သက်စရာတောင် ကောင်းပါသေးတယ်"

ဟု ပြောလေသည်။

အာဝုဓ်း ငိုင်သွား၏။

အတိုးအိုက....

"မင်းဟာ သူခိုးတစ်ယောက်ပေမယ့် ငွေတစ်ပြားကို သနားတတ်တယ်၊ အဲဒီ သနားတဲ့စိတ်က မင်းကို ကယ်တင်လိုက်တာပဲ၊ အဲ... မင်းဟာ ဘဝင်မြင့်ချင်တယ်၊ ငွေတစ်ပြားကို အထင်သေးချင်တယ်၊ အဲဒီစိတ်က မင်းကို ဒုက္ခပေးလိမ့်ဦးမယ်၊ စိတ်ရှေသဘောထား ဖြူစင် မြင့်မြတ်သူသာ လျှင် ငြိမ်းချမ်းသော စိတ်ကို ရှာတွေ့နိုင်မယ်ဆိုတာ မြဲမြဲ မှတ်ထားပါ"

အာဝုဓ်း ဘာမှ မပြောချေ။

အတိုးအိုကို တမ်းတမ်းစွဲ ကြည့်ပြီးနေစဉ်က...

"ကျုပ်ကို ကူညီခဲ့တာ ကျေးဇူးတင်ပါတယ်ဗျာ၊ ကဲ... ကျုပ်ကို သွားခွင့်ပြုပါဦး"

စကားဆုံးလျှင် ချာခနဲလှည့်ကာ ထွက်လာခဲ့လေတော့သည်။



လေပြည်လေညင်း လေ ယမ်း တိုက်ခတ်လာသည်။

ငှက်ညည်းသံများ၊ ခြေသံများသည် လေပြည်နှင့်အတူ လွင့်ပျံ့ပါသွားသည်။

တဖြည်းဖြည်း ဝေးရှဲဝေးသွားကာ နောက်ဆုံး တိတ်ဆိတ်ကွယ်ပျောက်သွားလေသည်။

သချိုင်းမြေတွင် မကြာမီက အသုဘတစ်ခု လာချသွား၏။ အသုဘကို လိုက်ပို့ကြသော လူအများ ရောက်ရှိလာသော်လည်း မည်သူမျှ ကြာရှည်နေလိုကြသည် မဟုတ်ပါ။

ယခုတော့ တစ်ယောက်မကျန် ပြန်လည် ထွက်ခွာသွားကြပြီဖြစ်သည်။ သချိုင်းမြေမှာပြန်လည်၍ တိတ်ဆိတ်ငြိမ်သက်သွားပြီ ဖြစ်လေသည်။

အာဝုဓ်း သက်ပြင်းချလိုက်သည်။

ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်ကာ သချိုင်းထဲသို့ဝင်လာခဲ့သည်။ သူ၏လက်နှစ်ဖက်တွင် စားသောက်ဖွယ်ရာ အထုပ်များ ပါလာသည်။ သူကတာနှင့်တပိုးစားခဲ့ပြီးပြီဖြစ်သော်လည်း မျောက်အိုကြီးအား ဘာမျှ စားရဦးမည်မဟုတ်ပါ။

သချိုင်းထဲသို့ရောက်လျှင်ဇရပ်ပျက်ဆီသို့လှမ်းကြည့်လိုက်၏။ ဇရပ်ပျက်ပေါ် ဝယ် လူသူ တစ်စုံတစ်ယောက်မျှ ရှိပုံမပေါ်ချေ။

"မျောက်အိုကြီး"

အာဝုဓ်းကခပ်အုပ်အုပ်ခေါ်လိုက်၏။ သူ၏ခေါ်သံနှင့်မခရေးမနှောင်းမှာပင်...

"ငါဒီမှာကွ၊ မင်းက ဘာကြောင့် ဒီလောက်တောင် နောက်

စားသံ တစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရသေ
သည်။ အာဝိုး လှည့်ကြည့်လိုက်သည်။ အုပ်ဂူများကြားမှ
မျောက်အိုကြီး ထွက်လာသည်ကို တွေ့မြင်လိုက်ရသေးသည်။

အာဝိုး ပြုံးလိုက်သည်။

'ဟောဒီမှာ စားစရာတွေ ပါလာတယ်'

ဟု ပြောလိုက်၏။

မျောက်အိုကြီးက မျက်မှောင်ကုတ်ကာ...

'မင်းက အကောင်းဆုံး ဖြစ်ရမယ်လို့ ဆုတောင်းပေးသွားတယ်
နော်'

'ဟုတ်ကဲ့ပါ၊ အကောင်းဆုံးတွေပါ'

'ကောင်းပြီ'

မျောက်အိုကြီးက အထုပ်များကို လှမ်းယူကာ အုပ်ဂူ ထဲ
သို့ဝင် ထိုင်ချလိုက်သည်။ အထုပ်များဖြည်ကာ စားစရာများ
ကို အားရပါးရ စားလိုက်၏။

'ကောင်းလိုက်တာကွာ၊ တကယ့်ကို အရသာရှိတာပဲ'

ဟုလည်း ပြောနေသည်။

အာဝိုး ပြုံးလိုက်သည်။

မျောက်အိုကြီးကို မျှော်ခိုင်းကာ သစ်ပင်တစ်ပင်အနီးသို့
လှမ်းသွားပြီး သစ်ပင်အောက်၌ ထိုင်ချလိုက်၏။

ထို့နောက် အဝေးသို့ မျှော်ကြည့်လိုက်၏။ မျောက်အိုကြီး
က အားရပါးရ စားသောက်နေဆဲ.....

အာဝိုး၏ သစ်ပင်ကို ကျောမှီကာ ထိုင်ရင်း မျက်လုံး
မှိတ်ထားလိုက်ပြန်သည်။



သူ၏ အာရုံထဲဝယ် ပထမဦးဆုံး ပေါ်လာသည်မှာ လှပ
ချောမောသည့် မိန်းမလှမျက်နှာကလေးပင်။

'မင်းဘယ်ဆီများ ရောက်နေပြီလဲကွယ်'

အာဝိုး ရေရွတ်လိုက်သေးသည်။

မျောက်အိုကြီး ခေါင်းထောင်ကြည့်သည်၊ အာဝိုး၏ ဖြစ်
အင်ကို မြင်လျှင် နှာခေါင်းရှုံ့လိုက်ပြီး ဆက်၍ စားသောက်နေ
လိုက်သေးသည်။

အာဝိုးက မျောက်အိုကြီးကို အာရုံမစိုက်တော့ပါ၊

သူ၏စိတ်နှလုံးကို ဖမ်းစားထားသည့် သူ၏အသက်ကို စိုးမိုး
ထားသည့် မိန်းမလှကလေးအကြောင်းသာ တွေးတောခံစား
နေမိတော့၏။

ရုတ်တရက်...

'ဟောက်တီးဟောက်... ခြိမ်း ခြိမ်း'

'ဟောက်တီးဟောက်... ခြိမ်း ခြိမ်း'

တီးသံမှုတ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသေ
သည်။

အာဝိုး မျက်လုံး ပွင့်လာသည်။

မျောက်အိုကြီးက အဝေးဆီသို့ မျှော်ကြည့်နေသည်ကို
တွေ့မြင်ရသေးသည်။

အာဝိုးက...

'ဘာသံတွေလဲ'

ဟု မေးလိုက်၏။

မျောက်အိုကြီးက လှည့်ပင် မကြည့်ဘဲ...

'တီးသံ မှုတ်သံတွေပေါ့'

ဟု ပြောလေသည်။

အာဝုံး မကျေမနပ် ဖြစ်သွား၏။

'တီးသံ မှုတ်သံတွေဆိုတာတော့ ကျွန်တော်လဲ သိတာပေါ့။ ဘာကြောင့် တီးမှုတ်နေကြတာလဲဆိုတာ သိချင်

ဟု ဘုဒတာလိုက်၏။

မျောက်အိုကြီး လှည့်ကြည့်ကာ ခပ်တည်တည်ဖြင့်....

'သိချင်ရင် သွားမေးကြည့်ပေါ့'

ဟု ပြောလေသည်။

ထိုစကားကြောင့် အာဝုံးပို၍ မကျေမနပ် ဖြစ်သွားလေတော့သည်။

'ကောင်းပြီ၊ ကျွန်တော် သွားမေးကြည့်မယ်'

စကားဆုံးလျှင် ခုန်ထလိုက်ပြီး သစ်ချိုင်းမြေထဲမှ လှမ်းထွက်သွား၏။

မျောက်အိုကြီးက....

'ငါ အခု စားလိုက်ရလို့ ဗိုက်ဝနေပြီ၊ ညစာ မစားရလဲ အရေးမကြီးတော့ပါဘူးကွာ'

ဟစ်ကိုယ်တည်း ညည်းညူကာ ပြောသလိုဖြင့် အာဝုံး ကြားအောင်-ပြောလိုက်၏။

အာဝုံးက လုံးဝလှည့်မကြည့်ဘဲ ခပ်သုတ်သုတ် ထွက်သွားရာ မကြာပါချေ။ မြင်ကွင်းမှ ကွယ်ပျောက် သွားလေတော့သည်။



တီးမှုတ်သံများ သာယာနာပျော်ဖွယ် ထွက်ပေါ်နေသည်။ ကျောင်းလိမ်မြို့သို့ ရောက်ခဲ့သည်မှာ နှစ်ရက်ရှိပြီ ဖြစ်သော်လည်း ယခုလို မကြားဘူးခဲ့ချေ။

ထို့ကြောင့် အာဝုံး စိတ်ဝင်စားနေမိလေတော့သည်။

အာဝဠီးသည် အချိန်မဖြုန်းတော့ဘဲ သေတ္တာများအနီးသို့ ချဉ်းကပ်သွား၏။ ခါးကြား၌ ထိုးထားသည့် ဓားမြှောင် တစ်ချက်ထုတ်ယူကာ သေတ္တာတစ်လုံးကို ဖွင့်ကြည့်လိုက်လေ သည်။

ဟာ....'

သေတ္တာထဲ၌ မျက်စိကျိန်းစပ်သွားလောက်အောင် တဖိတ်ဖိတ် ဝင်းလက်တောက်ပနေသော ကျောက်မျက်ရတနာများကို တွေ့မြင်လိုက်ရလျှင် အာဝဠီး လွှတ်ခနဲ ရေရွတ်မိလိုက်လေသည်။

'မျောက်အိုကြီးသာ မတွေ့ပိုက်ရှင်တော့ တော်သေးရဲ့'

ဟု တွေးမိလိုက်ပြန်သေးသည်။

လက်တစ်ဘက် ခပ်သွက်သွက် လှုပ်ရှားလိုက်သည်။

ကျောက်မျက်ရတနာများကို တစ်ဆုပ်ပြီးတစ်ဆုပ်နှိုက်ယူကာ အင်္ကျီအိတ်ထဲ ထိုးသွင်းလိုက်၏။

ထိုစဉ်ခဏ၌ပင် နောက်ဘက်မှ တစ်စုံတစ်ခုထူးခြားမှုတစ်ခုရှိသော သံကို ရုတ်ခြည်း သတိရလာလေသည်။

အာဝဠီး ခေါင်းထောင်ကြည့်လိုက်သည်။ သေသေချာချာ သတိထားလိုက်မှ စောင်းသံများ ကွယ်ပျောက်သွားကြောင်း သိလိုက်ရ၏။



တဆက်တည်းပင် စကားသံနှင့် ခြေသံကြီးကို ထွက်ပေါ် လာသည်ကို ကြားရလေသည်။

အာဝဠီး ခေါင်းနပန်း ကြီးသွားသည်။

'ငါရောက်နေတာကိုများ သိသွားပြီလား မသိနိုင်ဘူး'

ချက်ချင်းပင် အခန်းဝသို့ ပြေးသွားလေသည်။

တံခါးဝရောက်လျှင် ဖြစ်ပေါ်ထွက်ရှိတဲ့ တံခါးနောက်၌ ကပ်ရပ်ကာ ပုန်းကွယ်လိုက်ရ၏။

အသံကြားရာ စင်္ကြံ ထိပ်ဆီမှ ဆင်းဆင်းလာသည့် အခန်းမှ တံခါးပွင့်သွားပြီး မိန်းကလေးနှစ်ယောက် လှမ်းထွက်လာသည် ကို တွေ့မြင်လိုက်ရခြင်းကြောင့် ဖြစ်သည်။

အာဝဠီး အသာ ချောင်းကြည့်လိုက်သည်။ ထွက်လာသည့် မိန်းကလေးနှစ်ယောက်စလုံးမှာ ချောမောလှပသူများ ဖြစ်ကြ လေသည်။

ထိုမိန်းကလေး နှစ်ယောက်အနက် တစ်ယောက်က—

'မခ ဟုခေါ်တဲ့ အသံပါမလေးအတွက် အတော့်ကို စိတ် ရှုပ်တာပဲ နော်'

ဟု ပြောလေသည်။

ကျန် မိန်းကလေးက ပြုံးလိုက်သည်။

'သခင်မလေး အတွက် ဘာဆို လုပ်ပေးရမယ် မဟုတ် လား ညီမလေး တင်းတင်းရယ်'

'ဖြင့်... ဒါကတော့ သခင်မလေး အိပ်ပျော် သွားတဲ့အထိ စောင်းတီးပေးပြီ၊ ချော့သိပ်တာ အင်မတန် စိတ်ရှုပ်မှ ဖြစ် မှာပါ'

စိတ်ရှည်ရှည်ထားရင် တာဆေ့ အောင်မြင်တယ်ဆိုတဲ့ ရှေးစကားကို မမေ့ ရက်ကိုင်ထားတယ်။ မဆန်းပါဘူး'

'သင်မလေး ဆိုလဲ မမကို အတော့်ကို ချစ်ခင်ပါတယ်'

'တဲ… ညီမလေးတင်းတင်း ညဉ့်လဲနက်လှပြီ၊ ဂျိုအနွားယူကြစို့လား'

'ကောင်းပါပြီမရယ်'

မိန်းကလေး နှစ်ယောက်သည် စကား တစပြောပြောဖြင့် စကြံ့န်လမ်းအတိုင်း ထွက်သွားကြ၏၊ မကြာမီခဏ၌။ အာဝုဓ်း၏မြင်ကွင်းမှ ကွယ်ပျောက်သွားလေတော့သည်။

အာဝုဓ်းက ပုန်းကွယ်ရာမှ ထွက်လိုက်သည်။ ကျောက်မျက်ရတနာများ ရှိနေသည့် ပေတ္တာများထက်၊ သခင်မလေးဆိုသူ၏ အခန်းကို စိတ်ဝင်စားနေမိပြီ ဖြစ်လေသည်။

'ကျင်းလိမ်မြို့စား သမီးတော်ရဲ့ အခန်းထဲကိုဝင်ပြီး ပစ္စည်းခိုးယူနိုင်တယ်ဆိုရင် စောရလောအမှာ ဂုဏ်ထက်တော်တဲ့ စကားရှိတော့မှာ မဟုတ်ဘူး'

ဟုလည်း တွေးနေမိသည်။

ပျောက်သွားသည့် မိန်းကလေးနှစ်ယောက် ပြန်လာကြလေဦးမည်လားဟု စောင့်ကြည့်လိုက်ပါသော်လည်း အတန်ကြာသည်အထိ ပြန်ရောက်မလာကြချေ။ အစောင့်အကြပ်များရောက်လာကြသည်ကိုလည်း မတွေ့ရပါ။

အာဝုဓ်း ကျေနပ်သွား၏။



တခန်းဆီများ အာရုံထားသည့် အခန်းဆီသို့ ခြေဖျားထောက်ကာ ချဉ်းကပ်သွား၏။ ပြတင်းပေါက်မှ ချောင်းကြည့်ပါသော်လည်း ခန်းဆီးကြောင့် အတွင်းဘက်သို့ ကောင်းစွာ မမြင်ရချေ။

အာဝုဓ်း၏ စိတ်ထဲ၌ အခန်းတွင်းသို့ ဝင်ကြည့်ပိုစိတ်များ ပြင်းပြလာသည်။ ထို့ကြောင့် အခန်းတံခါးကို တွန်းဖွင့်လိုက်လေသည်။ အတွင်းဘက်မှ မင်းတုပ်ချထားသဖြင့် အခန်းတံခါး အသာအယာပင် ပွင့်သွားလေသည်။

အာဝုဓ်းက အတွင်းဘက် လှမ်းဝင်ကာ တံခါးပိတ်ထားလိုက်သည်။ ထို့နောက် အခန်းတွင်းသို့ ဝေ့ကြည့်လိုက်၏။ အခန်းတွင်း၌ မီးအိမ်တစ်လုံးကို ခပ်မှိန်မှိန် ထွန်းညှိထား၏၊ အခန်းတွင်း၌ အဝိုးတန် ပရိဘောဂများ၊ ဆလွတ်ပန်းအိုးများ၊ ပန်းချီကားချပ်များ သွယ် နေရာနှင့်သူ ရှိနေ၏။

အခန်းထဲဘက်တွင် ကြေးခုတင်ကြီးတစ်လုံး ရှိနေပြီး၊ ခုတင်ပေါ်၌ မိန်းကလေးတစ်ယောက် အိပ်စက်နေသည်ကို တွေ့မြင်ရ၏။

အခန်းပြတင်းပေါက်မှ ထိုးကျလာသည့် လရောင်သည် မိန်းကလေးအပေါ် သို့ကျနေပါ၏။

မိန်းကလေးသည် နှပ်နှပ်ခြိုက်ခြိုက် အိပ်မောကျနေသည် ဖြစ်ရာ အာဝုဓ်း ဝင်လာသည်ကို မသိနိုင်ခဲ့ပါချေ။

အာဝုဓ်း မျက်လုံးပြူးသွားသည်။

ဒုက္ခ၊ မိန်းကလေးတစ်ယောက်ရဲ့ အိပ်ခန်းထဲကို ဝင်လာမိပြီ

ယနေ့မှ မိန်းကလေးငယ်၏ အိပ်ခန်းထဲသို့ မဝင်ရ ဟူသည့် အတွေး ဖြစ်ပေါ်လာခဲ့သည်။

အခန်းတွင်းမှ လှည့်ထွက်သွားရန် ဟန်ပြင်လိုက်၏။

မှန်တင်ခုံ ရှိ ဖိနပ်များက နံရံနားရှိ စားပွဲပေါ်၌ ဂဏ်ဆွဲတင်ကုန်ဖေလားသည်ကို တွေ့မြင်သွား၏။

'ငါ့လဲ ဂဏ်ဆွဲကို ယူသွားရမယ်'

အာဝှီးက ခြေဖော့နင်း၍ နံရံအနီးသို့ ရှဉ်းဝင်သွားသည်။

ကျောင်းလိုက်မြီးသားသမီးငတင်၏ ဂဏ်ဆွဲရုတ်နှာ တစ်ခုကို ယူဆောင်ခိုးယူနိုင်သည် သူ၏ အစွမ်းသတ္တိသား၊ ကေလာကတွင် အထင်အရှားဆုံး ဖြစ်ပေတော့မည်။

အာဝှီးသာ ပုလဲလည်ဆွဲကို ဆွဲယူလိုက်သည်။

'အင်း...'

ရုတ်တရက် မွန့်တပ်ငင် ညည်းညူသံနှင့်အတူ နုတင်ပေါ်၌ အိပ်ပျော်နေသည့် မိန်းကလေး လူးလူးလွန့်လွန့် ဖြစ်လာသည်။

အာဝှီး ထိတ်သွား၏။

လက်ထဲမှ လည်ဆွဲလွတ်ကျမသွားအောင် မနည်းပင် ဆုပ်ကိုင်ထားလိုက်ရ၏။ မိန်းကလေးသည် ပြန်လည်ငြိမ်သက်သွားပြီး အိပ်စက်နေသည်။

'ဟူး တော်ပါသေးရဲ့'

အာဝှီး ပင့်သက်ရှိုက်မိလိုက်၏။

လည်ဆွဲတနားကို ယူကာ ထွက်သွားရန် ဟန်ပြင်လိုက်စဉ်...

'ဟင်...သူတာ'



မိန်းကလေးနှင့် ဂဏ်ဆွဲကို စိုက်ရင်ကာ သတိပြုကြည့်မိရာမှ လရောင်ထိုးကျနေသဖြင့် မိန်းကလေး၏ မျက်နှာကို ထင်ထင်ရှားရှား တွေ့မြင်လိုက်ရပါ၏။ ဤတွင် အာဝှီးမှာ မလှုပ်မယှက် ကျောက်ရုပ်ကြီး ဖြစ်သွား၏။

မျက်လုံးကြီးပြူးထွက်လာကာ မိန်းကလေးကို စိုက်ကြည့်နေမိတော့သည်။

ငယ်ပေါင်း လပေါင်းများစွာ ရှာဖွေနေခဲ့ရသော အိပ်မပျော် စားမဝင် ဖြစ်အောင် စွဲလမ်းနေခဲ့မိသော သူ၏ စိတ်ဆင်းကို လှမ်းမိုးထားသည့် မိန်းကလေးဖြစ်သည်ကို တွေ့လိုက်ပြီ ဖြစ်တော့သည်။

အာဝှီးမှာ သူတမ်းတနေမိသော မိန်းကလေးအား မမျှော်လင့်သည့် နေရာဝယ် တွေ့လိုက်ရခြင်းကြောင့် အသက်ပင် ရှူနိုင်တဲ့ ရှုကြီး ရပ်နေမိပါတော့၏။

ကျောင်းကျောင်းသည်လည်း နှစ်ခြိုက်စွာ အိပ်ပျော်နေဆဲ...

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွား၏။

အပြင်ဘက်မှ ခြေသံများ ထွက်ပေါ်လာမှ အာဝှီး သတိဝင်လာခဲ့တော့သည်။

'ဒုက္ခပဲ တစ်ယောက်ယောက်တော့ လာနေပြီ'

လှုတ်ခနဲ ရေရွတ်ကာ အခန်းတံခါးဝဆီသို့ လှမ်းကြည့်လိုက်သည်။ ခြေသံမှာ တစ်စထက်တစ်စ နီးကပ်လာကာ အခန်းတံခါးဝရှေ့သို့ ရောက်ရှိလာပြီ ဖြစ်ပေသည်။

အာဝှီး ကြံရာမရ ဖြစ်သွား၏။

ထို့စဉ်...

'ကျွဲ'

တီးတိုးမြည်သံနှင့်အတူ အခန်းတံခါးပွင့်သွား၏။

အာဝုဏ်း အချိန်ဖြုန်း မနေနိုင်တော့ချေ။

ပြတင်းပေါက်ဆီသို့ ပြေးသွားရန် ခြေလှမ်းပြင်လိုက်လေသည်။

သူ၏လှုပ်ရှားမှုကြောင့် အခန်းတံခါးဖွင့်ကာ ဝင်လာသူ၏ သတိပြုမိသွား၏။ ဝင်လာသူမှာ တင်းတင်း ဖြစ်လေသည်။

တင်းတင်းသည် အာဝုဏ်းကို တွေ့လျှင်....

'ဘယ်သူလဲ'

ဟု မေးလိုက်၏၊

အာဝုဏ်းက အဖြေမပေးဘဲ ထွက်ပြေးရန် ကြံနေသည်ကို ရိပ်မိသွားလျှင်—

'သူခိုး....သူခိုး...လာကြပါဦး။ သခင်မလေးရဲ့ အခန်းထဲကို သူခိုးဝင်နေတယ်'

ဟု ကျယ်လောင်စွာ အော်ဟစ်လိုက်လေတော့သည်။

× × ×



ဆူဆူညံညံ အော်ဟစ်သံများ ထွက်ပေါ်လာသည်။

အာဝုဏ်း ယောင်ယမ်းပြီး ရပ်တိုက်မိနေသည်။

အခုနဆိုလျှင် သူ့ရောက်နေသည်ကို သိသွားပြီးနောက် လူစုသူဝေးဖြစ်၍ ဝိုင်းအုံမလာမီ လွတ်ရာကျွတ်ရာသို့ ထွက်ပြေးရလိမ့်မည် ဖြစ်ပေသည်။

ယခုတော့ ကြောင်တက်တက်ဖြင့် ငူငူကြီး ရပ်နေမိ၏။

တင်းတင်း၏ အော်သံကြောင့် ကျောင်းကျောင်း လန့်နိုးလာသည်။

'အင်း၊ တင်း ဘာဖြစ်တာလဲ'

အလန့်တကြား မေးရင်း လူးလိမ့်ထလိုက်၏။

ဤတွင် သူမသည်လည်း အာဝုဏ်းကို တွေ့မြင်သွားလေတော့သည်။

'ဟင်...ရှင်...ရှင်'

အာဝုဏ်းက...

'ကျုပ်....ကျုပ်'

တင်းတင်းက ရှေ့သို့ပြေးလာပြီး ကျောင်းကျောင်း၏ရှေ့၌ ကာကွယ်ထားလိုက်၏။ သူမသည်လည်း အာဝုဏ်းကို တွေ့မြင်သွားလေသည်။

'ဟင်....ရှင်'

အာဝုဏ်း လက်ကာပြလိုက်သည်။

'ကျုပ်...ကျုပ် ဘာမှမခိုးပါဘူးဗျာ'

ပြောပြောဆိုဆို လက်ထဲမှ ပုလဲသည်းဆွဲကို တင်းတင်းထံ ပစ်ပေးလိုက်လေသည်။ တင်းတင်းလည်း အယောင်ယောင် အမှားမှားဖြင့် ဖမ်းယူထားလိုက်၏။

ထိုအချိန်တွင်....

'သူခိုး...သူခိုး'

'သခင်မလေးအခန်းကို သူခိုးဝင်လို့တဲ့'

'မြန်မြန်လာကြဟေ့'

အစေခံအကြွင်များ၏ တစ်ယောက်တစ်ပေါက် အော်ပြောသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ပြေးလွှားသွားနေကြသော ခြေသံများကိုလည်း ကြားလိုက်ရသည်။

ကျောင်းကျောင်း၏မျက်နှာတွင် စိုးရိမ်ပူပန်သည့်အရိပ်အယောင်များ ထွက်ပေါ်လာသည်။

'ရှင် ဘာလုပ်နေတာလဲ၊ ပြေးပါတော့လား'

ဟု ပြောလိုက်၏။

ယခုမှ အာဝုဓ်း သတိဝင်လာသည်။

'ကျုပ် သွားတော့မယ်'

ပြောပြောဆိုဆို ပြတင်းတံခါးကိုဖွင့်ကာ အပြင်ဘက်ထွက်လိုက်၏။ ထို့နောက် ရေတံလျှောက်ကို အားပြုကာ ခေါင်မိုးပေါ်သို့ တက်သွားလေသည်။

အစေခံအကြွင်များ ကျောင်းကျောင်း၏အခန်းသို့ ရောက်ရှိလာချိန်ဝယ် အာဝုဓ်းမှာ ဘားရောင်းရာသို့ ရောက်ရှိသွားပြီ ဖြစ်လေသည်။

ပျောက်ဆုံးသွားသော အိပ်မက်သူငော

'အောက် အီး အီး အွတ်'

ကြက်တွန်သံများ ဟိုမှသည်မှထွက်ပေါ်လာသည်။

အရှေ့ဘက်သိဝယ် ရောင်နီများ ပျို့အန်လာပြီဖြစ်သည်။

ကြေးမီ နေ့သစ်တစ်နေ့ ပေါ်ထွန်းလာပေတော့မည်။

မျောက်အိုကြီးက ရေပ်ပျက်ပေါ်မှ ဆင်းလိုက်သည်။

လက်နှစ်ဘက် ဆန့်တန်းကာ...

'ဝါး'

အပျင်းဆန့် သမ်းဝေလိုက်သည်။

ထို့နောက် အာဝုဓ်းနေရာယူထားသည့် အုတ်ဂူဆီသို့လှမ်းကြည့်လိုက်၏။ အိပ်ချင်စိတ်မပြေသေးသည့် မျောက်အိုကြီး၏ မျက်လုံးများ ပြူးကျယ်သွားရပါသည်။

အကြောင်းအား အာဝွီးသည် အိပ်စက်နေခြင်းမရှိဘဲ အုဘိုကို ငှက်ကြီး ထိုင်နေသည်ကို တွေ့မြင်လိုက်ရခြင်းကြောင့် ဖြစ်ပေသည်။

'အာဝွီး–မင်းက ဘယ်လဲ ဝိရိယကောင်းနေပါလား၊ ညအ ညဉ့်နက်မှ မြန်သာဘယ်၊ အာလဲ အဘစကြီး နိုးနေပြီ၊ ကောင်မင်းရဲ့ အိပ်မက် သူငါနဲ့ တွေ့ခဲ့ပြီအင်တယ်'

ပြောပြောဆိုဆို အာဝွီးအနီးသို့ လျှောက်သွားလေသည်။ အာဝွီးက မျောက်အိုကြီးကို မော့ကြည့်လိုက်၏၊ သူ၏ မျက်နှာတွင် ဝမ်းနည်းခြင်း၊ စိတ်ပျက်အားငယ်ခြင်း စသည့် အရိပ်အယောင်များ လွှမ်းမိုးသင်ဟပ်နေပါ၏။

'မျောက်အိုကြီး... ကျွန်တော့ကို ကယ်ပါဦးဗျာ'

ဟု ပြောလေသည်။

'ဟေ'

မျောက်အိုကြီး၏ မျက်ခုံးမွေး အစုံ နဖူးပေါ် မြင့်တက်သွားလေ၏။

အာဝွီးကို အကြာ ကြည့်ကာ–

'အာဝွီး... မင်း ဘယ်လိုပြောလိုက်တာလဲကွ'

ဟု မေး၏။

အာဝွီး က....

'ကျွန်တော့်ကို ကယ်ပါဦးဗျာ'

'ဟာ... ကောင်ရဲ့၊ ပင်းဘာဖြစ်နေတာလဲဆိုတာ ငါ့ကိုလဲ ပြောဦးမှာပေါ့'

'ကျွန်... ကျွန်တော်...'



အာဝွီး ထင်ထင်ပေါ်ပေါ် ဖြစ်နေသည်။ မျောက်အိုကြီး၏ မျက်နှာတွင် စိုးရိမ်ပူပန်သည့် အရိပ်အယောင်များ ချက်ခြင်း ဖြစ်ပေါ်လာလေသည်။ သူ၏ လက်ပေါ်ဝယ် ကြီးပြင်းလာခဲ့သည် ဖြစ်သည့်အလျောက် အာဝွီး ယခုလို ဆောက်တည်ရာမရဖြစ်နေသည်ကို မတွေ့ခဲ့ဘူးပါချေ။

အာဝွီး တစ်ခုခုတော့ ဖြစ်လာပြီဟု တွေးမိလာသည်။

အာဝွီးအတွက် စိုးရိမ် ပူပန်လာလေတော့သည်။

'အာဝွီး–မင်းဘာဖြစ်လာတာလဲ ပြောစမ်းပါဦး၊ မထိတ်သာ မလန့်သာရှိလိုက်တာ'

ဟု မေးလိုက်လေသည်။

အာဝွီးက...

'မျောက်အိုကြီး.... အိပ်မက် သူဇာကို ကျွန်တော် တွေ့ခဲ့ပြီဗျ'

'ဟေ....'

မျောက်အိုကြီး ကြားလိုက်ရလျှင်၊ မျောက်အိုကြီး ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။

အာဝွီးကို မျက်လုံး ပြူးကာ ကြည့်နေမိသည်။

အာဝွီး က....

'ကျွန်တော် တကယ်ပြောတာ၊ အိပ်မက် သူဇာကို ကျွန်တော် တွေ့ခဲ့ရပြီဗျ'

'နေ... နေစမ်းပါဦး၊ မင်းက ဘယ်မှာ တွေ့ခဲ့တာလဲ၊ မှိုင်းလိုက်ရှာနေတဲ့ မိန်းကလေး ဆိုတာကတော့ ယောချာလို့ လား'

'သေချာပါတယ်ဗျာ၊ သူမှ သူအစစ်ပါ၊ ကျွန်တော် တွေ့လိုက်ရတာနဲ့ ချက်ခြင်း မှတ်မိတာပါ၊ သူ့ရဲ့ မျက်နှာထားလေးကို ကျွန်တော် ဘယ်တော့မှ မေ့နိုင်မှာမဟုတ်ဘူး'

မျောက်အိုကြီး မှိုင်းတွန့်လိုက်သည်။

'ထားပါတော့လေ... မင်းအာ စွဲစွဲလမ်းလမ်း ဖြစ်နေတယ်၊ သိပ်ကို ကြွေချင်နေခဲ့တယ်၊ အခု တွေ့ရပြီလား၊ မင်း ဝမ်းသာဖို့ပဲ ရှိတော့တာပေါ့'

'ကျွန်...ကျွန်တော်...'

'ဘာလဲ... သူ့အမင်းကို လက်ခံဖို့ လား၊ လွယ်ပါဘယ်ကွာ လူ အသစ်မှာ စိုးမြေးပေါ့ကွ'

'ဟာ... ဒီလိုလဲ မဟုတ်ပါဘူးဗျာ'

'ဒါဖြင့် ဘယ်လိုဖြစ်တာသဲဆိုတာ ပြောစမ်းပါဦး'

'သူ... သူက...'

'ဟေ့ဦး...မင်းက ကျွင်းလိပ် မြို့စား ဂေဘာကို ညာ သွားခဲ့တယ် မဟုတ်လား၊ ဘယ်လိုလုပ်ပြီး အိပ်မက်သူဇာနဲ့ တွေ့ခဲ့တာလဲ'

အာဝွီးက...

'အဲဒါပြောတာပေါ့၊ ကျွန်တော့်ရဲ့ အိပ်မက်သူဇာဟာ ကျွင်းလိပ် မြို့စားရဲ့ သမီးတော် ဖြစ်နေလို့ဗျ'

'ဟော'

မျောက်အိုကြီး ဘာဖြစ်ဘယ်ဖြစ်သွားရပြန်သည်။ သို့သော် ချက်ခြင်းပင် မျက်နှာကြီး ဖြိုးဖြိုးဖြိုး ဖြစ်သွားပြီး...



'သိပ်ကောင်းတာပေါ့ကွာ၊ မင်းက ကျွင်းလိပ် မြို့စား သားမက် ဖြစ်သွားရင်၊ ငါ့ကို မမေ့မပစ်လိုက်နဲ့ ဦးနော်'

'ဟာဗျာ....'

'ဘာလဲ အခုအတည်းက ငါ့ကို ဂရုစိုက်ချင်တော့ဘူးလား၊ ဒါဟာ မင်းရဲ့ဆရာ အရင်းခေါက်ခေါက်ကြီးပါကွာ'

'ဟော့....မင်းကပဲ စိတ်ညစ်ရတယ်လို့ ရှိသေးသလား။ မြို့စားသမက် ဖြစ်မယ့်လူ အမျိုး'

'မဖြစ်နိုင်တာဗျာ'

'ဘာကြောင့် မဖြစ်နိုင်တာလဲ၊ ပြောစမ်းပါဦး၊ ဟဲ...ဟဲ... မင်းရဲ့အိပ်မက်သူဇာနဲ့ ဘယ်လိုတွေ့ခဲ့ရတယ်ဆိုတာ ရှင်းပြစမ်းပါဦး'

အာဝွီး သက်ပြင်းချလိုက်သည်။

မြို့စားဂေဟာသို့ရောက်သွားပြီး၊ သခင်မလေးချင်းအွှင်းနှင့် တွေ့ဆုံခဲ့ရပုံများကို ရှင်းအောင်ပြောပြလိုက်လေသည်။

မျောက်အိုကြီး ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်၊

'မင်းအာက တွေ့ချင်တွေ့နေတာလဲ၊ သည်းထိတ်ရင်ဖိုကြီးပါလား။ ဒါဆိုရင် သခင်မလေးက မင်းကို မမှတ်မိဘူး ထင်တယ်'

အာဝွီး သက်ပြင်းနဲ့ ခေါင်းခါလိုက်သည်၊

'သူက ကျွန်တော့်ကို သေသေချာချာကြည့်တာပဲဗျ'

'မင်းကို တွေ့တယ်ဆိုရင် မှတ်မိရမှာပေါ့'

ကျင်းကျင်းသည် သူ့အား မှတ်မိသွားသည်ဟု အာဝုဓ်း ယုံကြည်မိ၏။ သို့သော် သူတို့နှစ်ယောက် တွေ့ဆုံခဲ့သည်မှာ တဒင်္ဂအချိန်ကလေးမျှသာဖြစ်ပေသည်။ ထို့ကြောင့်ကျင်းကျင်းသည် သူ့အားမှတ်မိခြင်းရှိမရှိ တပ်အပ်သေချာ မပြောနိုင်ပါ။

သူတို့နှစ်ယောက် တွေ့ဆုံခဲ့ခြင်းသည် တစ်နှစ်ကျော်ကျော် ကြာခဲ့ပြီဖြစ်သည်။ မေ့ကောင်းမေ့သွားနိုင်သည့်အချိန်ကာလ ဖြစ်သည်။

သူက စွဲလမ်းမိသူမို့ တစ်နေ့တစ်ရက်မှ မမေ့ဘဲ အောက်မေ့ သတိရနေသော်လည်း ကျင်းကျင်းသည် သူ့အား အမှုမဲ့ အမှတ်မဲ့ သဘောထားခဲ့သည်ဆိုပါလျှင်....

အာဝုဓ်းမှာ ကျင်းကျင်းကိုတွေ့ရလျှင်၊ ဝမ်းသာပျော်ရွှင်ရမည်ဟု ယုံကြည်ထားပါသော်လည်း၊ တကယ်တမ်း တွေ့လိုက်ရသောအခါ ကျင်းကျင်းသည် ရွှေခင်းသမီးကလေး ဖြစ်နေခြင်းကြောင့် စိတ်ပျက်အားငယ်စိတ်များ ဖြစ်ပေါ်လာမိတော့သည်။

မျောက်အိုကြီးက....

'ဘာလဲ မင်းကို မမှတ်မိဘူးလို့ မင်းက အထင်ရှိနေလို့ လား၊ အေး... ဖြစ်နိုင်တယ်၊ မှတ်မိတယ်ဆိုရင် သူခိုးလို့ အော် မှာ မဟုတ်ဘူးကွ၊ ဘာကြောင့်လဲဆိုရင် တစ်ချိန်က မင်းဟာ သူ့အသက်ကို ကယ်ခဲ့တဲ့ ကျေးဇူးရှင်တစ်ယောက် ဖြစ်ခဲ့တယ် မဟုတ်လား'

အာဝုဓ်းက မျောက်အိုကြီးကို အားကိုးတကြီးကြည့်ကာ....

'မျောက်အိုကြီး ကျွန်တော့်ကို ကူညီပါဦးဗျာ'



ဟု ပြောလိုက်လေသည်။

မျောက်အိုကြီးက ခေါင်းညိတ်လိုက်၏။

'ကဲ... ပြော၊ ငါဘာကူညီရမလဲ'

'သူ သူ့ကို ကျွန်တော် တွေ့ချင်တယ်'

'ဟား ဟား ဟား... လွယ်လွယ်ကလေးပါကွာ၊ သွားတွေ့ လိုက်ပေါ့'

'ဟာ ဘယ်ဖြစ်မလဲဗျ'

'သွားမတွေ့ဘဲနော ဘယ်လိုလုပ် တွေ့နိုင်မှာလဲ၊ မင်းက တွေ့ချင်တယ်ဆိုရင် သူ့ဆီကို သွားဖို့ပဲရှိတယ်'

'ကျွန်တော် မသွားရဲဘူးဗျ'

မျောက်အိုကြီး မျက်မှောင်ကုတ်သွားသည်။

'မင်း မသွားရဲဘူးဆိုတော့ ငါသွားပေးရမှာပေါ့... ဟုတ် လား'

'ဟုတ်တယ်'

'ကောင်းကွာ'

မျောက်အိုကြီးစိတ်ပျက်လက်ပျက်ညည်းညူလိုက်လေသည်။

အာဝုဓ်းက....

'လုပ်ပါဗျာ၊ သွားပေးစမ်းပါ'

'နေစမ်းပါဦး၊ မင်းမှာ ဘယ်လိုဒုက္ခအစည်များ ရှိနေ လို့လဲ'

'ကျွန်... ကျွန်တော်...'

'အာဝုဓ်း၊ မင်း သေသေချာချာ စဉ်းစားဦး၊ တွေ့ချင်ရုံ သက်သက်နဲ့တော့ ဒုက္ခရှာမနေနဲ့၊ ကျင်းလိမ်မြို့စား သမီးတော်

ဟာ မကြာခင်မှာ သိုင်းလောကက မင်းသားလေးတစ်ပါးပါး
နဲ့ ဆက်ဆက်တော့မှာ သေချာတယ်၊ အားခြံအနက် နား
မလည်တဲ့ ဝင်ရှုပ်မိရင် ဒုက္ခ ဘောင်ဆောက်သွားနိုင်တယ်၊ ရွှေ
မင်းသမီးနဲ့ စောဇုဟာ ဘယ်သိုမှ မဖြစ်နိုင်ပါဘူး'

မျောက်အိုကြီးစကားကြောင့် အာဝဉ်းမှာ ပို၍ စိတ်ဓာတ်
ကျဆင်းသွားလေတော့သည်။

မျောက်အိုကြီးက ဆက်ပြောပြန်သည်။

'တို့ စောဇုလောကမှာ မျောမောလှပတဲ့ မိန်းကလေးတွေ
အများကြီး ရှိပါတယ်ကွာ၊ မင်းကို သဘောကျသူတွေ အများ
ကြီးပါ၊ မင်း ပြောလိုက်တာနဲ့ ခေါင်းညိတ်ကြမှာပဲ၊ မင်းရဲ့
ထိပ်ခေါက်သူစာ ရွှေခင်းသမီးအားကို မေ့ပစ်လိုက်စမ်းပါ'

'မျောက်အိုကြီး'

'ပြော...မင်း ဘာပြောချင်သလဲ'

'ကျွန်တော် သူ့ကို တွေ့ချင်သေးတယ်'

'ဟာ...မင်းတော်တော်ခက်ပါလား'

'လုပ်စမ်းပါ မျောက်အိုကြီးရယ်၊ ကျွန်တော်သူ့ကိုနောက်
တစ်ခေါက် တွေ့ပါရစေဗျာ'

မျောက်အိုကြီးခေါင်းကုတ်လိုက်လေသည်။

အာဝဉ်းက...

'လုပ်စမ်းပါ...မျောက်အိုကြီးရဲ့'

ဟု ထပ်ကာတလဲလဲ ပြောလေသည်။

ကြာသော် မျောက်အိုကြီးလည်း နားညည်းလာဟန်ဖြင့်-



'တွေ့ချင်ရင်လဲ သွားတွေ့လိုက်ပါကွာ'

ဟု ပြောလိုက်လေသည်။

အာဝဉ်းက...

'တွေ့တာက ဟုတ်ပါပြီ၊ ကျင်းလိမ်မြို့စား ဓဂ ဟာ သဲ ကို
ဘယ်လိုလုပ် ဝင်ကြမလဲ၊ အစောင့်အကြပ်တွေက အများကြီး
ရှိတယ်ဗျ'

'ညကျတော့ မင်းဘယ်လိုဝင်သလဲ'

အာဝဉ်း ခေါင်းယမ်းလိုက်သည်။

'ညတက်ရောက်တဲ့အထိ စောင့်နိုင်တော့ဘူး၊ ဒီကနေ့ဆိုရင်
မြို့စား သမီးတော်ကို လက်ထပ်ခွင့်တောင်းမယ့် မင်းသားလေး
သုံးပါးဟာ ကျင်းလိမ်မြို့စား ဂေဟာကို ရောက်လာကြတော့
မှာ၊ သူတို့သုံးယောက်ထဲက တစ်ယောက်ယောက်နဲ့ ကျင်း
လိမ်မြို့စားကြီးက သဘောတူလိုက်ရင် ကျွန်တော်ဘယ်တော့
မှ တွေ့ခွင့်ရှိတော့မှာ မဟုတ်ဘူးဗျ'

အာဝဉ်း စိတ်လှုပ်ရှားနေပါသည်။ အသက်ပင် မရှူ တဲ
တကားတတွက်တွက် ပြောနေသည်။ မျောက်အိုကြီးမှာ အာဝဉ်း
ကို ကြည့်ကာ ရင်မောနေမိလေတော့သည်။

အာဝဉ်းက...

'လုပ်စမ်းပါဦး မျောက်အိုကြီးရယ်၊ ညအိပ်ညနက်တွေ
ထုတ်စမ်းပါဦး၊ မင်းသားလေးတွေနောက်ကို ရွှေခင်းသမီး
လေး ပါသွားရင် ကျွန်တော်တွေ့ခွင့်ရှိတော့မှာ မဟုတ်ဘူးဗျ'

မျောက်အိုကြီးက အရှေ့သက်ဆီသို့ မျှော် ကြည့် လိုက်
သည်။

အမှောင်ထု ကွယ်ပျောက်ကာ အလင်းရောင် လွှမ်းမိုးနေပြီ ဖြစ်သည်။ ကျောင်းလိမ်မြို့သူ မြို့သားများသည် နံနက်ခင်းနေခြည် အောက်တွင် သွားလာလှုပ်ရှားနေကြပြီ ဖြစ်လေသည်။

အစဝးဆီမှ စည်တော်ရှမ်းသံ၊ သာယာညှိုင်းပျောင်းသော တေးသီချင်းသံများလည်း တစ်ချက်တစ်ချက် ကြားရသည်။

ယနေ့သည် ကျောင်းလိမ်မြို့သူမြို့သားများအတွက် နေ့ထူးနေ့မြတ်တစ်နေ့ ဖြစ်ပေလိမ့်မည်။

ငှပ်စဝးမှ ရောက်ရှိလာကြသည့် မင်းသားလေးသုံးပါး၏ ဖူးစာရှင်ရွေးပွဲမှာ ကျောင်းလိမ်တစ်မြို့လုံး စိတ်ဝင်စားနေသည့်ကိစ္စ ဖြစ်ပေသည်။ မည်သူသည် သခင်မလေးကျောင်းကျောင်း၏မေတ္တာကို ဆွတ်ခူးနိုင်မည်နည်း။

ယနေ့ နံနက်တွင် မင်းသားလေး သုံးပါးစလုံး ကျောင်းလိမ် မြို့စားဂေဟာသို့ ရောက်ရှိလာကြတော့မည် ဖြစ်ပေသည်။

မျောက်အိုကြီး ဆက်ပြင်း ချလိုက်သည်။

အာဝှီးကိုကြည့်ကာ စိတ်မသက်မသာဟန်ဖြင့်....

'တို့ကမြို့စားဂေဟာကို ပြောင်ပြောင်တင်းတင်း ဝင်သွားရမလို ဖြစ်နေပြီ'

ဟု ပြောလိုက်၏။

အာဝှီး သာမှ စဉ်းစားမနေဘဲ....

'သာပဲဖြစ်ဖြစ်၊ သခင်မလေးကို နောက်ဆုံး အကြိမ်အဖြစ် တွေ့ရရင် တော်ပြီဗျာ'

'မင်း တကယ် တွေ့ချင်တာလား'

'တကယ်ပါ မျောက်အိုကြီးရယ်'



မျောက်အိုကြီးက တစ်စုံတစ်ခုကို ဆုံးဖြတ်လိုက်ဟန်ဖြင့်

'ကောင်းပြီ၊ သခင်မလေးကို တွေ့ချင်တယ်ဆိုရင် ငါ့အား ကို တစ်သဝေမတိမ်း နားထောင်ရမယ်၊ ဘယ်လိုလဲ'

'ကျွန်တော် နားထောင်ပါ့မယ်'

'ငါခိုင်းတာ လုပ်ရမယ်'

'ဘာပဲ ဖြစ်ဖြစ်၊ လုပ်ပါ့မယ်ဗျာ'

အာဝှီးသည် သခင်မလေးကျောင်းကျောင်းအား တွေ့ခွင့်အရေး ဘာမဆို လုပ်ဆိုင်ရန် အသင့်ရှိနေချေပြီ၊

မျောက်အိုကြီး က....

'ကောင်းပြီ၊ အချိန်ရှိတုန်း ဈေးထဲသွားပြီး အကောင်းဆုံး တစ်စုံနှစ်ထည်၊ မြင်းနှစ်ကောင်၊ အကောင်းစားလက်ဆောင်တစ်လုံး ရအောင် ယူခဲ့ပေတော့'

ဟု ပြောလိုက်၏။

အာဝှီးက...

'ဒီပစ္စည်းတွေ ယူလာနိုင်ရင် သခင်မလေးကို တွေ့ရမှာလား'

ဟု မေးသည်။

မျောက်အိုကြီးက ခေါင်းညိတ်ပြလိုက်သည်။

'ဟုတ်တယ်၊ တွေ့ရလိမ့်မယ်'

'ကောင်းပြီ၊ ဒီမှာ စောင့်နေပါ၊ ကျွန်တော် အခု ချက်ချင်း ပြန်လာခဲ့ပါ့မယ်'

စကားဆုံးလျှင် အာဝှီးက လျင်မြန်စွာ ပြေးထွက်သွား၏။ တစ်ခဏအတွင်းပင် မြဲကွင်းမှ ကွယ်ပျောက်သွားလေသည်။

ဓမျှာက်အိုကြီး သက်ပြင်းချလိုက်သည်။

'လွှယ်ပါလား၊ သခင်မလေးနဲ့ သူ့ရဲ့ဘဝဟာ မိုးနဲ့မြေလို ကွာခြားတယ်ဆိုတာ သူ တွေးမိလာအောင် ငါ ဘယ်လိုလုပ်ရမလဲ၊ မဖြစ်နိုင်တဲ့ဘဝနှစ်ခုကို ပေါင်းစပ်ဖို့ ကြံစည်ရင် သူ့ အကြီးအကျယ် ဒုက္ခ ရောက်ရမှာပေါ့၊ ခက်လိုက်တဲ့ အရှုပ်ပါလား'

ဟု ညည်းညူနေမိလေတော့သည်။

## ဖူးစာရှေ့ပွဲ ပျော်ပျော်နဲ့

စည်တော်ရှမ်းသံ ဝဂွမ်းဂွမ်းမြည်နေသည်။

သာယာညင်းပျောင်းသော တူရိယာသံများ ထွက်ပေါ်နေလေ၏။

ကျောင်းလိမ်မြို့စားဂေဟာ၊ ဧည့်ခန်းတွင် လှပခမ်းနားစွာ ပြင်ဆင်ထားလေသည်။

အစေခံအကြင်များသည် တစ်လှပ်သော အနီရောင်အဝတ်အစားများ ဝတ်ဆင်ကာ ဝင်ပေါက် ထွက်ပေါက်များတွင် ဟန်ပါပါဖြင့် စောင့်ကြပ်နေကြသည်။

ရံရွှေတော်မိန်းမလေးများ၊ အလုပ်သမားများသည်လည်း ပျာပန်းခတ်မျှ လှုပ်လှုပ်ရှားရှား သွားလာနေကြသည်။

ကျောင်းလိမ်မြို့စားဂေဟာမှာ စည်ကားသိုက်မြိုက်နေပေတော့သည်။

ယခုနေ့တွင် သခင်မလေးကျောင်းကျောင်း၏မွေးနေ့ကို တောင်းခံရန် သိုင်းလောကမှ ထင်ရှားသော မင်းသားလေးသုံးပါးရောက်ရှိလာလိမ့်မည် မဟုတ်ပါလား။

ကျောင်းလိမ်မြို့စားဂေဟာမှ အစေခံတော်များသည် လူကိုး လူတိုင်း၏ရင်ထဲ ကူးစက်ကာ စကားပြောသံများ၊ ရယ်သံ လွင်လွင်များ တသောသော ထွက်ပေါ်နေလေတော့သည်။

နေဝန်းနီမှာ ကောင်းကင်ပေါ်သို့ တဖြည်းဖြည်း မြင့်တက်လာသည်။

ကျောင်းလိမ်မြို့ကြီးမှာ ပို၍ စည်ကား သိုက်မြိုက်လာလေသည်။

ထိုအချိန်တွင်....

'ခွပ် ခွပ်... ခွပ် ခွပ်'

'ဖျောင်း ဖျောင်း ဖျောင်း ဖျောင်း'

မြင်းခွာသံ၊ မြင်းလှည်းဘီးလိမ့်သံများ ထွက်ပေါ်လာသည်။

ခရမ်းရောင်ဝတ်ဆင်ထားသူ တစ်စုသည် မြင်းကိုယ်စီစီးနှင်းကာ မြင်းလှည်းတစ်စီးကို ခြံရံ၍ ကျောင်းလိမ်မြို့စားဂေဟာဆီသို့ ဦးတည် လာနေကြသည်။

ရှေ့ဆုံးမှ မြင်းစီးသမား၏ လက်ထဲ၌ လှံရှည်တစ်လက် ကိုင်ထားပြီး လှံထိပ်တွင် ကြက်လျှာပုံသဏ္ဌာန် ခရမ်းရောင် အလံတစ်ခု ရှိနေသည်ကို တွေ့ရ၏။ ကြက်လျှာပုံအလံအလယ်



နဂါးတစ်ကောင်၏ပုံကို ရွှေချည်ဖြင့် ရေးထိုးထားသည်ကို အဝေးမှပင် မြင်နိုင်၏။

ထိုအလံမှာ တောင်ပိုင်းနယ်စား၏ အထိမ်းအမှတ် အလံ ဖြစ်ကြောင်း လူသိများပေသည်။

လမ်းသွားလမ်းလာများသည် ချက်ချင်းပင် လမ်းဘေးသို့ ဆင်းကာ လမ်းဖယ်ပေးလိုက်ကြ၏။

'တောင်ပိုင်းနယ်စားရဲ့လူတွေဟာ တတယ်ကို ခန့်ညားတာပဲ၊ သိုင်းလောကမှာလဲ တော်ကြတယ်'

'ဟုတ်တယ်ဗျို့၊ တောင်ပိုင်းနယ်က သခင်လေး ပါရိုးဟာ သိုင်းလောကမှာ နာမည်ကျော်တစ်ယောက်ပဲ၊ သူဟာ သခင်မလေးနဲ့ ထိုက်တန်တဲ့ လူငယ်တစ်ယောက်ပါပဲဗျာ'

လမ်းသွားလမ်းလာများသည် ကိုယ့်သဘောနှင့်ကိုယ် လွတ်လပ်စွာ ဝေဖန် ပြောဆိုနေကြပေတော့သည်။

တောင်ပိုင်းနယ်စား၏ မြင်းစီးသမားများ ဖြတ်ကျော်သွားပြီး မကြာမနှောင်းမှာပင်....

'ခွပ် ခွပ်... ခွပ် ခွပ်'

'ဖျောင်း ဖျောင်း ဖျောင်း ဖျောင်း'

မြင်းခွာသံများ၊ မြင်းလှည်းဘီးလိမ့်သံများ ထွက်ပေါ်လာပြန်သည်ကို ကြားလိုက်ရပြန်လေသည်။

မုခ်လမ်းမအတိုင်း မြင်းစီးသမားတစ်စု နှင်လာနေကြသည်ကို တွေ့မြင်ရ၏။

မြင်းစီးသမားများသည် အဝါရောင် အဝတ်အစားများ ဝတ်ဆင်ထားကြပြီးပန်းကနုတ်များ ခြယ်ထားသည့် မြင်းလှည်း တစ်စီးကို ခြံရံကာ လာနေကြသည်။

ရှေ့ဆုံးမှ မြင်းစီးသမားသည် အထိမ်းအမှတ် အလံတစ်ခု ကို ကိုင်ဆောင်ထားပေ၏။ အလံမှာ အဝါရောင်ဖြစ်ပြီး အလံ ပေါ်တွင် ဓားဖီနေသည့် ကျားတစ်ကောင်ပုံ ရေးဆွဲထား၏။ ကျားဝါရဲတိုက်မှ လူများဖြစ်ကြောင်း အလံကို ကြည့်ရုံဖြင့် သိနိုင်ပေတော့၏။

လမ်းသွားလမ်းလာများ၏ ဝေဖန်သံများ ထွက်ပေါ်လာ ပြန်သည်။

'ကျားဝါရဲတိုက်က မင်းသားလေး ဟူယို့ဟာ တအံ့ သူရဲကောင်းလေး တစ်ယောက်ပဲ'

'ဖခင်ရဲ့ ခြေရာနင်းပြီး မကြာခင် ကျားဝါရဲတိုက်ပိုင်ရှင် ရာထူးကို ဆက်ခံ ယ်လို့ သတင်းတွေ ထွက်နေတယ်'

'ကျားဝါ ရဲတိုက်က မင်းသားလေး ဟူးယို့နဲ့ သခင်မလေး ကျင်းကျင်းတို့ဟာ တကယ့်ကို လိုက်ဖက်ညီပါတယ်၊ နှင်းနဲ့လ ရွှေနဲ့မြပဲ'

ထိုသို့ ဝေဖန် ပြောဆိုနေစဉ်မှာပင် ကျားဝါရဲတိုက်မှ လူ များသည် မင်းလမ်းမကြီးဖြတ်ကာ ကျင်းလိမ်မြို့စားဂေဟာရှေ့သို့ ရောက်ရှိသွားကြပြီ ဖြစ်လေသည်။

ထိုအချိန်တွင်...

'ရွှေခေါင်းဂိုဏ်းမှ မင်းသားလေး ချန်းစိမ်း ကြွလာပြီ'



အောင်မြင်ခန့်ညားသော အသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရပြန်လေသည်။

မြင်းစီးသမားတစ်စုသည် မြင်းလမ်းအတိုင်း ခပ်သွက်သွက် နှင်လာနေကြသည်။ ရှေ့ဆုံးမှ မြင်းစီးလာသူမှာ အသက် နှစ် ဆယ်ကျော်ခန့်ရှိပြီး ချောမောခန့်ညားသော လုလင်တစ်ယောက် ဖြစ်လေသည်။

အဖြူရောင် အဝတ်အစားများ ဝတ်ဆင်ထားပြီး အဖြူ ရောင် ခေါင်းစည်းတစ်ထည် လွှမ်းခြုံထားသည်။ ခါး၌ ရွှေရောင် ဘဇိတ်ဖိတ် တောက်ပနေသည့် ဓားတစ်လက် ချိတ်ဆွဲထားလေ သည်။ တိုက်ပွဲတွင် အောင်ပွဲဆွတ်ခူးပြီး ပြန်လာသည့် စစ်သူကြီး တစ်ယောက်နှယ် ခန့်ညားလှပေသည်။

ထိုလူရွယ်၏ဘေး၌ အသက်ငါးဆယ်ခန့်ရှိသော အဘိုးအို တစ်ယောက် လိုက်ပါလာပြီး အနောက်ဘက်တွင် အပြာရောင် အဝတ်အစားများ ဝတ်ဆင်ထားကြသည့် မြင်းစီးသမားများ လိုက်ပါလာကြ၏။

ထိုလူစုသည် ခေါင်းထန်ကြမ်းတမ်းခြင်း၊ ရဲရင့်ခြင်း၊ အောင် မြင်မှုတွင် မမူ မလျော့ခြင်း၊ အကြောက်အရွံ့ ကင်းမဲ့ခြင်း စသည့် မြယုဂ် ဖြစ်သည်။

မြင်ရသူတိုင်း ဝေဖန် ပြောဆိုရန်ပင် မေ့လျော့ကာ ငေး ငေး ကြည့်နေကြလေတော့သည်။

ရှေ့ဆုံးမှ ဦးဆောင်လာသူကား ရွှေခေါင်းဂိုဏ်းမှ မင်းသား လေး ချန်းစိမ်း ဖြစ်သည်။ သူနှင့်အတူ ယှဉ်လျက် လိုက်ပါလာသည့် အဘိုးအိုမှာ ပညာရှိ ဝမ်ကိုး ဖြစ်ပေသည်။

မင်းသားလေး ချန်းစိမ်းတို့လူစုသည် ပတ်ဝန်းကျင်ကို အမှု မထားတဲ့ ကျင်းလိမ်မြို့စားဂေဟာဆီသို့ ဦးတည်၍ မြင်း ဒုန်းစိုင်း နှင်သွားကြ၏။

ထိုတို့လူစု အဝေးသို့ ရောက်သွားမှ....

'အခေတ်ကို ကျက်သရေရှိတဲ့ မင်းသားလေးပဲ'

'ရဲရင့်တဲ့ဟန် အမြည်ရှိတယ်'

'သူကြောက်အရွံ့ ကင်းဘာပါဗျာ'

'ဒေါနှမှာ ခက်ထန်မယ့်သဘော ရှိတယ်ဆိုတာလဲ ထည့် ပြောကြဦး'

စသည် စသည်ဖြင့် တစ်ယောက် တစ်ပေါက် ဝေဖန် ပြောဆို သံများ ထွက်ပေါ်လာလေတော့သည်။

\+ × +

သာယာနာပျော်ဖွယ်ကောင်းသော ခရာသံများ ထွက်ပေါ် လာသည်။

ကျင်းလိမ်မြို့စားဂေဟာသို့ အထူးဧည့်သည် မင်းသားလေး သုံးယောက် ရောက်ရှိလာပြီဆိုသည့် သင်္ကေတပင်။



ကျင်းကျင်းက ယောင်ယမ်းပြီး နားနှစ်ဖက်ကို လက်ဖြင့် ပိတ်လိုက်၏။ တေးသီချင်းသံများ၊ ခရာသံများ၊ စကားသံ များ ဘာဆို ဘာမျှ သူမ မကြားလိုပါ။

ထိုအသံများသည် သူမ၏ဘဝကို အဆုံးစီရင်ပစ်မည့် အသံ များ ဖြစ်သည်ဟု ခံယူထားလေသည်။

'သခင်မလေး ဟ... မင်းသားလေးသုံးပါး ရောက်လာပြီ'

ရင်မွှေးဘော် တင်းတင်းက အနားသို့ ကပ်လာပြီး ပြောလိုက် လေသည်။

ကျင်းကျင်း၏ မျက်နှာလေး ညှိုးငယ်နေသည်။

'တင်းတင်း ငါ့ကို ကယ်ပါဦး တင်းတင်းရယ်'

ဟု အားကိုးတကြီး ပြောလိုက်လေသည်။

တင်းတင်း စိတ်မကောင်း ဖြစ်သွား၏။ သခင်မလေး ကျင်းကျင်း၏အကြောင်းကို သူမသာလျှင် အသိဆုံး ဖြစ်ပေ သည်။

လွန်ခဲ့သော တစ်နှစ်ကျော်က ခရီးထွက်ရင်း လမ်း၌ ဒုက္ခ ရောက်ခဲ့စဉ်က လူတစ်ယောက်က သူမတို့အား ဝင်ရောက် ကူညီခဲ့သည်။

ကျင်းကျင်းသည် ထိုလူအား ကျေးဇူးတင်မဆုံးအောင် ဖြစ် နေသည့်အပြင် တိတ်တခိုး မြတ်နိုးတွယ်တာမိသည်ကို တင်းတင်း ရိပ်မိလေသည်။

ကျင်းကျင်း စကားပြောလေတိုင်း သူရဲကောင်း လူငယ်လေး ၏ အကြောင်း ပါစမြဲပင်။ ယခုတော့ သူမအာနေနှင့် ဖခင်

သခအာတွေ သူနှင့် လက်လက်ထိမ်းမြားရစေပေတော့မည်။ တင်းတင်း စိတ်ညစ်ကောင်း ဖြစ်မိ၏။

မည်သို့ဆိုစေ သိုင်းဘောတ မင်းသားလေး သုံးပါးအနက်၊ တစ်ယောက်ယောက်နှင့် လက်ဆက်လိုက်ခြင်းသည်၊ ကျင်းကျင်း အတွက် အကောင်းဆုံး ဖြစ်သည်ဟု နားလည် ထားပေတော့ သည်။

တင်းတင်း ငြိမ်နေသည်ကို တွေ့လျှင် ကျင်းကျင်းက...

'တင်းတင်းရယ်... ငါ့ကို အကြံကလေး တာလေး ပေးပါဦး'

ဟု မေးလာပြန်သည်။

တင်းတင်းက...

'သခင်မလေး-သိုင်းဘောတ မင်းသားလေး သုံးပါးဟာ တကယ့်ကို ယောကျ်ား ပီသကြသူတွေပါ၊ သူတို့အထဲက တစ်ယောက်ယောက်နဲ့ လက်ထပ်လိုက်မယ်ဆိုရင်၊ သခင်မလေး တသက်လုံး ပျော်ရွှင်ရ....'

သူမ၏စကားမဆုံးမီ ကျင်းကျင်းက ကြားဖြတ် ပြောလိုက် လေသည်။

'တော်ပါတော့ တင်းတင်းရယ်၊ တော်ပါတော့၊ ငါဆိုးပြီး နားမထောင်ပါရစေနဲ့တော့...'

ပြောပြောဆိုဆို တစ်ဘက်သို့လှည့်ကာ ကျောခိုင်းထားလိုက် လေသည်။ တင်းတင်း ပင့်သက် ရှိုက်လိုက်သည်။

ကျင်းကျင်း ဘောတ ဝေဒနာ ခံစားနေရသည်ကို မကြည့် ရက်ပါချေ။ ကျင်းကျင်းသည် သူမအား ရင်းရင်းနှီးနှီးဟု သခင်



မထားတဲ့ ညီမ အရင်းတဖွယ် ဆက်ဆံခဲ့သည်ကို သူမ အသိ ဆုံးပင်...

သူတို့ နှစ်ယောက်သည် ငယ်စဉ်ကတည်းက အတူတူ နေထိုင်ခဲ့ကြ သူများဖြစ်၍လည်း၊ တစ်ယောက်အပေါ် တစ်ယောက် သံယောဇဉ် ရှိကြသည်။

တစ်ယောက် မျက်နှာ ညှိုးသည်ကို တစ်ယောက် ကြည့်မနေ နိုင်ကြချေ။

တင်းတင်းက ကျင်းကျင်း အနီးသို့ ချဉ်းကပ်သွားပြီး...

'သခင်မလေးရယ်- ဘယ်သူ ဘယ်ဝါမှန်းလဲ မသိ၊ ဘယ်မှာ နေမှန်းလဲ မသိတဲ့လူတစ်ယောက် အတွက် စိတ်ဒုက္ခ အရောက် ခံပါနဲ့တော့လား၊ သူ့ရဲ့ နေရာကို သိရင် ကျွန်မကိုယ်တိုင် သွားတွေ့မိမှာပါ၊ အခုတော့ ဘယ်လိုမှ ပြန်မဆုံနိုင်တော့တဲ့ လူတစ်ယောက် အတွက်...'

ထိုခဏ တစ်ကြိမ်လည်း သူမ၏ စကားမဆုံးမီ ကျင်းကျင်းက ကြားဖြတ် ပြောလိုက်ပြန်လေသည်။

'ဘာကြောင့် ပြန်မဆုံနိုင်ရမှာလဲ၊ မနေ့ညကတောင် သူ့ကို ငါတွေ့လိုက်သေးတာပဲ'

တင်းတင်းက ငြိုးလိုက်သည်။

ညက ကျင်းကျင်း၏ အခန်းတွင်းသို့ သူခိုးဝင်လာခဲ့ပေသည်။ အစောင့်များ ကြပ်မျှား ပိုက်လုံး ရှာဖွေပါသော်လည်း၊ မမိဘဲ လွတ်မြောက် သွားခဲ့လေသည်။

ကျင်းကျင်းက ထိုသူခိုးမှာ သူမအား ကယ်တင်ခဲ့သည့် သူ၏ အကောင်းဖြစ်သည်ဟု ဆိုနေသည်။ တင်းတင်းလည်း သူခိုးကို

တွေ့ခဲ့သည်။ သို့သော် ညအချိန်ဖြစ်သည့်အပြင်၊ အလင်းရောင် အားနည်းသဖြင့် သူ၏ မျက်နှာကို သေသေချာချာ မတွေ့ခဲ့ရချေ။

ကျင်းကျင်းသည် စွဲလမ်းစိတ် အားကြီးပြီး၊ သူခိုးကို သူမ၏ ရှေ့ရဲ့တောင်းဟု ထင်မှတ်နေခြင်း ဖြစ်မည်ဟု ယူဆထားလေသည်။

ကျင်းကျင်းက....

'ညာရှီ ဧဝိ သုယ ပြောသွားတဲ့ စကားကို မှတ်မိသေးရဲ့လား တင်- ငါက စောရ တစ်ယောက်နဲ့ အကြောင်း ဆက်ပေါင်းဖက်ရမယ်ဆိုတာလေ၊ ညက သူဟာ ငါ့အခန်းထဲကို တိတ်တိတ်ကလေး ခိုးဝင်လာခဲ့တာပဲ'

တင်းတင်းက....

'သခင်မလေး- သူ့အကြောင်းကို နောက်မှ စဉ်းစားကြတာပေါ့၊ အခုတော့ သခင်ကြီးက လုလုပပ ဝတ်ဆင်ပြီး ဧည့်သည်တွေကို ဧည့်ခံဖို့ အသင့်ပြင်ထားဖို့ မှာလိုက်ပါတယ်'

ဟု ပြောလိုက်လေသည်။

ကျင်းကျင်း ခေါင်းယမ်းလိုက်သည်။

'အို- ငါ အောက်ထပ်ကို မဆင်းချင်ပါဘူးအေ'

'ဒီလိုဆို သခင်ကြီး စိတ်ဆိုးတော့မှာပေါ့'

ကျင်းကျင်းက ဘာမှ မပြောဘဲ ပါးစပ် ပိတ်ထားလိုက်လေသည်။

တင်းတင်းက...

'ကဲပါ သခင်မလေးရယ်- အလှပြင်ကြရအောင်'



တိုက်တိုက်တွန်းတွန်း ပြော၏။

ထို့စဉ်-

'တောင်ပိုင်းနယ်မှ မင်းသားလေး ကြွချီလာပါပြီ'

အောက်ထက်မှ အခစားဝင် အကြွပ်များ၏ အသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ကျင်းကျင်း လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

'တင်းတင်း- သူ့ကို မြင်ဖူးသလား'

ဟု မေးလိုက်၏။

တင်းတင်း ခေါင်းယမ်းလိုက်သည်။

'မမြင်ဖူးပါဘူး... သခင်မလေး'

'ဒီလောက် နာမည်ကျော်နေတာ ဘယ်လိုလူမျိုးလဲဆိုတာ ငါကြည့်ချင်လိုက်တာ'

တင်းတင်း ပြုံးလိုက်သည်။

'မကြာခင် သခင်မလေး တွေ့ရမှာပါ၊ နောက်ဆို တစ်သက်လုံးတောင် ကြည့်ချင် ကြည့်နေဦးမှာ'

'တော်စမ်းပါ- ငါက သူ့ရဲ့ရောင်းလေးနဲ့ ဘယ်သူသာသလဲဆိုတာ ချိန်ထိုးကြည့်ချင်လို့ပါ'

'သခင်မလေးရယ်'

ကျင်းကျင်းက လသာဆောင်ဘက်သို့ ထွက်သွား၏။ တင်းတင်းက နောက်မှ လိုက်သွား၏။ လသာဆောင်မှ ကြည့်လျှင် အဆောက်အအုံ အရှေ့ဘက်ကို ကောင်းစွာ တွေ့မြင်နိုင်ပါသည်။

တင်းတင်းနှင့် ကျွင်းကျွင်းတို့ အကဲခတ်ကြည့်နေလိုက်ကြ လေသည်။

ထိုအချိန်တွင် အားဆောက်အအုံရှိသို့ တောင်ပိုင်းနယ်စား၏ လူများ ရောက်ရှိလာကြပြီ ဖြစ်လေသည်။

တောင်ပိုင်းနယ်စား၏ လူများသည် စည်းကမ်း သေဝပ် စွာဖြင့် မြင်းပေါ်မှ ဆင်းလိုက်လေသည်။ လူတစ်ယောက်က မြင်းလှည်း တံခါးသွားဖွင့်ပေးလိုက်၏။ မြင်းလှည်း အတွင်းမှ ပိုင်ဆံကျစ်များ ဝတ်ဆင်ထားသည့် လူရွယ်တစ်ယောက် ဆင်း လာပါသည်။

ထိုလူရွယ်အား တောင်ပိုင်းနယ်စား၏ လူများက ဦးညွှတ် ဂါရဝ ပြုလိုက်ကြသည်ကို တွေ့လိုက်ရ၍ တောင်ပိုင်း နယ်စား၏ သား သခင်လေး ပေါ်ဖိုး ဖြစ်ကြောင်း သိနိုင်၏။

မှန်ပေသည်၊ ထိုလူရွယ်မှာ သခင်လေး ပေါ်ဖိုးဖြစ်ပေသည်။

ပေါ်ဖိုးမှာ အရွယ်နှင့် မလိုက်အောင် ဝဖိုင့်ဖိုင့် ရှိလ သည်။ ဦးခေါင်းသုံးလုံး၊ မျက်နှာပြဲပြဲ ဗိုက်ရွဲရွဲနှင့် ခပ်စဆွယ် ကောင်းနေပေသေး တော့၏။

'အဟက်'

ကျွင်းကျွင်း လွှတ်ခနဲ ရယ်လိုက်မိသည်။

တင်းတင်းက...

'တာဆဲ...သခင်လေး သာတောကျ သွားပြီလား'

ဟု မေးလေသည်။

ကျွင်းကျွင်းက....



'ဆိုးအ... သူ ကို သားတော်ကျရင် ငါက ဝက်ကြီး တစ် ကောင်ရဲ့ ဗိုက်မှ ဖြစ်သွားတော့မှာပေါ့'

ဟု ပြော၏။

တင်းတင်း ပါးစပ်ပိတ်ထားလိုက်လေသည်။

သခင်လေး ပေါ်ဖိုးသည် စည်ပိုင်းကြီး တစ်လုံးလိမ့်လာသည် ပမာ အိ...အိ...ဖြင့် လျှောက်ရင်း ကြိုဆိုနှုတ်ဆက်သူများ ကြား၌ အားဆောက်အအုံ အတွင်းသို့ ဝင်သွားလေသည်။

ကျွင်းကျွင်းက

'ဒီကောင်လေး ပိုချောက်ပန်းပျက် ဝနေတဲ့လူကို မင်းသား လေးလို့ ပြောကြတယ်၊ နယ်စား ကောင်းလိုက်တာ လူဆိုဖြစ်ရဲ အခြိန်အခါ ကြောင့်ပဲ ဖြစ်တယ်'

ဟု မှတ်ချက်ချ၏။

တင်းတင်းကား ဘာမျှ မပြောချေ။ အာရုံစိုက်၍သာ ကျွင်း ကျွင်းသတို့ သခင်လေးပေါ်ဖိုးအား နှစ်သက်ကြတော့မည် ဆိုလျှင် ဝဖိုင့်သည်ကို အပြစ်မြင်လိမ့်မည်မဟုတ်ဟု ယုံကြည် ထားလေတော့သည်။

'ကျားဝါ ရဲတိုက် သခင်လေး ကြွချီလာပြီ'

သံတော်ဆင့်၏ အသံထွက်ပေါ်လာပြန်ပါသည်။

တင်းတင်းနှင့် ကျွင်းကျွင်းမှာ သခင်လေးပေါ်ဖိုးကို ရယ်မော လျှမ်းကြည့်လိုက်ကြလေသည်။ အားဆောက်အအုံရှိသို့ လူတစ်စု ရောက်ရှိလာကြပြန်ပြီ ဖြစ်လေသည်။ ကျားဝါရဲတိုက်မှ လူများ ဖြစ်ပေသည်။

မြင်းလှည်းတံခါးပွင့်သွားပြီး လူတစ်ယောက် ဆင်းလာသည်ကို တွေ့မြင်ရလေသည်။ ထိုလူမှာ ကျောင်းဝ ရဲဘိုက်မှ သခင်လေးဟူးယို ဖြစ်လေသည်။

ဟူးယို၏မြင်လျှင် ကျောင်းကျောင်း၏မျက်နှာ ရှုံ့မဲ့သွားလေသည်။

'အမယ်လေး-အရုပ်ဆိုးလဲ ရှုံ့လိုက်တာ၊ အသားတွေလဲ မည်းလိုက်တာ၊ သရဲကြီးကျနေတာပဲ'

မင်းသားလေး ဟူးယို၏အဖြစ်ကို ထုတ်ဖော် ပြောဆိုလိုက်လေသည်။

တင်းတင်း ပြုံးလိုက်သည်။

'မင်းသားလေး ဟူးယို ဟာ ဆွေကြီးမျိုးကြီးက ဆင်းသက်လာသူပါ၊ ချမ်းသာကြွယ်ဝသလို သိုးညှောင်လဲ တော်ပါတယ် သခင်မလေး'

ဟု ပြောလိုက်၏။

ကျောင်းကျောင်းက....

'ညည်း သဘောကျရင် ညည်းယူလိုက်ပါလား'

'ဟာ—သခင်မလေးကလဲ'

'ငါတော့ ငါလိုမည်းမည်းသည်းသည်းကြီးကို အိမ်ထောင်ဖက်အဖြစ် မရွေးနိုင်ပေါင်'

မဲ့ဆဲ ရွဲ့တဲ့ပြောနေသည့် ကျောင်းကျောင်း၏ အမူအရာကြောင့် တင်းတင်းရယ်လိုက်လေသည်။ မင်းသားလေး ဟူးယိုနှင့် နောက်လိုက်များသည် အဆောက်အအုံအတွင်း ဝင်သွားကြလေသည်။



ကျောင်းကျောင်းက....

'ရွှေဘားရဲဘိုက်က သခင်လေးပဲ ကျန်တော့တယ်'

ဟု ပြောလိုက်၏။

တင်းတင်းက....

'သူလဲ လာနေပါပြီ သခင်မလေး'

သူမ၏ စကားသံနှင့် မရှေးမနှောင်းမှာပင်...

'ရွှေဘားရဲဘိုက်မှ သခင်လေးကြွချီလာပါပြီ'

သံတော်ဆင့်၏ အသံထွက်ပေါ်လာ၏။ တဆက်တည်းပင် တဖျောင်းဖျောင်းမြည်သံ ထွက်ပေါ်လာသည့် မြင်းခွာသံများမှာ မြို့တော်ဂေဟာ တစ်ခုလုံး ဖုံးလွှမ်းသွားလေသည်။

တင်းတင်းက ...

'လူဆိုးခေါင်းပြောတဲ့ မြို့ထဲဝင်စီးတာ ကျန်နေတာပဲ'

ဟု ပြောလေသည်။

ကျောင်းကျောင်း ထောက်ခံလိုက်သည်။

'ဟုတ်တယ်၊ မြို့စားဂေဟာကို ရှိသမျှစားစရာရှိမယ်ဆိုတာ မသိကြဘူး ထင်တယ်'

သူတို့ မကျေနပ် ပြောဆိုနေကြစဉ် မြင်းစီးသားတစ်စုမှာ အဆောက်အအုံရှေ့သို့ ရောက်ရှိလာပြီး ဖြစ်လေသည်။

ရှေ့ဆုံးမှ ဦးဆောင်လာသူက မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်းလိုက်၏။ ရွှေဘားရဲဘိုက်မှလူများသည် ဒူးထောက်ထိုး အချိုင်၊ မြင်းစီးအလွန်ကျွမ်းကျင်ကြသူများ ဖြစ်ကြသည်။

မြင်းချင်း မွေးမြူခြင်း၊ မြင်းစီးပြိုင်ခြင်းသည် ရွှေဘားရဲဘိုက်မှ လူများ၏ မိရိုးဖလာ ထုံးစံဓလေ့တစ်ခု ဖြစ်ခဲ့ပသည်။

ရှေ့ဆုံးမှ ဦးဆောင်လာသူမှာ ရွှေခါးရိုက်မှ ထားဝင်လေး ချွန်းစိမ်း ဖြစ်လေသည်။

ငပိသားလေးချွန်းစိမ်းနှင့်အတူ လိုက်ကြဲ ကြွ လိုက်ပါလာသည့် ငပိကျိုးနှင့် ရွှေအေးဝင်းက မှ [illegible] တော်များလည်း မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်းလိုက်ကြလေသည်။

သူတို့၏ လှုပ်ရှားပုံမှာ အမဲလိုက် မုဆိုးများနှယ် လျင်မြန်သွက်လက်လှ လှပေသည်။

ကျင်းကျင်းဆ...

'ငါလိုလူမျိုးနဲ့ ဂဏ်ထပ်ရင် အပြင်မှာ ငိုတာတိတ်တိတ်နဲ့ နေရမှာပဲ'

ဟု ပြောလိုက်၏။

တင်းတင်း ကြောင်ကြမ်းဆန်း ဖြစ်သွား၏။

ကျင်းကျင်းကို နားမလည်နိုင်စွာကြည့်ကာ...

'ဘာဖြစ်လို့လဲ သခင်မလေး'

ဟု မေးလေသည်။

ကျင်းကျင်းက...

'သူက ရန်လိုတဲ့အသွင် ရှိတယ်ဆိုတော့ မ ကွာ တားလာ၊ လူတစ်ယောက်နဲ့ လျှောက် ပြီးနှင့်ဖြစ်နေမှတော့ ဘယ်နေ့ ဒုက္ခရောက်မလဲလို့ စိတ်တထင့်ထင့် ဖြစ်နေရတော့မှာပေါ့'

'ဟင်း...ဟင်း... ဟင်း'

တင်းတင်း သဘောကျစွာ ရယ်မောလိုက်လေသည်။



ငပိသားလေးချွန်းစိမ်းသည် ပေါ့ကျပီသသော ရုပ်သွင်ရှိ၍ ရန်စွာမှု ခန့်ညားသူ ဖြစ်လေသည်။ မိန်းကလေးများ နှစ်သက်သဘောကျသည့် ရုပ်သွင်မျိုး ဖြစ်ပေသည်။

တင်းတင်းက...

မာန်မာနကြီး၍ မျက်နှာထားတင်းနေတာကလွဲရင် ကျန်မင်းသားလေးနှင့်ယှဉ်လျှင် ထက်ပြီး နှစ်သက်ရော ကောင်းတယ်

ဟုပြောလေသည်။

ကျင်းကျင်းက...

'နှစ်သက်တယ်ဆိုရင် ညည်းပဲယူလိုက်ပါလား'

ဟု ပြောလိုက်သည်။

တင်းတင်းက...

'ဟင်-သခင်မလေးက ဘယ်လူကိုမှ သဘောမကျနိုင်တော့ဘူးလား'

'ဟုတ်တယ်'

'အဲ့ မှ ဒုက္ခပဲ'

ကျင်းကျင်းက...

'သူတို့သုံးယောက်ဟာ ချမ်းသာကြွယ်ဝတယ်၊ သိုင်းပညာတော်တယ်၊ ထင်ရှားကြတယ်၊ ဒါပေမယ့် ငါသဘောမကျနိုင်ဘူး'

'သခင်မလေးတော့ ခက်တော့တာပဲ'

ကျင်းကျင်းသည် တစ်စုံတစ်ခုကို သတိရလာဟန်ဖြင့် မျက်နှာထားလေး ညှိုးကျသွားလေသည်။

'ဝါ... သဘာဝမကျပေမယ့် ဖေဖေက သစ္စာကျသွားရင် ပေးစားမှာ သေချာတယ်၊ ဝါ့ကိုကူညီပါဦး တင်းတင်းရယ်'

တင်းတင်းရင်မောသွားပါ၏။

'သခင်မလေးရယ်'

ထိုအချိန်တွင် မြို့စားဂေဟာ ခြံဝင်းသို့ ရှုပ်ရှက်ခတ်သဲ ဖြစ်နေသည်ကို တွေ့မြင်လိုက်ရသည်။

တင်းတင်းနှင့် ကျွန်းကျင်းတို့ အံ့ဩသွားကြ၏။

'ဘာဖြစ်တာလဲ'

သူတို့နှစ်ယောက် လှမ်းကြည့်လိုက်ကြလေသည်။

ကြုံတွင် ထူးခြားသော အဖြစ်အပျက်တစ်ခု ဖြစ်ပေါ်လာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

× ×

မြို့စားကြီးဂေဟာ ခြံဝင်းရှေ့ဝယ် အစောင့်အကြပ်များ ရှိနေကြပေ၏။

အထူးသွေ့သည် မင်းသားလေးသုံးပါးရောက်လာမည်ဖြစ်၍ အစောင့်များ စိတ်လှုပ်ရှားနေကြ၏။

သွေ့သည်တော်များ အထပ်အမြင့်သော သွားရာလမ်းအောင် ရင်ကောကာရပ်လျက် လူရှည်များကိုညီညာစွာကိုင်ရင်း တံခါးမကြီးတော တစ်ဘက်တစ်ချက်၌ စီတန်းရပ်နေကြသည်။



ခါတိုင်းဆိုလျှင် ဖြစ်သလိုစောင့်ကြပ်နေကြသည်သာ ဖြစ်ပေသည်။

နေခြည် ပွင့်လာသည်နှင့် သွေ့သည်တော် မင်းသားလေးသုံးပါးမှာ နောက်လိုက်နောက်ပါများဖြင့် ရောက်ရှိလာကြလေသည်။

သွေ့သည်များ မြို့စားဂေဟာအတွင်းသို့ ရောက်ရှိသွားပြီ ဖြစ်၍ အစောင့်များ ရင်ပေါ့သွားကြသည်။

ထက်တောင့်သက်သာ အနေအထားဖြင့်နေရင်း အချင်းချင်း နောက်ပြောင်ရယ်မောနေကြ၏။

ထိုစဉ်...

'ခွပ်...ခွပ်...ခွပ်...ခွပ်'

မြင်းခွာသံများ ထွက်ပေါ်လာသည်။

မြင်းစီးသမား နှစ်ယောက် မြင်းကို ဒုန်းစိုင်း စီးနင်းလာ ရောက်လာကြသည်ကို တွေ့မြင်လိုက်ရလေသည်။

အစောင့်များ လှုပ်လှုပ်ရှားရှားဖြစ်သွားကြ၏။

ချက်ချင်းပင် စီတန်းလျှာ အသင့်အနေအထားဖြင့် ပြန်ရပ်လိုက်ကြ၏။

အစောင့်တို့၏မျက်နှာဝယ် အံ့ဩခြင်း၊ နားမလည်နိုင်ခြင်း စသည့်အရိပ်အယောင်များ ဖြစ်ပေါ်နေပါသည်၊

မင်းသားလေးသုံးယောက် ရောက်လာမည်ဟု သိထားကြသည် မဟုတ်ပါလား။

မင်းသားလေး သုံးယောက်သည် ချောချော မောမော ရောက်ရှိလာပြီး မြို့စားဂေဟာအတွင်းသို့ ဝင်သွားကြပြီ ဖြစ်လေသည်။

ယခုတစ်ဖန် ရောက်ရှိလာသူမှာ မည်သူဖြစ်ပါသနည်း။

အစောင့်ခေါင်းဆောင်သည် မြင်းရှိုးဖြင့် ရှေ့သို့ထွက်လာ...

'ရပ်လိုက်'

ဟု တန့်တားလိုက်လေသည်။

မြင်း [illegible] စီးနင်းလာသည့် ယောက်မှာ ခြံဝင်းရှေ့တွင် မြင်းကို အရှိန်သတ် ရပ်တန့်လိုက်ကြလေသည်။

မြင်းပေါ်တွင် လိုက်ပါလာကြသူများမှာ လူငယ်လေး တစ်ယောက်နှင့် မျက်နှာ စက်ချွန်းချွန်း ရှိသည့် အဘိုးအို တစ်ယောက်တို့ ဖြစ်ကြလေသည်။

အဘိုးအိုက အစောင့်ခေါင်းဆောင်ကို ကြည့်လာ...

'ဗမ္ဗူတလွှာမှာ ကျော်ကြားတဲ့ မိုးကုဋ္ဌေ ကိုတော်မင်းသားလေး ဟာ ကျွန်ုပ်တို့ မြို့စားကြီးအမိန့်တော်ရဲ့ မေတ္တာဝန်းကို ဆွတ်ခူး လှမ်းမိ ရောက်လာပါတယ်'

ဟု အေးနေသံထားဖြင့် ပြောလိုက်လေသည်။

အစောင့်ခေါင်းဆောင် တွေဝေသွား၏။

မြင်းပေါ်မှ လူငယ်လေးကို သေချာစွာ ချော ကြည့်လိုက်၏။

မြင်းပေါ်တွင် ထိုင်နေသူမှာ အချော့ ဖြစ်ပေသည်။

အချော့သည် မျောက်အိုကြီး [illegible] သည့်အတိုင်း [illegible] အဝတ်အစား အဖိုးတန်အဝတ်အစားများ ခိုးယူခဲ့သည်။



မြင်းကောင်းနှစ်ကောင်နှင့် လေတ္တာတစ်လုံး ခိုးလာခဲ့သည်။ လေတ္တာမှာ မျောက်အိုကြီး စီးနင်းသည့် မြင်းပေါ်တွင် ပါလာ လေသည်။

မျောက်အိုကြီးသည်လည်း ရှုန်စွာမှပင် ချေးကြီးသော အဖိုး တန် ဝိုးဖဲအဝတ်အစားများ ဝတ်ဆင်ထား၏။

အချော့မှာ နဂိုကပင် ချောမောခန့်ညားသူ တစ်ယောက် ဖြစ်ရာ ဝတ်ကောင်းစားလှ ဝတ်ဆင်လိုက်လျှင် မင်းညီ မင်းသားတစ်ပါး ဟုပင် ထင်မှတ်ရပေတော့သည်။

အစောင့်ခေါင်းဆောင်သည် အချော့ကို အကဲခတ်ကြည့်လိုက် ပြီးမှ...

'မင်းသားလေးဟာ မြို့စားကြီးဆီကို ကြိုတင် [illegible] မကြားရသေးဘူး ထင်ပ [illegible]'

ဟု လေးတိုးစမ်းသလို မေးလိုက်လေသည်။

အချော့ ခေါင်းညိတ်ပြလိုက်သည်။

'ဟုတ်ပါတယ်'

မျောက်အိုကြီးက...

'ကျုပ်တို့ ဝေးလှလှ ခရီးလာခဲ့ရတာ ဆိုတော့ [illegible] လှော့ပြီး ကြိုတင် အကြောင်းကြား မထားနိုင်ခဲ့ဘူး'

ဟု [illegible] ပေးလေသည်။

အစောင့်ခေါင်းဆောင်က...

'ဒီလိုဆိုရင် မင်းသားလေးဟာ ဘာကိစ္စ [illegible] လာခဲ့ တယ်ဆိုတာ [illegible] ရှိ [illegible] ဖြစ်တယ် ဆိုတာ

ရယ် ပြောပြစေချင်ပါတယ်၊ ကျုပ်တို့မြို့စားကြီး ဆီကို သတင်း
ပို့ပေးပါ့မယ်'

ဟု ရည်ရည်မွန်မွန် ပြောလေသည်။

အာဝွီးက မျောက်အိုကြီးကို ကြည့်လိုက်၏၊ မျောက်အို
ကြီး၏ အစီအစဉ်သည် လွန်စွာမှပင် အန္တရာယ်များလှကြောင်း
နားလည်သွားလေသည်။

သို့သော် သခင်မလေး ကျွန်းကျွန်းကို တွေ့လိုလှသဖြင့် အမှု
ဆောင်နိုင်တဲ့ သက်ခံခဲ့ရခြင်းဖြစ်လေသည်။

မျောက်အိုကြီးသည် အစောင့်ခေါင်းဆောင်၏ မေးမြန်း
ချက်ကို ကြားရသော်လည်း ဣန္ဒြေပျက်မသွားပါချေ။

တည်ငြိမ်ရင့်ကျက်သော လေသံဖြင့်

'သိုင်းလောကမှာ ထင်ရှားတဲ့ ကျွန်းများရှင်ရဲ့သားတော်
အာဝွီးဆိုတာ မကြားဖူးကြဘူးလား'

ဟု ပြောလိုက်၏။

အစောင့်ခေါင်းဆောင် ရင်ထိတ်သွား၏။

ကျွန်းများရှင်ဆိုသည့်အမည်ကို မကြားဖူးသည်မှာ အမှန်ပင်
ဖြစ်သည်။ သို့သော် အာဝွီးနှင့် မျောက်အိုကြီးတို့၏ ဟိတ်ဟန်
ကြောင့် အထင်မသေးရဲပါချေ။

'ကျေးဇူးပြုပြီး ခဏစောင့်ပါခင်ဗျာ'

ဟု ရိုရိုသေသေ ပြောလိုက်သည်။

ပြီးမှ သူ၏တပည့်တစ်ယောက်ကို လက်ယပ်ခေါ်ကာ...

'ကျွန်းများရှင်၏သားတော် မင်းသားလေးအာဝွီး ရောက်
လာတယ်လို့ မြို့စားကြီးကို သွားပြီး အကြောင်းကြားလိုက်ပါ'



ဟု အမိန့်ပေးလိုက်လေသည်။

သူ၏တပည့် ဦးညွတ်ကာ ခပ်သွက်သွက် ပြေးလွှားသွား၏။

အာဝွီးနှင့် မျောက်အိုကြီးတို့ တစ်ယောက်ကို တစ်ယောက်
ကြည့်လိုက်မိကြသည်။

အာဝွီး ရင်ထိတ်နေပါ၏။ မျောက်အိုကြီး၏ အစီအစဉ်
အတိုင်း လိုက်နာမိသည်မှာ မှားယွင်းနေပြီလောဟု စိတ်ထဲ
သံသယဝင်လာသည်။

မျောက်အိုကြီးက မည်သူမျှ မမြင်သာအောင် မျက်စိ တစ်
ဖက် မှိတ်ပြလိုက်၏။ ဘာမှမပူနဲ့ဆိုသည့် သဘောဖြစ်လေ
သည်။

မကြာပါချေ။ အတွင်းဘက်ဝင်သွားသူ ပြန်ထွက်လာ
သည်ကို တွေ့ရ၏။

ထိုလူသည် အစောင့်ခေါင်းဆောင်ကို ဦးညွတ်လိုက်ပြီး...

'မြို့စားကြီးက ကျွန်းများရှင်ရဲ့ သားတော်ကို လွှတ်လိုက်ဖို့
အမိန့်ပေးလိုက်ပါတယ်'

ဟု ပြောလေသည်။

အစောင့်ခေါင်းဆောင်က အာဝွီးတို့ဘက် ပြန်လှည့်လိုက်
သည်။ လက်နှစ်ဘက် ဆုပ်ကာ ဦးညွတ်ရင်း...

'အခုလို တားမြစ်ထားမိတာကို ခွင့်လွှတ်ပါဗျာ၊ အတွင်း
ဘက်ကို ဝင်သွားနိုင်ပါပြီ'

ဟု ပြောလိုက်လေသည်။

မျောက်အိုကြီး သဘောကျစွာ ပြုံးလိုက်သည်။

'အခုမှ ဝို့'
ပြောပြီး အာရုံးနှင့်အတူ ခြံဝင်းအဝင်းသို့ မြင်း မောင်း
နှင်သွား ပေါ်ရောက်လာသွားလေတော့သည်။

'ထူး ရှုပ်'

ကျောင်းကျောင်း လွှတ်ခနဲ ပြောလိုက်၏။

သူမ ရှုပ်လှုပ်ရှားရှား ဖြစ်နေပါ၏။

တင်းတင်း မျက်မှောင်ကုတ်သွားသည်။

'ဘာဖြစ်နေလဲ ဘာပြောတာလဲ'

'ဟို...ဟိုမှာကြည့်စမ်းပါဦးအေ'

ခြံဝင်းအောက်သို့ မြင်းကို ခုန်သွားစီးနင်းလာ ဝင်လာ
သည့် အာရုံကို ညွှန်ပြကာ ပြောလိုက်ခြင်းဖြစ်လေသည်။

တင်းတင်းအ လှမ်းကြည့်လိုက်သည်။

ထိုသည်...

'ကျွန်းမျှားရှင်၏ သားတော် မင်းသားလေး အာရုံ
ကြွချီလာပြီ'



သဲတောင်သင့်ဖါအသံ ထွက်ပေါ်လာသည်ကို ကြားရလေ
သည်။

ကျောင်းကျောင်းက...

'ကျွန်းမျှားရှင်ရဲ့သား မင်းသားလေး အာရုံးဆိုပါလား'
ဟု ရေရွတ်လိုက်လေသည်။

တင်းတင်းသည် အာရုံးကို သေသေချာချာ အကဲခတ်
ကြည့်လိုက်၏။ သူ၏စိတ်ထဲဝယ် မြင်ဖူးသည်ဟု ထင်မှတ်
လာသည်။

'ကျွန်းမျှားရှင်ရဲ့ သားတော် မင်းသားလေး အာရုံးကို
ကျွန်မ မြင်ဖူးသလိုပဲ'
ဟု ပြောလိုက်သည်။

ကျောင်းကျောင်းက အားမလိုအားမရဖြစ်ပြီး...

'သူ့ကိုတောင် ညည်းက မမှတ်မိတော့ဘူးလားအေ'

'ဟာ...ဟုတ်ပြီ၊ ဟုတ်ပြီ၊ ညက သင်္ချိုင်းအခန်းထဲကို
ဝင်လာခဲ့တဲ့ ဧည့်သည်ဟာ သူပေါ့၊ ပတ်ကောင်းလာလို့ ပတ်
သားလေး ကြည့်လို့ ကောင်းနေတယ်။ ရုတ်တရက် မှတ်မိဖို့
တယ်လွယ်မလဲ'

သူမ၏ စကားကြောင့် ကျောင်းကျောင်း စိတ်ပျက်သွားလေ
သည်။

တင်းတင်း၏ ပခုံးကို မနာအောင်ပုတ်ကာ...

'တင်းတင်းရယ် သေသေချာချာ စဉ်းစားကြည့်စမ်းပါဦး၊
ဟိုးလွန်ခဲ့တဲ့ တစ်နှစ်ကျော်က ဝါတို့ကို ဒေးပြခတွေလက်ထဲက

အယ်တင်နဲ့တဲ့ ကျေးဇူးရှင် သူရဲ့အကောင်းကို ညည်းမမေ့နေပြီ
လား'

ဟု ပြောလိုက်၏။

တင်းတင်း ခေါင်ငေါ့ ဖြစ်သွားလေသည်။

အာရုံကို သေသေချာချာ အကဲခတ်ကြည့်ရင်း....

'သခင်မလေး သေချာရဲ့လား'

ဟု မေးလိုက်၏။

ကျင်းကျင်း ခေါင်း ညိတ်လိုက်သည်။

'သေချာတာပေါ့၊ သူမှသူ အစစ်ပဲ'

'သူဟာလဲ သခင်မလေးရဲ့ မေတ္တာပန်းကို ဆွတ်ခူးလှမ်းဖို့
လာနေပြီပေါ့၊ ဒါဆိုရင် ဝမ်းသာစရာပဲ'

ကျင်းကျင်း၏ မျက်နှာတခေး နီရဲသွားလေသည်။ ကျင်း
ကျင်းကိုယ်ပင် မကြည့်ရဲအောင် ရှက်ရွံ့သွားသည့်အလား၊ ခေါင်း
လေး ငုံ့ထားလိုက်လေသည်။

တင်းတင်းက...

'သခင်မလေး အောက်ထပ်ကိုဆင်းပြီး ဧည့်သည်တွေကို
လက်ခံတွေ့ဆုံချင်မှာ မဟုတ်ဘူးထင်တယ်၊ သခင်ကြီးက လာခေါ်
ခိုင်းမှာ သေချာတယ်'

ဟု သတိပေးလိုက်၏။

ကျင်းကျင်းမှာ မျှော်လင့်စောင့်စားနေသူအား တွေ့လိုက်
ရသဖြင့် ဝမ်းသာသွားပါသော်လည်း ရှက်ရွံ့စိတ်က ကြီးစိုး
နေသည် ဖြစ်ရာ...



'အို... ဝါဆင်းမတွေ့ချင်ပါဘူးအေ'

'ဟာ... သခင်မလေး ဆင်းမတွေ့လို့ ဘယ်ဖြစ်မလဲ'

'အို ဝါ နေမကောင်းဘူးလို့ ပြောလိုက်ပါ'

တင်းတင်းက....

'သခင်ကြီးက တစ်ခေါက်လိမ်ပြောတယ်ဆိုတာ သိသွားမှာပေါ့'

'ကိစ္စမရှိဘူး၊ ဖေဖေကလည်း ဝါ့ကို ချစ်ပါတယ်၊ ရုတ်တရက်
နေမကောင်းဖြစ်လာလို့ ဆိုရင် ခွင့်လွှတ်မှာပါ'

'သခင်မလေးတော့ ခက်တော့တာပဲ'

တင်းတင်း ညည်းညူလိုက်လေသည်။

ကျင်းကျင်းက....

'ဖေဖေခေါ်ခိုင်းရင် ဝါပြောတဲ့အတိုင်းသာ ပြောလိုက်'

ဟု ထပ်မံသတိပေးသည်။

တင်းတင်းက....

'သခင်မလေး ထွက်မတွေ့လို့ ဖြစ်မှာမဟုတ်ဘူး၊ သခင်ကြီး
က သူတို့ကို ဒီဧည့်ခန်းထဲမှာပဲ လက်ခံထားပြီ၊ ဧည့်သောက်စရာ
အတွက် စီစဉ်မှာ သေချာတယ်'

'ကိစ္စမရှိဘူး၊ နောက်ကိစ္စ နောက်မှရှင်းကြတာပေါ့'

'တစ်ယောက်လို့ မင်းသားလေး အာရုံက သခင်မလေးကို
တွေ့ချင်တယ်ဆိုရင်ကော'

ကျင်းကျင်း ပြုံးလိုက်သည်။

'တင်းတင်းရယ်-ဝါ ဘယ်လိုခံစားနေရတယ်ဆိုတာ ဉာဏ်း
ရင်ခုံးပ၊ ဝါ့ကိုစာနာ၍ ဝိုက်ပြီး ပြောနေစမ်းပါနဲ့၊ ဝါ့ဖြ

ဖူးစာရှင်ဟာ ငါကိုယ်တိုင် နှစ်သက်သဘောကျတဲ့သူ ဖြစ်ရမှာပေါ့၊ ဖေဖေကော သဘောတူ ခွင့်ပြုမှာသေချာတယ်'

'ကောင်းပါပြီတဲ့ရှင်၊ သခင်မလေး သဘောအတော် အတိုင်း ပါပဲ'

တင်းတင်းသည် သခင်မလေး ကျင်းကျင်းအား အစလျှော့ ပေးလိုက်ရလေတော့သည်။

* * *

## အပြိုင် အဆိုင် အနိုင်

ညှော်ခန်းမှာကျယ်ဝန်းလှသည်။

သိုင်းဆရာအဖွဲ့ ထင်ရှားနေသူများ ရောက်လာသည်ဖြစ်၍၊ မြို့သားဂေဟာမှ လူများက အထူးတလည် လှပစွာပြင်ဆင်ထားခြင်း ဖြစ်လေသည်။

ယခု ညှော်ခန်းအတွင်းဝယ် သိုင်းသည်ဆရာများ ရောက် ရှိလာပြီ ဖြစ်သည်။ အောင်ပိုင်းနယ်မှ လူများသည် ညှော်ခန်း၏ ဝဲဘက်အခြမ်းတွင် နေရာယူထားကြလေသည်။

ကျွန်းဝါရဲ့တိုက်မှ လူများအား အလယ် တည့်တည့်တွင် နေရာယူထားပြီး၊ ရွှေခေးရဲ့တိုက်မှလူများက ယာဘက်အခြမ်း တွင် နေရာယူထားကြ၏။

သူတို့အတွက် စားသောက်ရေမျိုး၊ ယမကာ များကို လိုလေသေးမရှိ စီစဉ်ပေးထားလေသည်။

သိုင်းလေးက ဧည့်သည်များကို ဖိတ်ခေါ်လိုက်သည် မှာ ကျင်းလိပ်မြို့စားကြီး ကျင်းတိတ်ခည် သဘောထားကြီးပြီး စိတ်ရှည်ပါသော သဘောထားကို ဖော်ပြလိုက်ခြင်း ဖြစ်လေတော့သည်။

တောင်ပိုင်းနယ်မှ မင်းသားလေး ပါဖိုး၊ ကျားဝါရဲတိုက်မှ မင်းသားလေး ဟူယို့နှင့် ရွှေဓားရဲတိုက်မှ မင်းသားလေး ချန်းမုစိမ်တို့သည် တစ်ယောက်ကိုတစ်ယောက် အကဲခတ် ကြည့်လိုက်ကြလေသည်။

ပါဖိုး၏စိတ်ထဲဝယ်....

'တစ်ယောက်က မွဲခြောက်ခြောက်နဲ့၊ တစ်ယောက်ကလဲ တစ်သောစလုံး လူ့ထမင်းစားနေတဲ့အတိုင်း မျက်နှာထား တင်းလိုက်တာ၊ ဒီလိုပုံတွေနဲ့ မြို့စားသမီးကို အယ်လိုလုပ် ရမှာလဲ....'

ဟု တွေးနေမိသည်။

ထို့အတူ ကျားဝါရဲတိုက်မှ မင်းသားလေးဟူယို့ က—

'ဝလိုက်တာ ရည်ပိုင်းလုံးကြီးကျနေတာပဲ၊ ဟိုတစ်ယောက်ကလဲ တယ်တုံ့တုံ့မှ ဂရုစိုက်ပုံမျိုးနဲ့ တစ်ယောက်ကို အသုံးမကျတဲ့ လူတွေပဲ'

ရွှေဓားရဲတိုက်မှ မင်းသားလေး ချန်းစိမ်း၏စိတ်ထဲ၌လည်း—

[illegible]

'ဝဝပုပု တစ်ယောက်၊ မည်းမည်းမဲမဲ တစ်ယောက်၊ သူတို့နှစ်ယောက်ကြောက် နတ်သမီးတမျှ ချောမောလှတဲ့ မြို့စားသမီးလေးကို လာတောင်းဝံ့တယ်'

ဟု တွေးနေသည်။

သုံးယောက်စလုံးမှာ အကြံကိုယ်စီရှိကြသဖြင့် တစ်ယောက်ကို တစ်ယောက် သဘောမကျနိုင်ပါတော့ချေ။

တစ်ယောက်ကိုတစ်ယောက် ကြည့်သောအကြည့်တွင် ရန်လိုသည့် သဘောများ ပါဝင်ပါသည်။ ကြာလျှင် တစ်ယောက်နှင့်တစ်ယောက် ရန်စကား ယှဉ်ပြိုင်သတ်ပုတ်ကြသည့် အခြေအနေသို့ ရောက်သွားနိုင်ပေသည်။

ထိုစဉ် အားလုံး အချိန်ပြည့်သွားစေသည့် စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

'မြို့စားကြီး ကြွပါ ပြီ'

သံတော်ဆင့်၏ အသံ ဖြစ်ပေသည်။

ပါဖိုး၊ ဟူယို့နှင့် ချန်းစိမ်းတို့ လှမ်းကြည့်လိုက်ကြသည်။

ထိုအခါ ကျင်းလိပ်မြို့စား ကျင်းတိတ်သည် အခြွေအရံများ ခြံရံထား၍ ဧည့်ခန်းအတွင်းသို့ လှမ်းဝင်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ပါဖိုး၊ ဟူယို့နှင့် ချန်းစိမ်းတို့ ထိုင်ရာမှ ထရပ်လိုက်ကြ၏။ ကျင်းလိပ်မြို့စား ကျင်းတိတ်အား ဦးညွတ်ဂါရဝပြုလိုက်ကြ၏။ သူတို့အပေါ်တွင် ကျင်းတိတ် သဘောကျသွားဖို့ အရေး

ကြီးသည်။ ကျင်းတိတ် သဘောကျသွားလျှင် နတ်သမီးတစ်မျှ ချောမောသည့် ကျင်းကျင်းနှင့် လက်ဆက်ရဖို့ တစ်ဝက် သေချာသွားပြီ မဟုတ်ပါလား။

ကျင်းလိမ်မြို့စား ကျင်းတိတ် အခန်းတွင်းသို့ ဝေ့ကြည့်လိုက်၏။ မင်းသားလေး သုံးယောက် ရောက်ရှိနေသည်ကို မြင်လျှင် သဘောကျစွာ ပြုံးလိုက်လေသည်။

သိုင်းလောကတွင် လူငယ်လူရွယ် များစွာရှိသော်လည်း ထိုမင်းသားလေးသုံးယောက်အား မီသူမရှိဟု ကျော်ကြားနေပေသည်။

မည်သူနှင့် လက်ထပ်ပေးရမည်ဆိုသည်ကိုသာ ရွေးချယ်စရာ ရှိပေတော့၏။ မြို့စားကြီး ကျင်းတိတ်က လက်ဖဝါး ယမ်းပြလိုက်ပြီး....

'ကဲ...ကဲ ထိုင်ကြပါ၊ ထိုင်ကြပါ'

ဟု ပြောလိုက်လေသည်။

မင်းသားလေး သုံးယောက် မြန်ဆန်စွာ ထိုင်ချလိုက်ကြလေသည်။

မြို့စားကြီး ကျင်းတိတ်က...

'သိုင်းလောကမှာ ထင်ရှားတဲ့ မင်းသားလေးသုံးယောက်က ကျုပ်ရဲ့သမီးကို တောင်းခံလာကြတာမို့ ကျုပ်တာ ဝမ်းသာမဆုံးဖြစ်ရသလို ဂုဏ်လဲ ယူမိပါတယ်၊ ချောမောလှပတာ တစ်ခုကလွဲရင် ကျုပ်ရဲ့ သမီးဟာ မင်းသားလေး သုံးယောက်ရဲ့ အရည်အချင်းကို မမီဘူးဆိုတာ ကျုပ် ဝန်ခံပါတယ်'



စကားကိုရပ်ကာ စိတ်ဝင်စားစွာ နားထောင်နေခြင်း ရှိ/မရှိ အကဲခတ် ကြည့်လိုက်လေသည်။ အားလုံး တိတ်ဆိတ်စွာ နားထောင်နေသည်ကို တွေ့ရမှ ဆက်ပြောလိုက်၏။

'သမီးအညာ အခါလေးစီစေနဲ့ဆိုတဲ့ စကားအတိုင်း ကျုပ်ရဲ့သမီးကို သိုင်းလောကသားတစ်ယောက်နဲ့ လက်ဆက်ပေးဖို့ ကျုပ်က ဆုံးဖြတ်ခဲ့ပါတယ်၊ ကျုပ်သမီးကို လိုလားတဲ့လူ၊ မြတ်နိုးတဲ့လူတွေ ရှိနေလို့လဲ ဝမ်းသာမိပါတယ်၊ ကျုပ်သမီးကို တောင်းခံလာကြတဲ့ သူတွေမှာ မင်းသားလေး သုံးယောက်ကို ကျုပ် သဘောအတွေ့ဆုံးဆိုတာ ဝန်ခံပါရစေ'

ပါဖုး၊ ဟူးယို၊ နှင့်ချန်းစိမ်းတို့ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်၊

သူတို့သုံးယောက်အနက် တစ်ယောက်ယောက်မှာ သခင်မလေး ကျင်းကျင်းအား ပိုင်ဆိုင်ရမည်မှာ သေချာနေချေပြီ။

မည်သူ ပိုင်ဆိုင်ရမည်ကိုသာ မသိရသေးခြင်း ဖြစ်၏။

မင်းသားလေး ပါဖုးက...

'ငါပဲ ရမှာပါ'

ဟု တစ်ထစ်ချ တွက်လိုက်သည်။

ကျားဝါရဲ့တိုက်မှ မင်းသားလေး ဟူးယိုကလည်း—

'ကျင်းလိမ်မြို့စားနဲ့ ငါ့အဖေဟာ ခင်မင်ရင်းနှီးသူတွေဆိုတော့ ရွေးချင်းရွေးရင် ငါ့ကိုပဲ ရွေးမှာပါ'

ဟု ပိုင်ပိုင်နိုင်နိုင်တွက်လေသည်။

ရွှေဓားဂိုဏ်းမှ မင်းသားလေး ချန်းစိမ်းကမူ...

'ဝတုတ်ပြီး အမဲခြောက်နှပ်နဲ့စာရင် ငါ့ကို သဘောကျမှာ သေချာတယ်'

ဟု တွေးပြီး ပီတိဖြစ်နေ၏။

မြို့စားကြီးကျောင်းတိဘ်က ဆက်ပြောလိုက်ပြန်သည်။

'မင်းသားလေးသုံးယောက်ဟာ ကျုပ်ရဲ့ အမီးကို တကယ်ပဲ ချစ်မြတ်နိုးကြလိမ့်မယ်လို့ ယုံကြည်ပါတယ်၊ ကျုပ်ကလဲ မင်းသားလေးတွေကို သဘောကျပါတယ်၊ ဒါပေမယ့် သုံးယောက် စုံးကို ရွေးချယ်လို့ မဖြစ်တဲ့အတွက်....'

ယာခုတစ်ကြိမ် မြို့စားကြီး ကျောင်းတိဘ်၏ စကားမဆုံးမီ တောင်ပိုင်းနယ်မှ မင်းသားလေး ပါဖိုးက ထိုင်ရာမှ ထကာ ကြားဖြတ် ပြောလိုက်လေသည်။

'မြို့စားကြီးခင်ဗျာ၊ ကျွန်တော်သာလျှင် အခ်မှုလေး ကျင်းကျင်းနဲ့ အထိုက်တန်ဆုံးဆိုတာ ပြောပါရစေ'

သူ၏ စကားကြားလျှင် ကျွားဝါရဲဘိုက်မှ မင်းသားလေး ဟူယို့နှင့် ရွှေဒေးဂိုဏ်းမှ မင်းသားလေး ချန်းစိမ်းတို့ လှုပ်လှုပ် ရှားရှား ဖြစ်သွားကြလေသည်။

မင်းသားလေး ဟူယို့က ထရပ်လိုက်ပြီး....

'မြို့စားကြီး ခင်ဗျား၊ သခင်မလေးအတွက် ကျွန်တော်သာ လျှင် အထိုက်တန်ဆုံးလို့ ပြောပါရစေ'

'ကျွန်တော်သာလျှင် အထိုက်တန်ဆုံးပါ'

မင်းသားလေး ချန်းစိမ်းက ဝင်ပြောလေသည်။



လူငယ်လူရွယ်များသည် အချစ်ရေးနှင့် ပတ်သက်လာလျှင် အိတ်စေ့အတ်ကြကြောင်း လူငယ်ဘဝကို ဖြတ်သန်းလာခဲ့သူ ပီပီ ကောင်းစွာနားလည် သဘောပေါက်ထားလေသည်။

မင်းသားလေး ပါဖိုးက...

'ကျွန်တော်ဟာ တောင်ပိုင်းနယ်တစ်နယ်လုံးက ရရှိတဲ့ နှစ်စဉ် အခွန်ငွေတွေထဲက သုံးပုံတစ်ပုံကို ခံစားခွင့်ရှိပါတယ်၊ သခင်မလေးကို လိုလေသေးမရှိ ထားနိုင်ပါတယ်'

ဟု ပြောပြန်သည်။

မင်းသားလေး ဟူယို့က....

'ကျွားဝါရဲဘိုက်က ပိုင်ဆိုင်တဲ့ စီးပွားရေးလုပ်ငန်းတွေဟာ တိုင်းပြည်တစ်ဝှမ်းလုံးမှာ လက်ညှိုးထိုးမလွဲအောင် ရှိနေပါ တယ်၊ ငွေရေးကြေးရေးအတွက် ဘာမှပူစရာမလိုပါဘူး'

ထိုအခါ ရွှေဒေးဂိုဏ်းမှ မင်းသားလေးချန်းစိမ်းက အားကျ မခံ ဝင်ပြော၏။

'ရွှေဒေးဂိုဏ်းက ပိုင်ဆိုင်ထားတဲ့ ရွှေတွင်းတွေဟာ နောင် နှစ်ပေါင်းတစ်ရာအထိ ဆက်လက်တူးဖော်ရှိနေဦးမှာပါ၊ သခင်မ လေးကို ကျွန်တော့်ထက်ပိုပြီး ဘယ်သူကမှ တင့်တောင်း ထားတယ် ထားနိုင်မှာမဟုတ်ပါဘူး'

မြို့စားကြီးကျောင်းတိဘ် လက်ကာပြလိုက်လေသည်။

မင်းသားလေးသုံးယောက်အား ရှေ့ဆက်ပြောခွင့် ပြုလိုက် လျှင်၊ ငြင်းခုံ၍ဆုံးတော့မည်မဟုတ်ကြောင်း နားလည်ထား လေသည်။

'မင်းသားလေးတွေဟာ အပြစ်ပြောစရာမရှိသူတွေ ဆိုတာ ကျုပ် နားလည်ပါတယ်၊ ခင်သာကြီးစွမှာ တစ်ဘက်သတ် စိစဉ်ရတာ မကောင်းလှပါဘူး၊ ဒါကြောင့် ကျုပ်ရဲ့သမီးအဖို့ သူ့ရဲ့ တစ်ကြောင်ဖော်ကို ကိုယ်တိုင် ရွေးချယ်ခွင့် ပေးသင့်တယ်လို့ ကျုပ် ဆုံးဖြတ်လိုက်ပါတယ်'

သူ၏သဘောထားကို ဖြောင့်ဖွင့်ပြောလိုက်လေသည်။

မင်းသားလေးသုံးယောက် တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြ၏။ သူတို့သည် သက်၍ အပိုင်အဆိုင်ပြိုင်းခုံရန် စိတ်ကူးထားကြသည်။ အသာရသည့်အထိ ပြိုင်းခုံကြမည် ဖြစ်ပြီး စားနှင့် အနိုင်မရလျှင် သိုင်းပညာ ထုတ်ဖော်ကာ အမျိုးရွေတွင် အနိုင်ယူရန် ဆုံးဖြတ်ထားကြ၏။

ယခုတော့ မြို့စားကြီးကျောင်းတိတ်၏စကားကြောင့် သူတို့၏ အကြံအစည်များ ပျက်သွားလေတော့သည်။

မြို့စားကြီးကျောင်းတိတ်က....

'သမီးကိုယ်တိုင် ရွေးချယ်တဲ့အခါမှာ နစ်နာမှု မရှိစေအောင် မင်းသားလေးတွေ ဒီမှာပဲ တစ်ရက် နှစ်ရက်လောက် နေထိုင်ရပါလိမ့်မယ်၊ သမီးနဲ့ ရင်းရင်းနှီးနှီး တွေ့ဆုံရပါလိမ့်မယ်၊ သမီးကို စည်းရုံးသိမ်းသွင်းနိုင်သူဟာ ကျုပ်ရဲ့သမက်တော် ဖြစ်လာမှာပဲ'

ဟု ပြောလိုက်လေသည်။

ယခုအစ်ကြိမ် သူ၏စကားကို မင်းသားလေး သုံးယောက်စလုံး သဘောကျသွားကြလေသည်။



သခင်မလေးကျောင်းကျောင်းနှင့် ရင်းရင်းနှီးနှီး နေခွင့်ရခြင်းသည် ဆုလာဘ်ကြီးတစ်ပါးဟု ယုံကြည်ထားကြ၏။

သခင်မလေးကျောင်းကျောင်းကို ကောင်းစွာ စည်းရုံးသိမ်းသွင်းနိုင်လိမ့်မည်ဟုလည်း ယုံကြည်ထားပေသည်။

'မြို့စားကြီးရဲ့အကြံအစည် သင့်မြတ်လှပါပေတယ်ခင်ဗျာ'

မင်းသားလေး ပ ဖိုးက ချက်ချင်းပင် ထောက်ခံပြောဆိုလိုက်လေသည်။

မင်းသားလေးဟူးယို့ကလည်း....

'ဟုတ်ပါတယ်၊ သခင်မလေးကျောင်းကျောင်းနဲ့ ရင်းရင်းနှီးနှီး နေရမယ်ဆိုရင် သူဟာ ကျွန်တော့်ကိုပဲ ရွေးချယ်မှာပါ'

စကားကို ကူနီတာ ထောက်ခံလိုက်လေသည်။

မင်းသားလေး ချွန်းစိမ်းဖူ....

'သခင်မလေးဟာ ကျွန်တော့်အတွက်ပဲ ဖြစ်ရမှာပေါ့ဗျာ'

ဟု ပြတ်သားစွာ ပြော၏။

မြို့စားကြီး ကျောင်းတိတ်က...

'ကဲ.... မင်းသားလေးတို့ အနားယူလိုက်ကြပါဦး၊ သီးသန့် အခန်း ပြင်ဆင်ထားပါတယ်၊ နေ့ကစာ ထမင်းစားချိန်ကျမှ ပြန်ဆုံကြတာပေါ့'

ပြောတာ စကားလက်စသတ်ရင်း ထိုင်ရာမှထရပ်လိုက်လေတော့သည်။

+ × +

'ကျွန်းချားရှင်ရဲ့ သားတော် မင်းသားလေး အာဝုဓ ရောက်လာပါတယ် မြို့စားကြီး'

အစေခံတစ်ယောက် လာရောက် သတင်းပေးပို့မှု ကြား၍ မြို့စားကြီး ကျောင်းတိုက် ကြောင်အမ်းအမ်း ဖြစ်သွားရသည်။

မင်းသားလေး သုံးယောက်အား သီးသန့်အခန်းများတွင် နေရာချထားပေးလိုက်ပြီး ဖြစ်သည်။

မင်းသားလေး သုံးယောက်နှင့်ပတ်သက်ပြီး ကျောင်းကျောင်း၏ စိတ်သဘောထားကို သေချာသိရန် ကျောင်းကျောင်းထံ သွားမည်ဟု ဟန်ပြင်နေဆဲမှာပင် အာဝုဓ ကပါအတိုင်း လာရောက်သတင်းပို့ခြင်း ဖြစ်နေသည်။

မြို့စားကြီး ကျောင်းတိုက် မျက်မှောင်ကုတ်ကာ...

'မင်းသားလေး အာဝုဓ ဟုတ်သား၊ သူ့အဘ ဘာကိစ္စနဲ့ လာခဲ့ရတာလဲ'

'သခင်မလေးအတွက်ပါ မြို့စားကြီး'

'ဟေ'

ကျောင်းကျောင်းအား တောင်းခံလာသူ များစွာရှိခဲ့သော်လည်း သုံးယောက်ကိုသာ အခွင့်အရေးပေးခဲ့ကြောင်း သိသာထင်ရှား နေ၏။

နောက် တစ်ယောက် ရောက်လာသည်မှာ မနှစ်မြို့စရာ ကောင်းလှ၏။ သူက ဖန်ဆာတင် ရွေးချယ်ထားသူ သုံးယောက် ထက် မည်သူက ပို၍ သာနိုင်ပါဦးမည်နည်း။

သူက လက်ခံတွေ့ဆုံခြင်းမပြုလျှင် ရိုင်းရာကျမည်ကို တွက်ဆ မိလိုက်သည်။



'ကောင်းပြီ၊ မင်းသားလေး အာဝုဓကို လွှတ်လိုက်ပါ'

ဟု ပြောလိုက်လေသည်။

အစေခံပြန်ထွက်သွား၏။

မကြာမီ ချေ။ အခန်းတွင်းသို့ အာဝုဓ နှင့် မျောက်အိုကြီး တို့ ဝင်လာကြသည်ကို တွေ့မြင်ရလေသည်။

အာဝုဓ၏ ဝတ်စားဆင်ယင်ထားပုံနှင့် ခန့်ညားသော ရုပ်ရည်ကိုတွေ့လျှင် မြို့စားကြီး ကျောင်းတိုက် စိတ် လှုပ်ရှားသွားလေတော့သည်။

'မဆိုးပါလား၊ ဒါလေ လာခဲ့ရသူတွေထဲမှာ သူပေါ်ခဲ့တုန်း၊ ဒီသူငယ်ဟာ ဥပဓိရုပ် ကောင်းတယ်၊ သတ္တိအားဝဲပုံရတယ်၊ ငါရွေးထားတဲ့ မင်းသားလေး သုံးယောက်ထက်တောင် ပိုပြီး အရည်အချင်းရှိမယ့်ပုံပဲ'

ဟု စိတ်ထဲ တွေးမိလိုက်၏။

အာဝုဓသည် မြို့စားကြီး ကျောင်းတိုက်ရှေ့သို့ ရောက်လာပြီး၊ လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်ဂါရဝ ပြုလိုက်လေသည်။

'မြို့စားကြီးကို ဂါရဝ ပြုပါတယ်'

သူ့ညည်း ရင်ထဲ လှုပ်ရှားနေ၏။ သူသည် ခြေသလုံးအိမ် တိုင် လှည့်လည်သွားလာနေသည့် စောရတစ်ယောက် ဖြစ်ပေသည်။

မင်းသားကလေး တစ်ယောက်အသွင် ဟန်ဆောင်ကာ ကျောင်းလိုင် မြို့စားကြီးအား၊ လာတွေ့ရသည်မှာ သူ၏ဘဝတွင် ရှား စွန့်စားခန်းကြီး ဖြစ်ပေသည်။

သူ၏ ဘဝမှန် ပေါ်ပေါက်သွားလျှင် ချက်ချင်းဖမ်းဆီး ထောင်သွင်းခြင်း ခံရမည် ဖြစ်ပေသည်။

မျောက်အိုကြီးမှာမူ တည်တည်ငြိမ်ငြိမ် ရှိနေသည်။

မြို့စားကြီး ကျောင်းတိုက်သည် အာဂ္ဂီး၏ ရုပ်ရည်ကိုကြည့်ကာ အာဂ္ဂီး၏ ပြောစကားများကို ယုံကြည်လက်ခံလိမ့်မည်ဟု တစ်ထစ်ချ တွက်ဆထား၏။ မြို့စားကြီးကျောင်းတိုက်က အာဂ္ဂီးအား ခြေဆုံးခေါင်းဆုံး အကဲခတ် ကြည့်လိုက်ပြီး....

'မင်းသားလေးဟာ ကျုပ်ရဲ့သမီးတော် အတွက် လာခဲ့တာလား'

ဟု မေးလိုက်လေသည်။

အာဂ္ဂီး ခေါင်းညိတ်လိုက်သည်။

'မှန်ပါတယ်ခင်ဗျာ၊ သခင်မလေး ကျန်းကျန်းရဲ့ ဂုဏ်သတင်းဟာ ဇမ္ဗူဒိပ် တစ်ကျွန်းလုံး မွှေးပျံ့နေပါတယ်'

'မင်းသားလေးဟာ ဘယ်အမျိုးအနွယ်က ဆင်းသက်လာပါသလဲ'

'ကျွန်းများရှင်ဟာ ကျွန်တော့်ရဲ့ ဖခင်ပါခင်ဗျာ'

ကျွန်းများရှင်ဆိုသူမှာ မည်သူမည်ဝါ ဖြစ်သည်ဟု မြို့စားကြီးကျောင်းတိုက် မသိပါချေ။ မသိကြောင်းပြောပြီး ထုတ်ဖော်မေးမြန်းလိုက်မည်ဆိုလျှင် ရှိန်းပျံ့ခင်ထားရာ ရောက်ပေသည်။ ထို့ကြောင့် သိလိုစိတ် ပြင်းပြနေသော်လည်း မမေးဘဲ နေလိုက်လေသည်။



'မင်းသားလေးလဲ ခရီးပန်းလာရောပေါ့၊ အနားယူဖို့ အခန်းတစ်ခန်း ပြင်ဆင်ပေးပါ့မယ်၊ နေ့လည်စာ စားချိန်ရောက်မှ ကျုပ်တို့ထမင်းစားခန်းမှာ ပြန်ဆုံကြတာပေါ့'

ဟု ပြောလိုက်လေသည်။

ချက်ချင်းပင် အစေခံတစ်ယောက်ကိုခေါ်ကာ အခန်းတစ်ခန်း ပြင်ဆင်ခိုင်းလိုက်လေသည်။

အာဂ္ဂီးနှင့် မျောက်အိုကြီးတို့အား နေရာချထားပေးလိုက်၏။ မင်းသားလေးများ ရောက်ရှိလာခြင်းကြောင့် မြို့စားကြီးကျောင်းတိုက် အလုပ်များနေသည် ဖြစ်ရာ၊ ကောင်းစွာ စစ်ဆေးနိုင်ခြင်း မရှိသဖြင့် အာဂ္ဂီးနှင့် မျောက်အိုကြီးတို့ အသက်ရှူ ချောင်သွားခဲ့ရလေတော့သည်။

\+ \+ \+

မေတ္တာစစ်—မေတ္တာမှန်

နေ့လည်စာ စားချိန်နှင့်ရောက်မိ အတူ ညှိသည်စောင်မျှ အဖြစ် ရောက်လာသော မင်းသား လေးများသည် ကျောင်းလိမ် မြို့စားဂေဟာ အတွင်း၌လည်းကောင်း၊ ပန်းဥယျာဉ်အတွင်း၌ လည်းကောင်း လှည့်လည်ကြည့်ရှုခွင့်ရကြလေသည်။

တောင်ပိုင်းမှ မင်းသားလေး ပါဖုံးသည်လည်းကောင်း၊ ကျွန်းဝါရဲကိုက်မှ မင်းသားလေး ဟူးယို့ သည်လည်းကောင်း၊ မြောက်ပိုင်းမှ မင်းသားလေး ချန်စိမ်းသည်လည်းကောင်း လှပစွာစိုက်ပျိုးထားသော ဥယျာဉ်အတွင်းသို့လှည့်လည်ကြည့်ရှု ကြ၏။



အငွေ့ိနှင့် မျောက်အိုကြီးတော ကြိုတင် ကြံစည်ထားသည့် အတိုင်း၊ အနောက်တက် အဆောင်ဆီသို့ ထွက်လာခဲ့ကြ သေသည်။

အမှန်တော့ အနောက်ဘက် အဆောင်သို့ သွားလို၍ မဟုတ်ပါချေ။ အခွင့်အရေးရလျှင်၊ မြို့စားဂေဟာ အပေါ်ထပ်သို့ တက်ရန် ကြံစည်ထားကြခြင်းကြောင့် ဖြစ်ပေသည်။

မြို့စားဂေဟာမှ လူများသည် မင်းသားလေးများ ရောက်ရှိ လာခြင်းကြောင့် အလုပ်ရှုပ်နေကြပေသည်။

အစောင့်အကြပ်များသည် ခြံဝင်းအဝင်ဝကိုသာ ဂရုစိုက် စောင့်ကြပ်နေပြီး အတွင်းဘက်၌မူ လျော့ရဲ လျော့ရဲ ရှိနိုင်လှ သည်။

အချို့နေရာများတွင် အစောင့်အကြပ်များပင် ရှိမနေနိုင်ပါ ချေ။

အငွေ့ိနှင့် မျောက်အိုကြီးတို့ အနောက်ဘက် အဆောင် ဆီသို့ ထွက်လာကြရာ လမ်းတွင် တွေ့ရသည့် အစောင့် အကြပ် များ၊ အလုပ်သမားများသည် သူတို့အား အရိုအသေ ပေးကြ လေသည်။

အငွေ့ိနှင့် မျောက်အိုကြီးတို့သည်လည်း လက်ဝှေ့ယမ်း ကာ နှုတ်ဆက်ပြီး ရှေ့ဆက် လျှောက်သွားကြသည်။ အပေါ်ထပ် သို့တက်သည့် လှေကားအနီးသို့ ရောက်လျှင် အစောင့်အကြပ် ရှိသူမရှိ ရှိနေသည်ကို တွေ့ရသည်။

မျောက်အိုကြီးက

'ဒါအခွင့်အရေးပဲ၊ အပေါ်ကို မြန်မြန် တက်ပေးတော့'

ဟု ပြောလေသည်။

တဆက်တည်းပင် အင်္ကျီအိတ်ထဲမှ အထုပ်ကလေး တစ်ထုပ် နှိုက်ယူကာ...

'ရော့—ဒီဟာသည် မေ့ဆေး မှုန့်ကို အသုံးပြုလိုက်၊ သူမ သွားတာနဲ့ တစ်ခါတည်း ထမ်းခေါ်လာခဲ့'

မျောက်အိုကြီးသည် အာဝုဓ် စိတ်ဓာတ် ရောက်နေသည်ကို ကြည့်ရက်ပါချေ။ ထို့ကြောင့် သခင်မလေး ကျောင်းကျောင်းအား အလွယ်နည်းဖြင့် ခိုးယူရန် စီစဉ် ပေးခဲ့ခြင်းဖြစ်၏။

အာဝုဓ်သည်လည်း သခင်မလေး ကျောင်းကျောင်းကို မြတ်နိုးနေသည်ဖြစ်ရကား မဖြစ်ခဲနေ အရယူမည်ဟု ဆုံးဖြတ်ထားလေ၏။

ဖြစ်ပေါ်လာမည့် ဘေးအန္တရာယ်များကို သူတို့သည်မတွက် ခဲ့ကြပါချေ။ အာဝုဓ်သည် မျောက်အိုကြီး ပေးထားသော မေ့ဆေးမှုန့် အထုပ်ကလေးကို ယူကာ အပေါ်ထပ်သို့ ခပ်သွက်သွက် ပြေးတက်သွားလေသည်။

မျောက်အိုကြီးက....

'မြန်မြန်လာခဲ့၊ ဝါအောက်ဘက်က ထွက်လမ်းရှာထားမယ်'

ဟု လှမ်းပြောလိုက်သည်။

အခစားအကြပ်များမှာ ခြံဝင်း အရှေ့ဘက်၌သာ စောင့် ကြပ်နေသလို အလုပ်သမားများလည်း အလုပ်ရှုပ်နေကြသဖြင့် ခြံဝင်းအနောက်ဘက်မှ တိတ်တိတ်ကလေး လစ်ထွက်သွားနိုင် မည်ဟု မျောက်အိုကြီး ယုံကြည်ထား၏။



အာဝုဓ်သည် အပေါ်ထပ်သို့ ခပ်သွက်သွက်ကလေး ပြေး တက်သွားပြီး၊ မြင်ကွင်းမှ ကွယ်ပျောက် သွားလေတော့သည်။

✦ ✦ ✦

အပေါ်ထပ်ဝယ် လူရှင်းနေသည်၊

သခင်မလေး ကျောင်းကျောင်း နေထိုင်သည်ဖြစ်ရာ ခေါင်ခန်း တန်းရှ လူ တက်ခွင့်မရှိပါချေ။ အာဝုဓ်သည် အပေါ်ထပ်သို့ ရောက် သည်နှင့် မျက်လုံး ဝေ့ကြည့်လိုက်၏။

ရယ်သံများ၊ ခြေသံများ ရုတ်တရက် ထွက်ပေါ်လာသည်။ အခန်းတစ်ခု အတွင်းမှ မိန်းကလေး တစ်ယောက် ထွက်လာ သည်ကို တွေ့မြင်ရလေသည်။

ထိုမိန်းကလေးမှာ တင်းတင်းဖြစ်လေသည်။

တင်းတင်းက....

'ကျွန်မတော့ သခင်မလေးကို အချောဆုံး အလှဆုံး ဖြစ် အောင် အလှပြင် ပေးခဲ့ပြီးပြီ၊ နေ့လည်စာစားချိန်မှာ မျက်လုံး ကျွတ်ထွက်မတတ် ကြည့်ကြမယ့် မင်းသားလေးတွေနဲ့ ရင်ဆိုင် ပေတော့ ဟင်း....ဟင်း....ဟင်း'

တင်းတင်းသည် သဘောကျစွာ ပြောရင်း အောက်ထပ်သို့ လျှောက်လာလေသည်။

အာဝုဓ ရင်ထိတ်သွားသည်။ တိုင်ကြီးတစ်လုံး နောက်ကွယ်သို့ ကပျာကယာ ပြေးဝင်ကာ ပုန်းကွယ်လိုက်ရလေသည်။

တင်းတင်းသည် အာဝုဓကို မမြင်ဘဲ လေတား အတိုင်း အောက်ဖက်သို့ ဆင်းသွားသည်။ အာဝုဓ ရင်ထိတ်သွား၏။

သို့သော် သူပင် တင်းတင်း မမြင်အောင် ရှောင်နိုင်သည်ဆိုလျှင်၊ မျောက်အိုကြီးသည်လည်း မမြင်အောင် ပုန်းရှောင်နိုင်လိမ့်မည်ဟု တွေးကာ စိတ်သက်သာရသွားသည်။

တင်းတင်း ပျောက်ကွယ်သွားမှ တင်းတင်းထွက်လာခဲ့သည့် အခန်းဆီသို့ ခြေဖျားထောက်ကာ လျှောက်သွားလေသည်။

အခန်းဝသို့ရောက်လျှင် သူညကရောက်ခဲ့သည့် အခန်း ဖြစ်ကြောင်း သတိပြုမိလိုက်၏။

အတွင်းဘက် ချောင်းကြည့်လိုက်ရာ အစိမ်းရောင် ဝတ်ဆင်ထားသည့် မိန်းမငယ်လေးတစ်ယောက် ကျောပေး၍ထိုင်နေသည်ကို တွေ့မြင်ရလေသည်။

အာဝုဓ ရင်ထဲ လှုပ်ရှားသွား၏။

ထိုမိန်းမငယ်လေးမှာ သူ့အား လှမ်းမိုးထားသည့် အိပ်မက်ထဲက ဖြစ်နေသည် မဟုတ်ပါလား....

အာဝုဓ အသက်ပင် မရှူရဲအောင် ဖြစ်သွား၏။ သခင်မလေး ကျင်းကျင်းကို မေ့ဆေးဖြင့် မေ့အောင် ပြုလုပ်ကာ ခေါ်ဆောင်သွားရပေမည်။

သူ၏လုပ်ရပ်သည် တရားမျှတမှု ရှိပါ၏လော....

အာဝုဓ တောင့်တောင့်ကြီး ရပ်နေမိလေသည်။



ထိုစဉ်မှာပင် သခင်မလေး ကျင်းကျင်းသည် အိပ်ရာမှ ထကာ တံခါးဝဘက်သို့ မျက်နှာလှည့်လာလေသည်။

ချက်ချင်းဆိုသလိုပင် အာဝုဓကို တွေ့မြင်သွား၏။

'ဟင်....ရှင်....ရှင်'

အာဝုဓ ထိတ်သန့်သွား၏။

'ကျုပ်...ကျုပ်က'

စကားတစ်ထစ်ထစ် ဖြစ်နေပြီး ဘာပြောရမှန်းမသိချေ။ ကျင်းကျင်း၏မျက်နှာလေး နီရဲသွားလေသည်။ အာဝုဓ ကို မကြည့်ဘဲ ခေါင်းငုံ့သွားလိုက်၏။

သူတို့ နှစ်ယောက်သည် တစ်ယောက်ကို တစ်ယောက် သံယောဇဉ် တွယ်တာနေမိကြပေသည်။

သို့သော် ထိုအချက်ကို တစ်ယောက်သာသိသည်၊ ကျန် တစ်ယောက်က မသိခဲ့ပါချေ။

အာဝုဓက....

'သ....သခင်မလေး....ကျုပ်....ကျုပ်'

'ရှင့်ရဲ့ကျေးဇူးကို ကျွန်မ ဘယ်တော့မှ မမေ့ပါဘူးရှင်'

ကျင်းကျင်းက တိုးတိုးညင်းညင်း ပြောလာသည်။

'ဗျာ...'

အာဝုဓ ကြောင်အမ်းအမ်း ဖြစ်နေ၏။

ကျင်းကျင်းက...

'လူဆိုးတွေလက်ထဲက ရှင်ကယ်ဆယ်ခဲ့လို့ ကျွန်မ အသက်ချမ်းသာရ ရခဲ့တာပါ၊ ရှင့်ကျေးဇူးကို ဘယ်တော့မှမမေ့ပါဘူးရှင်'

'ကျုပ်....ကျုပ်....'

'ကျွန်မဟာ ရှင့်ကို ပြန်တွေ့ပါရစေ၊ ကျေးဇူးဆပ်ပါရစေလို့ ဆုတောင်းနေခဲ့မိပါတယ်၊ အခုလို တိုက်တိုက်ဆိုင်ဆိုင် လာပြီး ဆုံတွေ့မိတော့....'

ကျောင်းကျောင်းက စကားတစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်၏။ အာဝှီး ရဲရဲထင်းထင်း ဖြစ်လာသည်။

'ကျုပ်တုန်းက ခင်မလေးကို တွေ့နေတုန်းက မှတ်မိရပါဘူး၊ မျက်နှာနဲ့ ဆံပင်က ပြောင်းလဲသွားပြီး ရှားပွန်းပါတယ်၊ ကျောင်းလိမ်မြို့ ကို ရောက်မှ အခုလို ပြန်လည်တွေ့ဆုံရတာပါ၊ ဒါပေမယ့်....'

'ဒါပေမယ့် ဘာဖြစ်သလဲရှင်'

'ခင်မလေးဟာ ဘဝကြင်ဖော် ရွေးချယ်ရမယ့် အချိန် ဖြစ်နေလေတော့'

ကျောင်းကျောင်း ပြုံးလိုက်သည်။

'ရှင်က ကျွန်မများ ရှင့်ရှိသား မဟုတ်လား၊ တခြား မင်းသားလေးတွေနဲ့ ယှဉ်ပြိုင်ဖို့ ရောက်လာတာ မဟုတ်လား၊ ကျွန်မက ရှင့်ကျေးဇူးကို မမေ့ပါဘူး၊ ရှင့်ကို အမြဲတမ်း သတိရနေတယ်ဆိုရင် မလုံလောက်သေးဘူးလားရှင်'

မမျှော်လင့်ဘဲ ကြားလိုက်ရသည့်စကားကြောင့် အာဝှီးမှာ ထခုန်မိမတတ် ဝမ်းသာပျော်ရွှင်သွားလေသည်။

သူက နှစ်သက်မြတ်နိုးမိသလို ကျောင်းကျောင်းသည်လည်း သူ့အား လိုလိုလားလား ရှိနေသည် မဟုတ်ပါလော။

သို့အတွက် မျှော်လင့်တောင့်တချက် ကြီး[illegible]ပြည့်စုံသွားပြီ မဟုတ်ပါလော။



ဤတွင် မေတ္တာစင်၏ အမှန်တရား ပေါ်ပေါက်လာလေတော့သည်။

'ဝါး သူ့ကို ပိုင်ဆိုင်ပြီပဲထားပါတော့၊ သူဟာ ငါ့လို စောရတစ်ယောက်ရဲ့ ဇနီးမယားဖြစ်သင့်သလား၊ တစ်သက်လုံး ပျော်ပျော်ပါး မကြောင့်မကြ နေခဲ့ပြီး၊ ငါ့သက်ထဲရောက်မှ ခြေသလုံး အိမ်တိုင်ဘဝနဲ့ နေရမှာလား'

ဟူသော အတွေးသည် အာဝှီး၏ရင်ထဲ ဖြစ်ပေါ်လာလေသည်။

ကျောင်းကျောင်းကား အာဝှီး တွေးတောနေသည်ကို သိသည် မဟုတ်ပါ။ ရှက်သွေးစွက်နေသည့်လေသံဖြင့်....

'အပေါ်ထပ်ကို တက်လာဖို့မသင့်ပါဘူးရှင်၊ အောက်ကို ပြန်ဆင်းသွားပါတော့၊ မကြာခင် ကျွန်မဟာဘယ်သူ့ကိုဘဝ ကြင်ဖော် ရွေးချယ်တယ်ဆိုတာ ရှင်သိရမှာပါ၊ ဝမ်းသာနေမှာပါရှင်'

ဟု ပြောလေသည်။

အာဝှီး ခေါင်းယမ်းလိုက်သည်။

'မဟုတ်ဘူး...မဟုတ်ဘူး'

ဟု ရေရွတ်လိုက်လေသည်။

ကျောင်းကျောင်း ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

'ရှင် ဘာဖြစ်လို့လဲဟင်'

အာဝှီး၏ ရင်ထဲ ဖြစ်ပေါ်လာသည့် အတွေးများကား ရပ်တန့်ပျောက်ကွယ်မသွား ... ... ... မရနိုင်ပါတော့ချေ။

'မဖြစ်ဘူး...မဖြစ်ဘူး၊ သူ့ကြဲအကကို ငါးကြော်ဖို့ ခနစ်မှန်းခဲ့ရဘူး၊ ငါဟာ သူခိုးဘဝ်ရောက် ဖြစ်သွားတာသိတိုကာ သိသွားရင် ငါ့ကို ဘယ်နည်းနဲ့မှ ကြည်ဖြူနိုင်မှာ မဖြစ်ဘူး၊ ငါ ငါ့စိတ်ကို အသိုလိုက်ပြီး တစ်ကိုယ်ကောင်းဆန်ဖို့ မသင့်ဘူး'

ကျောင်းကျောင်းလည်း အာဝို: မျက်စိမျက်နှာပျက်နေသည်ကို မြင်လျှင်....

'ရှင်...ရှင် ဘာဖြစ်လို့လဲဟင်'

ဟု မေးလေသည်။

အာဝို:က ခေါင်းယမ်းလိုက်သည်။

'ကျုပ် ဘာ...ဘာမှ မဖြစ်ပါဘူးဗျာ၊ ခဏောက်ကို ပြန်ဆင်းတော့မယ်'

စကားသုံးလျှင် ချာခနဲ လှည့်ထွက်ခဲ့၏။

လှေအားမှ အရာရောသာပါး ပြေးဆင်းသွားပြီး မြင်ကွင်းမှ ကွယ်ပျောက်သွားခဲ့လေတော့သည်။

× × ×



'အာဝို:....ဘယ်လို ဖြစ်လာတာလဲ'

မျောက်အိုကြီး အထိတ်တလန့် မေးလိုက်သည်။

အပေါ်ထပ်တွင် အာဝို: တစ်စုံတစ်ခု ဖြစ်သာပြီဟု ထင်မိလေသည်။ အာဝို: မျက်နှာ မသာမယာ ဖြစ်နေ၏။

'မဖြစ်ဘူး....မဖြစ်ဘူး'

ဟု အာဘွတ်ဘွတ် ရေရွတ်နေလေသည်။

မျောက်အိုကြီးက....

'မင်း ဘာဖြစ်တာလဲ၊ ပြောစမ်းပါဦးကွ၊ မထိတ်သာ မလန့်သာ ရှိလိုက်တာ'

ဟု မေးလေသည်။

အာဝို: ဆက် ဝေ့ယမ်းပြီးလျှ....

'မျောက်အိုကြီး၊ ဆက်နေလို့ မဖြစ်တော့ဘူးဗျ'

'ဟေ'

'ကျွန်တော်ဒီက မြန်မြန် ထွက်သွားချင်ပြီ'

'မင်း ဘယ်လို ဖြစ်တာလဲ၊ ပြောစမ်းပါ၊ ကောင်မလေးကို မနှုတ်ဆက်ခဲ့ဘူးလား၊ မေ့ဆေးကို မသုံးခဲ့ဘူးလား'

အာဝို: ခေါင်းယမ်း လိုက်သည်။

'ဟင့်အင်း'

'ဟေ....ဘာဖြစ်လို့လဲ၊ အခွင့်အခရေး မရလို့လား'

'ရပါတယ်ဗျာ၊ ကျွန်တော် မလုပ်ချင်တော့လို့'

'မင်းဟာက ဘယ်လိုဟာလဲကွ'

'မျောက်အိုကြီးရယ် လာပါဗျာ၊ ကျွန်တော်တို့ ဒီက မြန်မြန် ထွက်သွားကြရအောင်'

အာဝှီး၏ မျောက်အိုကြီး၏ လက်ကိုဆွဲကာ ထွက်သွားလေသည်။

မျောက်အိုကြီး ဆန့်လန့်ဆန့်လန့်နှင့် လိုက်ပါသွားရ၏။

သို့သော်...သူတို့ ဝေးဝေး မသွားလိုက်ရပါချေ။ မြို့စား ဂေဟာမှ အစောင့်အကြပ် တစ်စု လှမ်းလာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

မျောက်အိုကြီး ရင်ထိတ်သွားသည်။

'အာဝှီး...မင်း ဘာတွေ လုပ်ခဲ့သလဲ'

တီးတိုး မေးလေသည်။

အာဝှီး ခေါင်းယမ်းပြလေသည်။

'ဘာမှ မလုပ်ခဲ့ပါဘူး ဗျာ'

'ဒါဖြင့်'

မျောက်အိုကြီး၏ စကားမဆုံးမီ အစောင့်အကြပ်များသည် သူတို့ အနီးသို့ ရောက်ရှိလာကြပြီ ဖြစ်လေသည်။

ခေါင်းဆောင်ဖြစ်ဟန်ရှိသူက လက်နှင့်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်ပြီး....

'မင်းသားလေးတို့ကို မြို့စားကြီးက အခေါ်ခိုင်းလို့ လိုက်ရှာနေတာပါ၊ နေ့လည်စာစားဖို့ အသင့် ဖြစ်ပါပြီ'

ဟု ပြောလေသည်။

ထိုစကားကြားမှ မျောက်အိုကြီး စိတ်အေးသွားလေသည်။

အာဝှီးက...

'ဒုက္ခပဲ'

ဟု လွှတ်ခနဲရေရွတ်လိုက်သည်ကို ကြားမိ၏။



'ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ'

မျောက်အိုကြီးက အလောတကြီး မေးလေသည်။

အာဝှီး ခေါင်းယမ်းကာ....

'ကျွန်တော် ဒီမှာ ဆက်ပြီး မနေချင်တော့ဘူး'

'ဟာ... မင်းထွက်သွားလို့ ဘယ်ဖြစ်မလဲ၊ ကျင်းလိမ်မြို့စားအ လက်ခံမှုမဟုတ်ဘူး၊ အခုမှတော့ မင်းထွက်သွားချင်လို့လဲ မရတော့ဘူးကွ'

'ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ'

'အသာလိုက်သွားပြီး မီးစင်ကြည့်ဖို့ပဲ ရှိတော့တာပေါ့'

အာဝှီး ငြိမ်ကျသွားလေသည်။

အစောင့်ခေါင်းဆောင်မှာသည် သူတို့ တီးတိုးပြောဆိုနေကြသည်ကို အကဲခတ်ကြည့်လိုက်ပြီး ...

'မြို့စားကြီး စောင့်နေပါတယ်၊ ကျုပ်နောက်ကို လိုက်ခဲ့ကြပါဗျာ'

ပြောကာ ရှေ့မှ လမ်းပြခေါ်ဆောင်သွားလေသည်။

အာဝှီးနှင့် မျောက်အိုကြီးတို့လည်း ငြိမ်သက်စွာပင် နောက်မှ လိုက်သွားကြရလေတော့သည်။

× × ×

ခန်းမဆောင်အတွင်းသို့ လူစည်ကားနေသည်။

စားပွဲသောက်ပွဲများ ပြင်ဆင်ထားသည်။

အစီအရီချထားသည့်ခုံများဝယ် ဘောင်ဘီပိုင်းနယ်မှလူများ၊ ကျွန်းဝ ရဲတိုက်မှလူများ၊ ရွှေဒါးဂိုဏ်းမှလူများ ကိုယ့်အုပ်စုနှင့်ကိုယ် ထိုင်နေကြလေသည်။

အဝှမ်းနှင့် မျောက်အိုကြီးတို့ ခန်းမအတွင်းသို့ ဝင်လာကြသောအခါ ဘောင်ဘီပိုင်းနယ်မှ မင်းသားလေး ပါဖုံး၊ ကျွန်းဝ ရဲတိုက်မှ မင်းသားလေး ဟူယို့နှင့် ရွှေဒါးဂိုဏ်းမှ မင်းသားလေး ချန်းစိမ်းတို့က လှမ်းကြည့်လိုက်ကြ၏။

မျောက်အိုကြီးမှာ စားသွားအစာလများလမှာ ရူးရှဲတော့မလို့သည့် အကြည့်ကြောင့် ခပ်ကုတ်ကုတ်ကလေး ဖြစ်သွား၏။

အဝှမ်းမှာ ရင်မောလိုက်သည်။

အချိန်အစ များကိုဖယ်ရှားကာ သခင်မလေးကျင်းကျင်း၏ မေတ္တာကို ရယူစတမ်းဆိုလျှင် သူသာလျှင် ရရှိမည်ဖြစ်ကြောင်း နားလည်ထား၏။

ကျင်းကျင်းသည် သူ့အား လိုလိုလားလား ဆက်ဆံခဲ့သည် မဟုတ်ပါလား။

သူ၏ရင်ထဲဝယ် သံသယစိတ်အစ်ခုသာ ရှိနေပါ၏။ သူသည် လိမ်ညာပြောထားသလို ကျွန်းများရှင်၏သားတော် မင်းသားလေးတစ်ယောက် မဟုတ်ဘဲ မြေသလုံးအိမ်တိုင် လှည့်လည်သွားလာနေသည့် စောရအစ်ယောက် ဖြစ်သည်ကို သိသွားလျှင် ကျင်းကျင်း၏သဘောထား ပြောင်းပြောင်းဆိုသည့်အချက်ပင် ဖြစ်ပေသည်။



'ကြွပါခင်ဗျာ.. ကြွပါ၊ ဟောဒီမှာထိုင်ပါ'

အစောင့်ခေါင်းဆောင်က နေရာထိုင်ခင်းချပေးသည်။

အဝှမ်းနှင့် မျောက်အိုကြီးတို့ ထိုင်ချလိုက်ကြ၏။

စားပွဲပေါ်၌ အကောင်းဆုံး၊ အရသာအရှိဆုံး စားသောက်ဖွယ်ရာများ ရှိနေသော်လည်း နှစ်ယောက်စလုံး လက်ဖျားဖြင့်ပင် မတို့မိကြပေ။

အဝှမ်းသည် သခင်မလေးကျင်းကျင်း၏ သဘောထားအမှန်ကို သိလိုစိတ်ကြောင့် မစားနိုင်မသောက်နိုင် ဖြစ်နေသလို မျောက်အိုကြီးသည်လည်း အဝှမ်းတစ်ယောက် မည်သို့ဖြစ်နေပါသနည်းဟု တွေးတောစဉ်းစားကာ ရင်ပူနေခြင်းကြောင့် မစားနိုင်မသောက်နိုင် ဖြစ်နေရလေတော့သည်။

ထိုကြားထဲ မင်းသားလေး ပါဖုံး၊ ကျွန်းဝ ရဲတိုက်မှ မင်းသားလေး ဟူးယို့နှင့် ရွှေဒါးဂိုဏ်းမှ မင်းသားလေး ချန်းစိမ်းတို့ကလည်း မကြာခဏ လှမ်းကြည့်နေသည်ဖြစ်ရာ နှိုင်းအောင် ထိုင်မသာ ဖြစ်နေရတော့သည်။

ထိုအချိန်တွင် အသက်ရှူချောင်စရာ ပေါ်ပေါက်လာပါသည်။

'မြို့စားကြီး ကြွချီလာပါပြီ'

သံတော်ဆင့်၏အသံ ထွက်ပေါ်လာ၏။

မရှေးမနှောင်းမှာပင် မြို့စားကြီးကျင်းတိတ်သည် ... ပါ၊ သခင်မ ... ပ်ဆုံး အမြဲမြိမြတ်ဆုံး ... တင်းတယ်၊ သိုင်း ... ဝင်နေတယ်၊ အရံများ ခြံရံကာ လှမ်းဝင်လာသည်ကို တွေ့မြင်လိုက်ရသည်။

[illegible]အားလုံး မတ်တတ်ရပ်လိုက်ကြသဖြင့် အာဇာနီနှင့် မျောက်အိုကြီးတို့သည် ထိုင်ရာမှထအား ဂါရဝပြုလိုက်ကြလေသည်။

မြို့စားကြီး ကျောင်းတိတ်သည် အားလုံးကိုဝေ့ကြည့်လိုက်ပြီး—

'အားလုံး ထိုင်ကြပါ၊ ကျုပ်က အခုနေးကြီးတဲ့စကား တစ်ခွန်း ပြောပါရစေ'

ဟု ပြောလေသည်။

သူ၏စကားကြောင့် အားလုံး စိတ်ဝင်စားသွားကြသည်။ နေရာအနှံ့ ပြန်လည်ထိုင်ချကာ မြို့စားကြီး ကျောင်းတိတ် ပြောလာမည့်စကားကို နားစွင့်နေလိုက်ကြလေသည်။

မြို့စားကြီး ကျောင်းတိတ်က....

'ကျုပ်က စားပွဲသဘင်ပွဲကြီးမှာ ကျုပ်ရဲ့သမီးနဲ့ မင်းသားလေးတွေကို မိတ်ဆက်ပေးမယ်လို့ စိတ်ကူးထားပါတယ်။ ဒါပေမယ့် ကျုပ်ရဲ့သမီးသီ[illegible] စာလွှာ ရောက်လာတာကြောင့် ကျုပ်ရဲ့ အစီအစဉ် မဖြစ်မမြောက်နိုင်တော့ပါဘူး'

ကျ[illegible]သားလေးပါဖိုးအ ခန့်မှာ ကိုယ်နှင့်[illegible]လိုက်[illegible]အောင်' ပစ်ထိုး
မဟုတ်ပါလား [illegible]ကာ....

သူ၏ရင်ထဲ [illegible]ရတာလဲဗျာ၊ ကျွန်တော်တို့ကို ရှင်းပြ
လိမ့်ညာပြောထား[illegible]ဝင်ပါတယ်'
လေးတစ်ယောက် [illegible]၏။
လာနေသည့် [illegible]ချွန်းစိမ်းနှင့် မင်းသားလေး ဟူယို့ တို့အ
ကျောင်းကျောင်း၏သ[illegible]ဘန်ဖြင့် ခေါင်းညိတ်လိုက်ကြလေသည်။
ဖြစ်ပေသည်။ [illegible]း ကျောင်းတိတ် ပြုံးလိုက်သည်။



'စိတ်ချပါ၊ အားလုံးသိရပါစေမယ်။ ကျုပ်ရဲ့ သမီးဟာ သူ့ရဲ့ဘဝကြင်ဖော်ကို သူ့ကိုယ်တိုင်ပဲ ရွေးချယ်လိုက်ပါတယ်၊ ကဲ...သံတော်ဆင့် သမီးရဲ့စာလွှာကို ဖတ်ပြလိုက်စမ်းပါ'

ဟု ပြောလိုက်လေသည်။

သံတော်ဆင့်သည် ရှေ့သို့လှမ်းထွက်လာသည်။

အားလုံးက စိတ်ဝင်စားစွာ လှမ်းကြည့်လိုက်ကြလေသည်။

'မင်းသားလေး ပါဖိုးက....

'ငါဟာ တောင်ပိုင်းနယ်စား၏ သားတော်ဖြစ်တယ်၊ ငါတို့မျိုးရိုးဟာ မှူးကြီးမတ်ကြီး နယ်စားပယ်စား စစ်သေနာပတိကြီးတွေချည်းပဲ၊ ဒါကြောင့် အမျိုးဂုဏ်ရှိတဲ့ ငါ့ကို သခင်မလေး ကျောင်းကျောင်းက ဘဝကြင်ဖော်အဖြစ် ရွေးချယ်မှာပဲ'

ဟု တွေးကာ မကျေနပ်နေသည်။

မင်းသားလေး ဟူယို့ကမူ...

'မိန်းကလေးတွေဟာ စည်းစိမ်ဥစ္စာကို မက်မောတတ်ကြတာပဲ။ ငါတို့ကျွဲဝါ ရဲတိုက်ဟာ တယ်သူမှ မယှဉ်နိုင်အောင် ချမ်းသာကြွယ်ဝတယ်ဆိုတာ လူတိုင်းသိကြတာပဲ၊ သခင်မလေး ကျောင်းကျောင်းက ငါ့ကို ရွေးမှာပါ'

ဟု တွေးလေသည်။

မင်းသားလေး ချွန်းစိမ်းကမူ....

'ရိုးရှင်းခြင်း သတ္တိရှိခြင်းဟာ အကြီးကျယ်ဆုံး အမြင့်မြတ်ဆုံးပါပဲ၊ ရွှေငွေဂုဏ်ဟာ လူအင်အားတော့တင်းတယ်၊ သိုင်း ပညာ ထူးချွန်သူတွေ ရေတွက်မကုန်နိုင်အောင် ပါဝင်နေတယ်၊

‘သခင်မလေး ကျင်းကျင်းဟာ ငါ့ကိုမရွေးရင် ဘယ်သူ့ကို ရွေးမှာလဲ’

ဟု တွေးနေလေသည်။

အာဝ္ဂီးကမူ ခေါင်းငိုက်စိုက်ကျသွား၏။

‘ငါဟာ မြေသလုံးအိမ်တိုင်သမား စောရဘစ်ယောက်ဆိုတာ သိသွားရင် သခင်မလေးကျင်းကျင်းက ဘယ်လိုသဘောထားမလဲ’

လို့ ထပ်ကာတလဲလဲ တွေးတော စဉ်းစား နေမိလေတော့သည်။

ထိုစဉ် သံတော်ဆင့်သည် သခင်မလေး ကျင်းကျင်းထံမှ စာလွှာကို ဖွင့်ကာ သံနေသံထားဖြင့် စတင်ဖတ်နေသည်ကို အားလုံး ကြားလိုက်ကြရလေသည်။

‘ကျွန်ုပ် ရှင် ဖခမည်းတော်ရှင့်…’

သမီးရဲ့တဂကြင်ဖော်ကို သမီးကိုယ်တိုင် စိတ်တိုင်းကျ ရွေးချယ်ခွင့် ပြုလိုက်တဲ့အတွက် များစွာမှ ကျေးဇူးတင်ဝမ်းသာမိပါတယ်။ သမီးဟာ ကြွရောက်လာကြတဲ့ မင်းသားလေး လေးယောက်ထဲက ကျွန်းမျိုးရှင်ရဲ့သားတော် မင်းသားလေး အာဝ္ဂီးကို တစ်ကြင်ဖော်အဖြစ် လက်တွဲဖို့ ရွေးချယ်လိုက်ပါတယ်’

သံတော်ဆင့်၏ စကားဆုံးသွားလျှင် ခန်းမအတွင်းဝယ် ဟော်ခနဲ ဟာခနဲ တအံ့တဩ ရေရွတ်သံများ ထွက်ပေါ်လာသည်။



အားလုံးသည် အာဝ္ဂီးကို လှမ်းကြည့်လိုက်ကြ၏။

အာဝ္ဂီး မျက်လုံးပြူးသွားသည်။

မျောက်အိုကြီး ထခုန်လိုက်၏။

‘သခင်မလေးက မင်းကိုရွေးလိုက်ပြီကွ’

ဟု ပြောလေသည်။

အာဝ္ဂီး ငိုင်နေသည်။

‘ထူးအ ကျွန်းမျိုးရှင်ရဲ့သားတော် အာဝ္ဂီးကို ရွေးတာပါဗျ’

ဟု ပြောလေသည်။

ထိုအချိန်တွင် ပါဖုံး ဟူးယိ နှင့် ချန်းစိမ်းတို့၏ မကျေမနပ် စကားသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ပါဖုံးက…

‘သခင်မလေးရဲ့ ရွေးချယ်မှုဟာ မတရားဘူးဗျ၊ ကျုပ်ထက်ပိုပြီး မျိုးရိုးဂုဏ်မြင့်မြတ်တဲ့လူမရှိဘူး၊ ရွေးချင်းရွေးရင် ကျုပ်ကို ရွေးရမှာဗျ’

ဟု ပြောလေသည်။

ဟူးယိက…

‘မျိုးရိုး ဂုဏ်မြင့်မြတ်တာ ဘေးဖယ်ထားလိုက်ပါဗျာ၊ ကျုပ်တို့လောကဲ ဘယ်သူက ချမ်းသာဦးမှာလဲ၊ ကျုပ်အသာ သခင်မလေး ကျင်းကျင်းကို လိုလေသေးမရှိ ပြည့်စုံအောင် ထားနိုင်မှာဗျ’

ချန်းစိမ်းကလည်း အားကျမခံ…

'ရွှေခေါ့ရဲ့တိုက်က သူ့ရဲ့ကောင်းတွေဟာ သိုင်းလောကမှာ ကြည်ညိုလေးစားခြင်း ခံရသူတွေပါဗျာ၊ တအားယ်လို့သာ မြို့စားကြီးက သမီးတော်လေးကို သိုင်းလောကသားနဲ့ နေရာချပေးချင်တယ်ဆိုရင် ကျုပ်ကို ရွေးချယ်ရမှာပေါ့'

ဟု ပြောသည်။

မြို့စားကြီးကျောင်းတိတ်က လက်ကာပြလိုက်သည်။

'မင်းသားလေးတွေ ပြောကြဆိုကြတာကို ကျုပ်နားလည်သဘောပေါက်ပါတယ်၊ ဒါပေမယ့် သမီးရဲ့ ဘဝတစ်လျှောက်လုံး စိတ်ချမ်းသာ ပျော်ရွှင်နိုင်စေဖို့ သူကိုယ်တိုင် ရွေးချယ်ခွင့်ပေးလိုက်တာ အကောင်းဆုံးပဲလို့ ကျုပ်က ယူဆထားပါတယ်၊ သမီးကိုယ်တိုင်လဲ ရွေးချယ်လိုက်ပြီမို့ ဘာမှ ပြောစရာ တက်စရာ မရှိတော့ပါဘူး၊ ကျုပ်သမီးရဲ့ ဆုံးဖြတ်ချက်ဟာ အတည်ဖြစ်ပါတယ်'

ဟု ပြောလေသည်။

ပါဖိုး၊ ဟူးယို့နှင့် ချန်းစိမ်းတို့ ပိုပြီး မကျေမနပ် ဖြစ်သွားကြလေသည်။

ထိုစဉ် အာဝ္ဇီးက မတ်တတ်ရပ်လိုက်သည်ကို မြို့စားကြီး ကျောင်းတိတ် တွေ့မြင်သွား၏။

အာဝ္ဇီး ထွက်သွားရန် ဟန်ပြင်နေသည်ကို သတိပြုမိလိုက်လျှင်....

'မင်းသားလေးအာဝ္ဇီး ဘယ်ကိုသွားမလို့လဲ'

ဟု လှမ်းမေးလိုက်လေသည်။

အာဝ္ဇီး ရင်ထိတ်သွား၏။



'ဟို-ဟို'

မည်သို့ ပြောရမှန်းမသိ ဖြစ်နေ၏။ အနှံဆိုလျှင် ပြင်းခံ ပြောဆိုနေကြသည်ကို အခွင့်အရေးယူကာ ထွက်သွားရန် ကြိုးစားလိုက်ခြင်း ဖြစ်လေသည်။

မျောက်အိုကြီးသည် အအင်းပါးသူပီပီ....

'သခင်လေး ကျောင်းကျောင်းက ဘဝကြင်ဖော်အဖြစ် ရွေးချယ်လိုက်ပြီဖြစ်တဲ့အတွက် ကျွန်းများရှင်ဆီကို သတင်းပို့ရပါလိမ့်မယ်၊ ကျွန်းများရှင်ကိုယ်တိုင် လက်ဆောင်ပဏ္ဏာများနဲ့ အမြန်ဆုံး ရောက်လာမှာ ဖြစ်ပါတယ်၊ သခင်လေးက ဆတ်သွား တစ်ယောက်နဲ့တွေ့ဖို့ အမြင်ကို ခဏသွားရပါလိမ့်မယ်ခင်ဗျာ'

ဝင်ပြောလိုက်လေသည်။

မြို့စားကြီးကျောင်းတိတ် သဘောကျသွား၏။

'ကောင်းပြီ-ကောင်းပြီ သွားပါ'

ဟု ခွင့်ပြုလေသည်။

အာဝ္ဇီးနှင့် မျောက်အိုကြီးတို့သည်လည်း အခွင့်အရေး ရသည်နှင့် လျင်မြန်စွာ ထွက်ခွာလာခဲ့ကြလေသည်။

ပါဖိုး၊ ဟူးယို့နှင့် ချန်းစိမ်းတို့မှာ မကျေနပ်ဖြင့် ကြည့်ရင်း ကျန်ခဲ့ကြလေတော့သည်။

မလည်နိုင်

\+ \+ \+

## ကြမ္မာတစ်ဆစ်ချိုး

နေပြည် နေညင်း လေ ယမ်းတိုက်ခတ်လာသည်။ ရနံ့ထူးသော အလေ့ကျ ပန်းများ ရနံ့ လွင့်ပျံ့လာသည်။

အဝေးဆီမှ ငှက်တစ်ကောင်၏ အာသာဘာဝ တေးသီကျူးသံကို ကြားနေရ၏၊

ထိုချိုင့်မြေအတွင်းဝယ် တိတ်ဆိတ်ခြင်းက သွေ့နေတော့သည်။

အာဝဋ်းက အုတ်ဂူ ထစ်လုံးပေါ်ဝယ် လဲလျောင်းလျက် မျက်လုံး မှိတ်ထား၏။ သူ၏ ခေါင်းရင်းဘက်၌ မျောက်အိုကြီး ထိုင်နေသည်။



အာဝဋ်းသည် မျက်လုံးပိတ်ထားသော်လည်း အိပ်ပျော်နေသည် မဟုတ်ပါချေ၊ သူ၏ နှုတ်ဖျားမှ သက်ပြင်းချသံ မကြာခဏ ထွက်ပေါ်နေပေတော့သည်။

မျောက်အိုကြီးက အာဝဋ်း၏ဖြစ်အင်ကို မကြည့်ရက်တော့ဟန်ဖြင့်....

'အာဝဋ်း—မင်းမှာလဲ ဒုက္ခခံသေးပါလား၊ ဒေဝခင်တုန်းက အတော့ တွေ့ချင်လိုက်တာ၊ တစ်ရွာဝင်တစ်ရွာထွက် မိုးလင်းအမိုးချုပ် ခြေဆန့်ပြီး ရှာလိုက်ရတာ၊ တွေ့ခါမှတော့ပြန်တော့လဲ မမှုနိုင် မထားနိုင် ဖြစ်နေပြန်ပါပေါ့အလား၊ သူ့အခြေကို သဘောကျလို့ လာကြွခဲ့ပါ ကောက်ရွေးလိုက်ပြီပဲ၊ မင်းက ယူခယ်ဆိုရင် ယူလို့ရနေပြီပဲ၊ တခကြောင့် ထွက်လာခဲ့ရတာတုန်း'

ဟု ပြောလေသည်။

အာဝဋ်း မျက်လုံးပွင့်လာသည်။

မျောက်အိုကြီးကိုကြည့်ကာ....

'မျောက်အိုကြီးပေးတဲ့အကြံကို လိုက်နာမိလို့ ကျွန်တော် ဒုက္ခအကောင်းအကောင်းကြီး တွေ့နေရတာပျ'

'ဟော'

မျောက်အိုကြီး မျက်လုံးပြူးသွားသည်။ အာဝဋ်းကို နားမလည်နိုင်စွာ ကြည့်ကာ...

'တာပြောတာလဲကွ၊ ငါ့ကြောင့်ဒုက္ခရောက်ရတယ် ဟုတ်လား'

'ဟုတ်တယ်'

'မြေခစမ်းပါဦးကွာ'

'ကျွန်တော့ကို မင်းသားလေးတစ်ယောက်လို ဟန်ဆောင်နိုင်ပြီး သားနိုင်းတာကိုတမ္မားတယ်၊ သခင်မလေးကျင်းကျင်းက ကျွန်တော့ကို တကယ့် မင်းသားလေးတစ်ယောက်လို့ ထင်နေတာဗျ'

'မင်းဟာပဲ မတွေ့ရရင် မနေနိုင်ဘူးဆို၊ ကြမ်ဖက် ရွေးပွဲတိုင်မီ တွေ့ချင်တယ်ဆို၊ ငါပေးတဲ့အကြံကို လိုက်နာရင် အခုလောက်ဆို သခင်မလေးကျင်းကျင်းဟာ မင်းရဲ့ရင်ခွင်ထဲရောက်နေလောက်ပြီပေါ့၊ မှင်းဟာ မေ့ဆေးမှုခသုံးတာကိုး'

အာဝှီး ခေါင်းယမ်းလိုက်သည်။

'ကျွန်တော့ရဲ့မေတ္တာဟာဖြူစင်သန့်ရှင်းပါတယ်ဗျာ၊ သူ့ကို တောရူးတဲ့နည်းနဲ့ မရယူလိုပါဘူး၊ သူ့စိတ်ဆင်းရဲအောင် မလုပ်ရက်ပါဘူးဗျာ'

မျောက်အိုကြီး ပခုံးတွန့်လိုက်သည်။

'မင်းဟာ ဟောခတ္တောရှင်ကြီးပေါ့၊ ဒါဆိုရင် မင်းထိုက်နဲ့ မင်းကံပဲ၊ ငါ့ကိုဘာမှ ဆွဲထည့်စရာ မလိုဘူး'

'ကောင်းပါပြီဗျာ၊ ကျွန်တော့အဖြစ်နဲ့ ကျွန်တော်ပဲ ရှိပါစေတော့၊ ကျွန်တော်ဟာ ရွှေခင်းသမီးကလေး အပေါ်မှာ မေတ္တာသက်ဝင်မိတာကိုး၊ မှုမီတဲ့ဘန်းကို လှမ်းချင်တာကိုး'

အာဝှီးတစ်စိတ်ပျက်လက်ပျက် ပြောလိုက်ရာ မျောက်အိုကြီး ဂရုဏာသက်သွားရပြန်ပါသည်။ ဦးခေါင်းကို တဖြင်ဖြင်ငြိမ့်မြည်အောင် ကုတ်အား....



'မင်းအတွက်တော့ ဒုက္ခပဲ'

ဟု ညည်းညူလိုက်ရလေသည်။

ထိုစဉ်....

'ဘာတွေများ ဒုက္ခရောက်နေတာလဲရှင်'

ချိုလွင်သာယာသော စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

အာဝှီးနှင့် မျောက်အိုကြီးတို့ လှမ်းကြည့်လိုက်ကြ၏။

ထိုအခါ သစ်ချိုင်းမြေထဲသို့ မိန်းကလေးတစ်ယောက် လှမ်းဝင်လာသည်ကို တွေ့မြင်လိုက်ရသည်။

ထိုမိန်းကလေးမှာ သခင်မလေး ကျင်းကျင်း၏ လူယုံ တင်းတင်း ဖြစ်လေသည်။

တင်းတင်း၏မျက်နှာတွင် စိုးရိမ်ပူပန်သည့် အရိပ် အယောင်များ ဖြစ်ပေါ်နေ၏။

သခင်မလေး ကျင်းကျင်းက....

'မြေခစမ်းပါဦးတော့၊ သူထွက်သွားပြီး ပြန် ရောက်မလာလို့ အားလုံး စိတ်ပူနေကြတာ'

'သခင်ကြီးက ဘာပြောသေးသလဲ'

'ဖေဖေအဖော့ သူ့ရဲ့ဆက်သားကို ရှာနေတုန်း ပို့ ကြားနေတာပဲ ထင်နေတာ၊ သူ့ဆီ မင်္ဂလာကိစ္စကိုပြီး ထွက် ပြေးသွားတဲ့ကိစ္စ ရိပ်မိတာ ညည်းနဲ့ငါ နှစ်ယောက်တည်းပဲရှိတယ်၊ သူကငါ့ကို လာတွေ့ပြီး ပြောသွားတဲ့ စကားတွေဟာ သိပ်ကို ထူးခြားနေတယ်၊ ကဲ...ပြောစမ်းပါဦး၊ ညည်းက သူတို့ကို ဘယ်မှာတွေ့တာလဲ'

တင်းတင်းအေး...

'သင်္ချိုင်းထဲမှာပါ'

'ဟင်...သင်္ချိုင်းထဲမှာ ဟုတ်လား'

'ဟုတ်ပါတယ်သခင်မလေး၊ ကျွန်ုပ်က လိုက်စုံစမ်းရင်း... ဝတ်ကောင်းစားလှ ဝတ်ဆင်ထားသူ နှစ်ယောက် သင်္ချိုင်းထဲ ဝင်သွားတယ်လို့ လမ်းသွားလမ်းလာ တစ်ယောက်ဆီက သိရပါတယ်၊ တစ်မြို့လုံး ရှာမတွေ့လို့ သင်္ချိုင်းထဲ ဝင်သွားတာ သူတို့များ ဖြစ်နေမလား ဆိုပြီး လိုက်ကြည့်ရင်း တွေ့ခဲ့ရတာပါ'

'ပြောစမ်းပါဦးအေ၊ သူကဘာကြောင့် ရှောင်သွားရတာလဲ၊ ဘာကြောင့် သင်္ချိုင်းထဲ သွားနေရတာလဲ'

တင်းတင်းအေး ရှင်းပြလေသည်။

'သခင်မလေး သတိထားပါနော်၊ တ အေယ် ဆိုရင် သူဟာ မင်းသားလေးတစ်ယောက် မဟုတ်ပါဘူး၊ ကျွန်းများရှင် ဆိုတာလဲ တကယ်မရှိပါဘူး၊ သူဟာ သခင်မလေးကို တွေ့ချင်လို့ တမင်လိမ်ညာပြောပြီး လာခဲ့တာပါ'



ဆိုစကား ကြားလျှင် ကျင်းကျင်း ပြုံးလိုက်လေသည်။

'ငါသိပြီးသားပဲ'

'ရှင် သခင်မလေး ရိပ်မိနေတယ် ဟုတ်လား'

ကျင်းကျင်း ခေါင်းညိတ်လိုက်သည်။

'ရိပ်မိတာပေါ့အေ၊ သူဟာ မင်းသားလေး တစ်ယောက်ဆိုရင် ညကြီး အချိန်မတော် ငါ့အခန်းထဲ ခိုးဝင်လာပါ့မလား'

'သူက ပြောလိုက်ပါသေးတယ်'

'ပြောစမ်းပါဦး'

'သူဟာ မြေအလုံး အိမ်တိုင် လှည့်လည် သွားလာနေတဲ့ စောရ တစ်ယောက်ပါတဲ့၊ သခင်မလေးနဲ့ သူ့ရဲ့ ဘဝဟာ မိုးနဲ့မြေလို ကွာခြားပါတယ်တဲ့၊ သူဟာ သခင်မလေး အပေါ် တကယ် မေတ္တာစစ်နဲ့ ချစ်မိတာမို့ အခုလို အခွင့်အတိုင်း ဝန်ခံရတာပါတဲ့၊ သူ့ကို မေ့ပစ်လိုက်ဖို့လဲ ပြောခိုင်းပါသေးတယ်'

ကျင်းကျင်း ပြုံးလိုက်သည်။

'မေတ္တာ စစ်နဲ့ ချစ်တာ- မေ့ပစ်လိုက်ပါ ဟုတ်လား၊ သူဟာ ဘယ်လို လူမျိုးပဲဖြစ်ပါစေ၊ ငါက မေ့မနိုင်ဘူးဆိုတာ သူ မသိဘူးလား၊ ငါက ကျွန်းများရှင်ရဲ့သား မင်းသားလေး ဆာဂုဏ်းကို မေတ္တာရှိတာ မဟုတ်ဘူး၊ စောရ အာဂုဏ်းကို မေတ္တာရှိနေတာ'

တင်းတင်း ပင့်သက်ရှိုက်လိုက်လေသည်။

အာဂုဏ်းသည် ကျင်းကျင်းအပေါ် မေတ္တာစစ်နှင့် ချစ်သည် ဆိုခြင်းကို သူမ နားလည် လက်ခံပါသည်။

ထို့အတူ ကျင်းကျင်းကလည်း အာဝုဓ်ကို တကယ့် မေတ္တာ စစ်နှင့် ချစ်မြတ်နိုးမိကြောင်းလည်း နားလည်ထား၏၊

မေတ္တာ စစ်တို့ မည်သည် ဖြောင့်ဖြူးရာ မရှိဟူသော စကားကို သတိရမိ၏။

ကျင်းကျင်းနှင့် အာဝုဓ်တို့သည် တစ်ယောက်ကို တစ်ယောက် မည်သို့ပင် ချစ်မြတ်နိုးကြသည် ဖြစ်စေ၊ ဘဝ နှစ်ခု ပေါင်းစပ်ရန် မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်ကြောင်း နားလည် သဘော ပေါက်မိလေတော့သည်။

ကျင်းကျင်းက ဆက်ပြောလိုက်သည်၊

'တင်းတင်းရယ်- ငါ့ရဲ့စိတ်ကို သူသိဖို့ကောင်းပါတယ်၊ တခြား မင်းသားလေး သုံးယောက်ကို ကျော်ပြီးသူ့ကို ငါရွေး ချယ်လိုက်တာ ထင်ရှားနေတာပဲ'

တင်းတင်းက...

'သူကတော့ သခင်မလေးကို လာတွေ့ဖို့ စိတ်ကူးတော့မှာ မဟုတ်ဘူး၊ မျက်နှာချင်းလဲ မဆိုင်ရဲတော့ဘူး'

'ဒါဆိုရင် ငါက သူ့ကို သွားတွေ့ရမှာပေါ့'

'ရှင်...'

'ကဲ- အဆင်သင့်သာ ပြင်ထား၊ အခွင့်အရေး ရတာနဲ့ သူ့ကို သွားတွေ့မယ်'

တင်းတင်း ပါးစပ်ပိတ်ထား လိုက်၏။

သူမ ဆက်ပြောစရာ မရှိတော့ပါ၊ ကျင်းကျင်းသည် ယတိ ပြတ် ဆုံးဖြတ်ပြီးဟန် ရှိနေလသည်။ သူတို့နှစ်ယောက် တိုင်ပင် ဆွေးနွေးမှု ပြီးဆုံးသွားသည်ကို တိတ်တဆိတ် ချောင်းမြောင်း



ကြည့်၍ နားထောင်နေသူ တစ်ယောက်သည်၊ အခန်းအနီးမှ ခြေဖျားထောက်ကာ ထွက်သွားလေသည်။

ထိုလူမှာ အနေ့ ဒွတ် ယူဝေယ ဖြစ်လေသည်။

× × ×

ကျင်းလိမ်မြို့စား ကျင်းတိတ်၏ သမီး သခင်မလေး ကျင်း ကျင်း အတွက် ကြင်ဖက်ရွေးချယ်ပွဲမှာ ပြီးဆုံးသွားပြီ ဖြစ်နေလ သည်။

တောင်ပိုင်းမှ မင်းသားလေး ပဲ့ဖုံး၊ ကျွဲဝ ရဲတိုက်မှ မင်းသားလေး ဟူယို့ နှင့် ရှေးရဲတိုက်မှ မင်းသားလေး ချွန်း စိမ်း တို့သည် အရေးမလှ ရှုံးနိမ့်သွားသည်ဖြစ်ရကား မကျေ မနပ် ဖြစ်နေကြတော့သည်။

မြို့စားကြီး ကျင်းတိတ်က နှုတ်သိမ့် ဖျောင်းဖျ သော်လည်း သူတို့သည် ချက်ချင်းပင် မြို့စား ဂေဟာမှ ပြန်လည်ထွက်ခွာ သွားကြရန် ပြင်ဆင်ကြလေတော့သည်။

မင်းသားလေး ချွန်းစိမ်း၏ မျက်နှာမှာ ဒေါသကြောင့် နီရဲ နေ၏။ နဂိုကပင် ခေါးခုတ် လှသော်လည်း၊ မြင်းစီးပညာကို အမြဲ

သာထင် လေ ကျင့်ခဲ့သူဖြစ်ရကား၊ နေလောင်ထားသော မျက်နှာ
မှာ ကြေးနီရောင် တဖိတ်ဖိတ် တောက်ပ နေခဲ့ပါတော့သည်။

ပညာရှိကြီး ဝမ်ကိုးသည် မင်းသားလေး ချန်းစိမ်းကို ကြည့်
ကာ ရင်ထဲ၌ ချမ်းမြေ့တဲ့ ဖြစ်နေ၏။

ချန်းစိမ်းသည် စိတ်ကြီးသူဖြစ်ကြောင်း ကောင်းစွာ နား
လည်ထား၏။ လုပ်ချင်ဟုဆုံးဖြတ်လျှင် နောက်မဆုတ်တမ်း
ပြုလုပ်တတ်သူ ဖြစ်ပေသည်။

သခင်မလေး ကျင်းကျင်းအား ရယူမည်ဟု ဆုံးဖြတ်ထား
ပြီးဖြစ်ကြောင်း ရှေးမှအစကပင် နားလည်ခဲ့သည်။

ယခု ကျင်းကျင်းအား မခုနိုင်မှန်း ထင်ရှားနေချေပြီ။ မင်း
သားလေး ချန်းစိမ်းအား လက်ခံမည် မဟုတ်ပါ။

ရှေ့ဆက် ဖြစ်ပေါ်လာမည့် အကျိုးဆက်သည်...

ဝမ်ကိုး ဆက် မတွေးနိုင်ပါတော့ချေ။

အကြောင်းကား အခန်းဝသို့ လူတစ်ယောက် ရောက်ရှိလာ
သည်ကို တွေ့မြင်လိုက်ရခြင်းကြောင့် ဖြစ်ပေသည်။

ဝမ်ကိုး လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ အခန်းဝ၌
စောင့်ကြပ်နေသည့် ရွှေဓားကိုင်များမှ ကိုယ်ရံတော်များကို လက်
ဝေ့ယမ်းပြကာ....

'ဟေ့ ဟေ့...လမ်းဖယ်ပေးလိုက်ကြစမ်း'

ဟု အမိန့် ပေးလိုက်ရလေသည်။

သိုင်းသမားများက ဘေးဖယ်ပေးလိုက်ခြင်းကြောင့် အခန်း
ဝသို့ ရောက်လာသူမှာ အတွင်းသို့ ဝင်လာနိုင်၏။

ထိုလူမှာ ယုခဝယ် ဖြစ်လေသည်။



သူမသည် ကျိုးကန်းစကောင်းမှောက် ဟိုကြည့်သည်ကြည့်
ဖြစ်၍ လှုပ်လှုပ်ရှားရှား ဖြစ်နေ၏။ ချန်းစိမ်းအတွက် ပေးထား
သော သီးသန့် အဆောင်အတွင်းသို့ သူမ ဝင်လာခဲ့သည်ကို တစ်စုံ
တစ်ယောက် မြင်တွေ့သွားမှာ စိုးရိမ်ပူပန်နေဟန် ရှိလေသည်။

ဝမ်ကိုးသည် အတွေ့အကြုံ ရင့်ကျက်သူပီပီ ယုခဝယ်သည်
အကြောင်းထူးရှိ၍ ရောက်လာခြင်းဖြစ်ကြောင်း ချက်ချင်း
နားလည်လိုက်သည်။

ထို့ကြောင့်...

'မိန်းကလေး...ဘယ်လိုကိစ္စများ ရှိနေလို့လဲ'

ဟု လိုရင်းကို သိပြီးမေးလိုက်လေသည်။

ယုခဝယ်က...

'အရေးကြီးတယ်'

ဝမ်ကိုးက ချန်းစိမ်းကို လှမ်းကြည့်လိုက်သည်။ ချန်းစိမ်းသ
သူတို့အနီးသို့ ခပ်သွက်သွက် လျှောက်လာပြီး...

'မင်း ဘာလိုချင်သလဲ၊ ဘာပြောချင်သလဲ'

ဟု ခပ်ထန်ထန် မေးလိုက်လေသည်။

ယုခဝယ်၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။

သူမ၏မျက်နှာ တည်ကြည်သွားသည်။

ကြောက်ရွံ့ထိတ်လန့်သည့် အရိပ်အယောင်များကွယ်ပျောက်
သွားပြီး၊ ရက်စက်ကြမ်းကြုတ်မည့် အသွင် ဆောင်လာသည်။

ချန်းစိမ်းကို စိုက်ကြည့်ကာ....

'ကျောင်းလိမ်မြို့စားရဲ့ ဦးခေါင်းကို လိုချင်တယ်၊ ကျွန်မ ဖြန်ဖြေနိုင်တာကတော့ ရှင် လိုချင်တဲ့ သခင်မလေး ကျင်းကျင်းနဲ့ ဘာမဟုတ်တဲ့ စောရ အာဇွိုးပဲ'

ဟု ပြောချလိုက်သည်။

'ဘာ'

ချန်းစိမ်း၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ဝမ်ကိုးလည်း ပါးစပ်အဟောင်းသား ဖြစ်သွား၏။

သူတို့သည် မြှောက်တစ်ကောင်၏ ဦးခေါင်းကို ကိုင်ထားမိပြီဖြစ်ကြောင်း နားလည်သွားကြ၏။

မြွေဟောက်ကို ကိုင်ထား အခြားသူများ ကြောက်အောင် ခြောက်လှန့်နိုင်သည်။ ဖော်အဘူ အကိုင်အတွယ်မတတ်လျှင် မြွေ ကိုက်ခံရမည့် အန္တရာယ် ရှိသေး၏။

ချန်းစိမ်းနှင့် ဝမ်ကိုးတို့ တစ်ယောက်ကိုတစ်ယောက်ကြည့်လိုက်မိကြ၏။

ယုဝေယီက....

'ကျွန်မ ပြောတာ ဘယ်သို့သဘောရသလဲ'

ဟု မေးလာသည်။

ဝမ်ကိုးက....

'မင်းပြောတဲ့ စကားထဲမှာ စောရအာဇွိုးဆိုတာ ပါလာတယ်၊ အဲဒါ ဘာလဲ၊ ကျုပ်တို့ကို ရှင်းပြပါလား'

ယုဝေယီ ခေါင်းညိတ်လိုက်၏။



'ကျွန်မ ပြောပြပါမယ်၊ သခင်မလေး ကျင်းကျင်းဟာ မင်းသားလေးအတွက် ဖြစ်စေရပါမယ်၊ ဒါပေမယ့် ကျွန်မရဲ့ တောင်းဆိုချက်ကို လိုက်လျောမယ် မလိုက်လျောဘူးဆိုတာ သိရဖို့ အရေးကြီးတယ်'

ဝမ်ကိုးက....

'မိန်းကလေး မင်းဟာ ကျောင်းလိမ်မြို့စားဂေဟာက လူတစ်ယောက် မဟုတ်လား၊ ဘာကြောင့် မြို့စားကြီးကို ဒုက္ခရောက်စေချင်ရတာလဲ'

'ကျွန်တော်ပြောပြီးပါပြီ၊ ကျောင်းလိမ်မြို့စားဟာ ကျွန်မအဖေကို ကွပ်မျက်ပစ်လိုက်သူပဲ၊ သူ့ကိုလက်တုံ့ပြန်ရမှ ကျွန်မကျေနပ်မယ်၊ ကျွန်မ ဒီမှာ လာပြီး အနှစ်နှစ်ရာ အလုပ်လုပ်နေတာဟာ အခုလိုအခွင့်အရေးကို စောင့်နေဖို့ပဲရှင့်'

ချန်းစိမ်းက ဝမ်ကိုးကို ကြည့်လိုက်လေသည်။

ဝမ်ကိုး ခေါင်းညိတ်လိုက်သည်။

'မှန်ပါတယ် သခင်လေး၊ သူ့ အကြောင်းကို ကျုပ်စုံစမ်းပြီးပါပြီ၊ သူပြောတာ အမှန်ပါ'

ဟု ထောက်ခံပြောဆိုလိုက်လေသည်။

ချန်းစိမ်းက....

'သူပေးတာနဲ့ သူတောင်းတာဟာ မျှတပါ့မလားဗျ'

ဟု မေးလိုက်သည်။

သခင်မလေး ကျင်းကျင်းနှင့် လက်ထက်မည်ဆိုလျှင် ကျောင်းလိမ်မြို့စား အသက်ရှင်လျက် ရှိနေရပေမည်။

မြို့စားကြီးကိုယ်တိုင် ကြည်ကြည်ဖြူဖြူဖြင့် လက်ဆက်ပေးခြင်းမျိုးကို သူက ပိုမြီးလိုလားပေသည်။

မြို့စားကြီးကျင်းတိတ်အား လုပ်ကြံပြီး သခင်မလေး ကျင်းကျင်းအား သိမ်းပိုက်ခြင်းကို မည်သူမျှ လက်ခံကြမည်မဟုတ်သလို သူ၏ဂုဏ်သိက္ခာလည်း ရစရာမရှိအောင် ကျဆင်းသွားမည်ဖြစ်ကြောင်း နားလည်ထား၏။

ယုဝေယိက....

'ကျွန်မက အချိန်အကြာကြီး စောင့်ခဲ့ပြီးပါပြီရှင်၊ နောက်ထပ် တစ်နှစ်နှစ်နှစ် ဆက်ပြီးစောင့်ရဦးမလဲ အကြောင်းမထူးပါဘူး၊ မင်းသားလေးက သခင်မလေးကျင်းကျင်းကို သိမ်းပိုက်ပြီး နောက်ပိုင်းမှ ကျင်းလိမ်မြို့စားကို အကြောင်းရှာပြီး ဖျောက်ဖျက်ပစ်လို့ ရပါတယ်၊ မင်းသားလေးက ကျွန်မသဘောကို လိုက်လျောမယ်လို့ ကတိပေးရင် လုံလောက်ပါပြီ'

'ဟား... ဟား... ဟား'

မင်းသားလေးချန်းစိမ်း သဘောကျစွာ ရယ်မောလိုက်လေသည်။

ယုဝေယိက....

'မင်းသားလေး ဘယ်လိုသဘောရသလဲ ပြောပါ'

ဟု မေးလေသည်။

ဝမ်ကိုးက....

'မင်းသားလေး စဉ်းစားဖို့ အချိန်လိုတယ်'

ဟု ကြားဝင်ပြောလေသည်။

ယုဝေယိ မှိုင်းပြုံးပြုံးလိုက်သည်။



'အကယ်တမ်း ပေါင်းကြည့်မှ ရှင်တို့ဟာ သစ္စာမရှိတဲ့ လူတွေဆိုတာ သိရတော့တယ်၊ ကျွန်မက မင်းသားလေးပါဖို့နဲ့ဟူးယို့ တို့ဆီကို သွားရတော့မှာပေါ့'

'နေဦး'

ချန်းစိမ်း၏ ခက်ထန်သော အသံ ထွက်ပေါ်လာ၏။

'ရှင် သဘောတူပြီးလား'

'ကျင်းကျင်း ကျုပ်လက်ထဲရောက်လာပြီးလို့ တစ်နှစ်ပြည့်တဲ့အချိန်မှာ မြို့စားကြီးကျင်းတိတ် လောကပေါ်က ကွယ်ပျောက်သွားစေရမယ်'

ယုဝေယိသည် ဝမ်းသာသွားပြီး သူမသိထားသည့် လျှို့ဝှက်ချက်များကို ပြောပြလိုက်လေတော့သည်။

အေးမြသော ညလေများ တိုက်ခတ်လာသည်။

သချိုင်းမြေအတွင်းဝယ် မီးရောင်လည်းမရှိ၊ ဆူညံသံလည်းမရှိ၊ ပကတိ ငြိမ်သက်နေ၏။

မျောက်အိုကြီးသည် ဇရပ်ပျက်ပေါ်တွင် သူ၏တိုလီမုတ်စ စနည်းကလေးများကို အရောင်လွင့်ပြယ်နေပြီဖြစ်သော ကတ္တီပါစဖြင့် ထုပ်နေသည်။

တစ်ချက်တစ်ချက် လွမ်းဆွေးစွာ ထိုင်နေသည့် အာဂွီးကို လှမ်းကြည့်နေ၏။ အာဂွီးအား လောကကြီးနှင့် ဝေးကွာနေသူ တစ်ယောက်ပမာ တွေဝေငေးမောနေပါသည်။

သူ၏ အသည်းနှလုံးသည် ကျင်းလိမ်မြို့စားဂေဟာတွင် ကျန်ရစ်ခဲ့ပြီဖြစ်၏။

ပျော်ပျော်ရွှင်ရွှင်နေတတ်သည့် သူငယ်ကလေးတစ်ယောက်သည် အချစ်မီး လောင်မြိုက်ခံရပြီးသည့် နောက်ဝယ်၊ ခံစားချက်ကင်းမဲ့သူအဖြစ် ပြောင်းလဲသွားပြီ ဘကား။

မျောက်အိုကြီးသည် ပစ္စည်းပစ္စယများ သိမ်းဆည်းနေရသည်ကိုပင် စိတ်မပါတော့ပါ။ လုပ်လက်စ အလုပ်ကို ရပ်နားရင်း....

'အာဝုဓ်း—မနက်မိုးလင်းမှ သွားကြရင် ကောင်းမယ်'

ဟု ပြောလိုက်လေသည်။

အာဝုဓ်း၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။

မျောက်အိုကြီးကို လှမ်းကြည့်ကာ....

'မနက်မှဟုတ်လား'

'ဟုတ်တယ်လေ၊ မိုးလင်းမှသွားရင် ကောင်းမယ်၊ အခုမိုးချုပ်နေပြီ၊ တို့သွားရင် လမ်းခရီးမှာ ဘယ်လောက်ဒုက္ခရောက်မယ်ဆိုတာ မင်းသိသလား'

အာဝုဓ်း ခေါင်းယမ်းလိုက်တည်။

'ကျွန်တော် ကို ခွင့်ပြုပါတော့ဗျာ၊ ကျောင်းလိမ်မြို့မှာ ကျွန်တော်တစ်စက္ကန့်လေးမှ မနေချင်တော့လို့ပါဗျာ'

'အင်း...မင်းကြောင့်တော့ ခက်ပါသေးတယ်၊ ကဲပါလေ မနေချင်တော့ သွားကြတာပေါ့'

သူ၏ အထုပ်ကလေးကို လျင်မြန်စွာ ထုပ်ပိုးလိုက်သည်။ မတ်တတ်ထရပ်လိုက်ပြီး....

'ကဲ...သွားကြစို့'

ဟု ပြောလိုက်၏။



တကယ်တမ်း သွားမည်ဆိုသောအခါ အာဝုဓ်းမှာ ဖင်ဆွဲနေပါ၏။ ထိုနေရာမှ မခွာချင် ထချင်ဖြစ်ဖွယ် ထသာသည်။ သို့သော် သူတို့နှစ်ယောက် ထွက်မသွားဖြစ်ခဲ့ပါချေ။

အကြောင်းမှာ မီးတုတ်ကိုယ်စီ ကိုင်ဆောင်ထားသူ တစ်စုသည် မြေထဲသို့ လျင်မြန်စွာ ဝင်ရောက်လာကြသည်ကို တွေ့မြင်လိုက်ရခြင်းကြောင့် ဖြစ်ပေသည်။

'ဘယ်သူတွေပါလိမ့်'

မျောက်အိုကြီး လွတ်ခနဲ ရေရွတ်လိုက်သည်။

အာဝုဓ်းသည် စိတ်များလွှပြားနေသော်လည်း အနီးရောက်နေပြီဖြစ်သော လူစုကား ကနေခွဲ သူပီပီ အခြေအနေကို ချက်ချင်း ရိပ်မိလိုက်လေသည်။

'မျောက်အိုကြီး သွားပုန်းနေပါ'

ဟု သတိပေးလိုက်လေသည်။

မျောက်အိုကြီး ခေါင်းယမ်းလိုက်သည်။

'ဒါက ဘာကြောင့် ပုန်းရမှာလဲကွ'

'မြို့စားဂေဟာက လူတွေဗျ'

'အေးလေ၊ မင်းကလော မြို့စားကြီးရဲ့သားတော် မဟုတ်ဘူးလား၊ ဘာကြောက်စရာ ရှိသလဲ၊ မင်းကိုလာခေါ်ကြတာ နေမှာပေါ့'

အာဝုဓ်းသည် တင်းတင်းကို သတိရလာခြင်းကြောင့် တစ်စုံမပြောဘဲ နေလိုက်၏။ သူ၏ဘဝအဖြစ်မှန်ကို တင်းတင်းအား ပြောပြလိုက်သည်။ တင်းတင်းမှ တစ်ဆင့် သခင်မလေး ကျောင်းကျောင်းသိသွားစေချင် ဖြစ်ခဲ့လေသည်။

ကျင်းကျင်းက အဖြစ်မှန်ကို သိသွားလျှင် မည်သို့ခံစား ထားမည်ကို သူသိလိုလှ၏။ ယခု သင်္ချိုင်းမြေထဲသို့ ဝင်ရောက် လာသူများမှာ တင်းတင်းအား မြေပြုလိုက်သည့် စကားနှင့် ပတ်သက်နေရသည်ဟု နားလည်ထားပေတော့သည်။

မီးတုတ်ကိုင်ဆောင် ထားကြသူများသည် လျင်မြန်စွာ ဝင်ရောက်လာကြရာ တစ်ခဏအတွင်းပင် ဂူရပ်ပျက်ကို ဝိုင်းရံ ပြီးသား ဖြစ်သွား၏။

မီးတုတ်များမှ ထွက်ပေါ်လာသည့် အလင်းရောင်ကြောင့် နေ့ဘက်နှင့် မခြားအောင် လင်းလင်းချင်းချင်း ဖြစ်သွား လေသည်။

ဂူရပ်ပျက်အား ဝိုင်းရံထားကြသူများတွင် ကျင်းလိမ်မြို့စား ၏ လူများအပြင် ရွှေခဲဂိုဏ်းမှ လူများ၊ တောင်ပိုင်းနယ်စား ၏ လူများနှင့် ကျားဝါခြေတိုက်မှ လူများ ပါဝင်နေကြပေသည်။

ထိုလူစုသည် ဂူရပ်ပျက်ပေါ်မှ အာဝှိုးနှင့် မျောက်အိုကြီး ကို တွေ့လျှင်...

'ကလိမ်ခြေ တွေကို တွေ့ပြီဟေ့'

'လူလိမ်လူကောက်တွေ ဘယ်ပြေးမလဲ'

'သူခိုးလေးကို မလွှတ်စေနဲ့'

တစ်ယောက်တစ်ပေါက် အော်ပြောလိုက်ကြလေသည်။

'ဟာ'

အာဝှိုး လွှတ်ခနဲ အော်လိုက်မိသည်။

ထိုလူများ၏ နှုတ်ဖျားမှ ထွက်ပေါ်လာသည့်စကားက သူ၏ ဇာဝမှန်ကို အားလုံး သိသွားကြပြီဖြစ်ကြောင်း ပေါ်လွင်နေ၏



သူ၏ ဇာဝမှန်ကို တင်းတင်းအား မပြောပြခဲ့ရ သေးခင်မှာပင် ကျင်းကျင်း သိရတော့မည်။ သခင်မလေးကျင်းကျင်းသည် သူ့အား ကြား နားကြည်းသွားပြီး ဖခင်ဖြစ်သူအား မပြောပြလိုက်ခြင်း ယခုလို လာရောက် ဖမ်းဆီးခြင်း ဖြစ်မည်ဟု ထင်လိုက်မိ၏

အာဝှိုး ရင်ထိတ်သွား၏။ သူ့အသက်

အား မဟုတ်ပါ။ သူ့ ကြောင့် မျောက်ဒုက္ခ သွားကြ၏။

သွားနိုင်သည်ကို တွေးမိလိုက်သဖြင့် မြန်မြန်ပြီးအော်ပေါက်ရုံ သေး

'မျောက်အိုကြီး၊ မြန်မြန်ပြေးပါတော့'

ဟုလှမ်းပြီး သတိပေးလိုက်၏။ ငြင်းလိုက်ကြလေသည်။

မျောက်အိုကြီး ပခုံးတွန့်လိုက်သည်။

'ငါ့မှာ တောင်ပေါ်ရှိခနဲ့ရပ်တဲ့ ငါ မပြေးတူးကွ' 'ငါ့မိတ်ဆွေအတွက် ... ကြောင့်

'မျောက်အိုကြီး ပြေးပါတော့များ၊ တော်ကြာ ဒုက္ခရောက် သွားလိမ့်မယ်'

မျောက်အိုကြီးက...

'ဒုက္ခရောက်မှတော့ အဘူအူပေါ့ကွာ။ ငါကတော့ လွတ် လွတ်ကျွတ်ကျွတ်ရှိပြီး ခင်းအဒုက္ခတွေခနမယ်ဆိုရင် ဘယ်သို့လုပ် အောင်းနိုင်ပါ့မှာလဲကွ'

'မျောက်... မျောက်အိုကြီး'

'တော်စတော့...ငါ့ကို ထွက်ပြေးဖို့စကား နောက်ထပ်မပြော နဲ့တော့'

အာဝှိုးတည်းမှနောက်ထပ် ပြောခွင့် မရလိုက်ပါချေ။

အကြောင်းမှာ စိုင်းရဲ ထားသူများကြားမှ လူလေးယောက်
ထ... သူ လှမ်းထွက်လာကြသည်ကို တွေ့မြင်လိုက်ရခြင်းကြောင့်
လာသည်။
ပတ်သက်...
မီးတုတ်ကိုင်... သားယောက်မှာ ပဲဖူး ဟူယို၊ ချန်းစိမ်းနှင့် မုထင်း
ဝင်ရောက်လာကြရာ ...သည်။ မုထင်းသည် ကျောင်းလင်မြို့စား ကြီး
ပြီးသား ဖြစ်သွား၏။ ...ရှိုး သိုင်းဆရာကြီး ဖြစ်ပေသည်။
မီးတုတ်များမှ ထွက်သည် အလင်းရောင်အား အထက်အောက်
နေ့ဘက်နှင့် မခြားရောင် ကြည့်လိုက်ကြ၏။
လေသည်။

'ဇရပ်ပျက်... လူခိုးလေးတွေ ရရာရစ သခင်မလေးကို နှယ်
၏ လ... ...ခဲ့တယ်။ အခုဝင်လာတဲ့ နေခြည်တော် ကြားလို့ မှမတော်
တွေ့ကိုယ်သူများ ကျွန်မှုများရှင်ခဲ့သားတော်တွေ၊ ...လာရည်
သေးတယ်'
ဟု ကဲ့ရဲ့ရှုတ်ချလိုက်လေသည်။
ဟူယိုက....
'ဒွေးလူခိုးလေးကြောင့် သခင်မလေးလေး မြို့စားလေးလေး
သိက္ခာကျစေ၏ မှတ်လေးက်သားလောက်ဖြစ်အောင် ဆုံးမ
ယ်'
ဟု ပြောလေသည်။
ချန်းစိမ်းက....
'ငါကိုစ ကျုပ်တို့ဝန်ထမ်းပဲဗျာ၊ ကျုပ်တို့ရှိနေပါလျက်
အနိုင်လုပ်ရဲတာ ကျုပ်တို့လဲ သိက္ခာကျတယ်၊ ကျုပ်



ခြေထောက်ကို ဦးတိုက်တောင်းပန်ပြီး အမှားကို ဝန်ခံသောရ
စေမယ်ဗျ'
တစ်ယောက်တစ်ပေါက် ပြောဆိုလိုက်သည့်စကား ကြား
လျှင် အာဝုဒ်း ဒေါသထွက်သွားလေတော့သည်။
'ဟော့ လူတွေ ခင်ဗျားတို့ ပါးစပ်ပိတ်ထားလိုက်စမ်း'
ဟု အော်ဟောက်လိုက်လေသည်။
ထိုအခါ ချန်းစိမ်းတို့လည်း ဒေါပွသွားကြ၏။
'အမယ်...မင်းတမျှား ငါတို့ကိုပြန်ပြီးအော်ဟောက်ရဲသေး
တယ်၊ သိကြသေးတာပေါ့'
ပြောပြောဆိုဆို တိုက်ခိုက်ရန် ဟန်ပြင်လိုက်ကြလေသည်။
ပုထင်းက....
'နေကြပါဦးဗျာ လူတို့မှားယွင်းပြီး လက်ခံမိတဲ့အတွက်
မြို့စားဂေဟာမှာ တာဝန်အရှိဆုံးဖြစ်နေပါတယ်။ ဒါကြောင့်
ကျုပ်က လူကို ဖမ်းဆီးပါရစေ၊ မြို့စားကြီး ရှေ့မှောက်ကို
ရောက်မှ မင်းသားလေးတို့ရဲ့ သဘောထားကို ပြောပြီး ဆက်
လုပ်ကြပါ၊ ကဲဟော လူတွင်ကျယ်လုပ်ချင်တဲ့ လူခိုးလေးကို
ဝိုင်းဖမ်းလိုက်ကြစမ်း'
ချန်းစိမ်းတို့အား တားမြစ်ရင်း သူ၏လူများကို အမိန့်ပေး
လိုက်လေသည်။ ထိုအခါ မြို့စားဂေဟာမှ သိုင်းသမားများသည်
ဩသံပေး၍ ဇရပ်ပျက်ပေါ် ပြေးသွားကြလေသည်။
မျောက်အိုကြီးက....
'သတိထား'
အာဝုဒ်းအား လှမ်းပြီး သတိပေးလိုက်သည်။

အာဂ္ဂီးမှာ ဒေါသထွက်နေပြီဖြစ်သည့်အလျောက် ခိုင်းရ တိုက်ခိုက်လာသည့် မြို့စားဂေဟာမှ သိုင်းသမားများအား ပြန်လည် ခုခံ တိုက်ခိုက်လိုက်လေသည်။

'ဝုန်း'

'အား'

'အမယ်လေး'

စူးရှကျယ်လောင်သော အော်ဟစ်သံများ ထွက်ပေါ်လာသည်။

မြို့စားဂေဟာမှ သိုင်းသမားများသည် အာဂ္ဂီး၏လက်ချက်မိကာ ဖရိုဖရဲ ဖြစ်သွားကြလေသည်။

ပါဖုံးဟူးယို့နှင့်ချွန်းစိမ်းတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

ပါဖုံ့က...

'သူခိုးလေးက မခေပါလား'

ဟု ပြောသည်။

ဟူးယို့က...

'ဒီကောင်က သိုင်းပညာလဲ တတ်တာကိုး၊ ဒါကြောင့် ဘယ်သူမှ မလုပ်ရဲတဲ့ကိစ္စမျိုး လုပ်ခဲ့တာပေါ့'

ချွန်းစိမ်းကမူ....

'အထင်ကြီးစရာ ရှိပါဘူးဗျာ၊ သေသေချာချာကြည့်ပါလား၊ သူတို့ရဲ့ သိုင်းကွက်တွေဟာ အညံ့စား သိုင်းကွက်တွေပါ'



ဟူးယို့နှင့် ပါဖုံးတို့ ခေါင်းညိတ်လိုက်ကြသည်။

ထိုအချိန်တွင် မုဘင်းကိုယ်တိုင် ဇရပ်ပျက်ပေါ် တက်သွားသည်ကို တွေ့ရ၏။

ပါဖုံးက....

'ကျုပ်တို့သွားပြီး ဆုံးမလိုက်ကြရအောင်'

ဟု ပြောလေသည်။

ဟူးယို့လည်း သဘောတူ၏။

သူတို့၏ အစွမ်းအစကို ထုတ်ဖော်ပြသလိုပေသည်။ သို့မှသာလျှင် ကျင်းလိမ်မြို့စားနှင့် သခင်မလေးကျင်းကျင်းတို့၏ လေးစားမှုကို ခံယူရလိမ့်မည်ဟု ယုံကြည်ထား၏။

ပါဖုံးနှင့်ဟူးယို့တို့ ဇရပ်ပျက်ပေါ် တက်သွားရန် ဟန်ပြင်လိုက်ကြသောအခါ ချွန်းစိမ်းက ဟန့်တားလိုက်လေသည်။

'သိပ်ပြီး စိတ်မောလာစမ်းပါနဲ့၊ ကျင်းလိမ်မြို့စားရဲ့လူတွေ ဘယ်လောက် အစွမ်းအစရှိသလဲ စမ်းကြည့်ကြရအောင်'

ပါဖုံးနှင့်ဟူးယို့တို့ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြ၏။ ထို့နောက် ဇရပ်ပျက်ပေါ် တက်မသွားတော့ပဲ ရပ်နေလိုက်ကြလေသည်။

ဇရပ်ပျက်ပေါ်တွင် မုဘင်းနှင့် အာဂ္ဂီးတို့ မျက်နှာချင်းဆိုင်မိလိုက်ကြပြီ ဖြစ်လေသည်။ မုဘင်းက ခက်ထန်သော မျက်နှာထားဖြင့်....

'မဟုတ် လူလိမ်လေး၊ အေးအေးဆေးဆေး အဖမ်းခံရင်ကောင်းမယ်'

ဟု ပြောလိုက်သည်။

အာဝှိ ပြုံးလိုက်သည်။

'ကျုပ်က လူလိမ်လူညာဆိုရင် မြို့စားကြီးသမက်တောင်ရောက်နေပြီပေါ့ဗျာ၊ ခင်ဗျားကိုယ်တိုင်လဲ အရိုအသေပေးနေရပြီပေါ့ဗျာ၊ ကျုပ်က အမှန်အတိုင်း ဖြစ်စေချင်ခဲ့လို့ ဆိုတာ နားလည်ထားစမ်းပါ'

မှုထင်း ကျဲမြီးတိုသွားသည်။

'ခုထိတော့ လေမလျော့သေးပါလား၊ ခွေးကောင်လေး... သေဖို့သာ ပြင်ထားပေတော့'

စကားဆုံးလျှင် လက်နှစ်ဖက် ဆန့်တန်းကာ ငှက်ကြီး ပံ့ တစ်ကောင်သဖွယ် အာဝှိထံ ခုန်ဝင် တိုက်ခိုက်လိုက်လေသည်။

အာဝှိက နောက်သို့ ခြေတစ်လှမ်းဆုတ်ကာ ရှောင်လိုက်သည်။ မှုထင်း ရှေ့သို့ ကျွံဝင်လာစေတော့မှ လက်ဝါးဖြင့် ရိုက်ထုတ်လိုက်၏။

'ဝုန်း'

'အား'

စူးရှကျယ်လောင်သောအသံများထွက်ပေါ်လာသည်။

မှုထင်း၏ခန္ဓာကိုယ် အပေါ်သို့ မြောက်တက်သွားပြီး ဇရပ်ပျက် အောက်ဘက်သို့ လွင့်စဉ်ကျသွားလေသည်။

မြို့စားဂေဟာမှသိုင်းသမားများက ပြေး၍ဖေးမလိုက်ကြ၏။

မှုထင်းက လူးလိမ့်ထရင်း....

'မင်းသားလေး... သူ့ကို မလွှတ်ပါနဲ့'

ချန်းစိမ်းတို့ဘက်သို့လှည့်ကာ အကူအညီ တောင်းခံလိုက်လေသည်။



ပါဖိုးတာ....

'စိတ်ချ၊ ကျုပ် ဆုံးမလိုက်ပါ့မယ်'

ပြောပြောဆိုဆို ဇရပ်ပျက်ပေါ် လှမ်းတက်သွားရန် ဟန်ပြင်လိုက်၏။

'နေ နေ....ကျုပ် တာဝန်ထား'

ဟူးယိ့က အလုအယက်ပြောပြီး ပါဖိုးထက် ဦးအောင် တက်သွားရန် ဟန်ပြင်၏။

ချန်းစိမ်းကမူ ဘာမှ မပြောချေ။

မြေပေါ် ခြေတစ်ချက်ဆောင့်ကာ အပေါ် ခုန်တက်လိုက်လေသည်။

အဝတ်အစား လေတို့သံများ တဟူးဟူးမြည်သံ ထွက်ပေါ်လာ၏။ ဟူးယိ့နှင့်ပါဖိုးတို့ ရင်ထိတ်သွားပြီး ကပျာကယာ နောက်ဆုတ်လိုက်ကြလေသည်။

ထိုအချိန်တွင် ချန်းစိမ်းမှာ သူတို့၏ဦးခေါင်းပေါ်မှ ဖြတ်ကျော်ကာ ဇရပ်ပျက်အပေါ်ဘက်သို့ ရောက်ရှိသွားပြီ ဖြစ်လေသည်။

ဇရပ်ပျက်ပေါ်ရောက်လျှင် လက်နှင်ဖက် နောက်ပစ်ကာ အေးအေးလူလူ ရပ်နေလိုက်သည်။ ခေါသွားသဖွယ် မှုန်မှုန် တောက်ပသောအကြည့်ဖြင့် အာဝှိကို ကြည့်ရင်း....

'မင်း အေးအေးဆေးဆေး အညံ့ခံလိုက်ရင် ကောင်းမယ်'

ဟု ပြောလိုက်လေသည်။

အာဝှိ ပြုံးလိုက်သည်။

'ကျုပ် ဒီက ထွက်သွားဖို့ ဆုံးဖြတ်ပြီးပါပြီ၊ နောက်နောင် တယ်တော့မှ ကျောင်းလိမ်မှုဘက် ခြေဦးလှည့်တော့မှာ မဟုတ်ဘူး၊ ဘာကြောင့် ကျုပ်ကို ဒုက္ခပေးချင်ရတာလဲ'

'ခင်ဗျား သခင်မလေးကို အချက်ခဲ့ခဲ့တာကို'

'ဒါဘဲ'

ချန်းစိမ်းသည် စိတ်ရှည်တော့ဟန်ဖြင့်....

'ကြာပါတယ်ကွာ၊ ကြမ်းပြင်ပေါ် ဒူးထောက်ပြီး အဖမ်းခံလိုက်စမ်းပါ၊ မင်းလို စစ်ရာဇဝတ်ကောင်နဲ့ အချိန်ကုန်ခံပြီး ငါ စကားမပြောနိုင်ဘူး'

ဟု ခပ်ဆန်ဆန် ပြောလိုက်၏။

အာဝ္ဂီးအား....

'ဒူးထောက် အညံ့ခံဘယ်ဆိုတာ ကျုပ်တို့စံမှာ မရှိဘူး'

'ခြော် မင်းကလဲ အသာကြီးပဲကိုး၊ ကောင်းပြီလေ...မင်း ဘယ်လောက် ကြီးကျယ်နိုင်မလဲ ကြည့်ကြသေးတာပေါ့'

စကားဆုံးလျှင် ရှေ့သို့ လှမ်းတစ်ဖြက် တိုးကာ အာဝ္ဂီးအား တိုက်ခိုက်လိုက်လေသည်။

အာဝ္ဂီးကလည်း သတိကြီးစွာ ထားနေသည့်အလျောက် ချက်ချင်း ပြန်လည် တိုက်ခိုက်လိုက်လေသည်။

လူတို့နှစ်ယောက် ထိပ်တိုက်ရင်ဆိုင်မိလိုက်သည်နှင့်—

'ဝုန်း'

ကျယ်လောင်သောအသံ ထွက်ပေါ်လာသည်။



အာဝ္ဂီးနှင့် ချန်းစိမ်းတို့ နောက်သို့ ပြိုင်တူ ဆုတ်လိုက်ကြရ၏။ အာဝ္ဂီး၏မျက်နှာ ရှုံ့မဲ့သွား၏။ သူ၏ နှုတ်ခမ်းထောင့်မှ သွေးများ စီးကျလာ၏။

'အာဝ္ဂီး'

မျောက်အိုကြီး၏ အထိတ်တလန့် ခေါ်လိုက်သည်။

လျင်မြန်စွာ ပြေးထွက်လာပြီး အာဝ္ဂီး၏ရှေ့တွင် ရပ်ကာ အကာအကွယ် ပြုလိုက်လေသည်။

'ဟား ဟား ဟား'

ချန်းစိမ်း၏ သဘောကျစွာ ရယ်မောလိုက်သည်။

မျောက်အိုကြီး ဒေါသ ထွက်နေသည်။

'အာဝ္ဂီး၊ မင်းနောက်ဆုတ်လိုက်'

အာဝ္ဂီးကို ဖေးမကာ နောက်ဆုတ်သွားရန် ဟန်ပြင်လိုက်သည်။

ချန်းစိမ်း ခေါင်းယမ်းလိုက်သည်။

'ခင်ဗျားတို့နှစ်ယောက်စလုံး မလွတ်နိုင်တော့ပါဘူး'

ဟု ပြောလိုက်သည်။

ထိုအချိန်တွင် ဇနပ်ပျက်ပေါ်သို့ ပဂိုးနှင့် ဟူးယို့တို့ ရောက်ရှိလာကြပြီ ဖြစ်လေသည်။

ပဂိုးက....

'သူ့ကို ကျုပ်တို့ တာဝန်ယူလိုက်မယ်'

စကားဆုံးလျှင် မျောက်အိုကြီးထံ ပြေးဝင်တိုက်ခိုက်လိုက်လေသည်။

ဟူးယို့က...

'ကျုပ်လဲ ရှိပါသေးတယ်ဗျာ'

ပြောပြောဆိုဆို ခုန်ဝင်လာသည်။

ချန်းစိမ်း ဟန်ထားခြင်း မပြုနိုင်မီ ခုန်ဝင်တိုက်ခိုက်လာခြင်း ဖြစ်သည်။

အာဝုဓ်း ရင်ထိတ်သွား၏။

'မျောက်အိုကြီး နောက်ဆုတ်လိုက်'

ဟု အော်ပြောလိုက်သည်။

မျောက်အိုကြီးကို တွန်းထုတ်ပစ်ကာ ပါဖုံးတို့နှင့် ရင်ဆိုင်လိုက်၏။ ကျင်းကျောင်း၏မေတ္တာကို ရယူသွားခဲ့သည့် အာဝုဓ်းကို မကျေမနပ် ဖြစ်နေကြပါသည်။

တို့ကြောင့် ပြင်းထန်စွာ တိုက်ခိုက်ကြလေသည်။ အာဝုဓ်းကလည်း အံတင်းတင်းကြိတ်ကာ ပြန်လည် တိုက်ခိုက်လိုက်၏။

ဟူးယို့နှင့်ပါဖုံးတို့သည် သိုင်းပညာထက်မြက်သူများ ဖြစ်ကြသည်။

ထိပ်တိုက်ရင်ဆိုင်မိသည်နှင့်....

'ဝုန်း'

'အား'

စူးရှကျယ်လောင်သော အသံများ ထွက်ပေါ်လာသည်။ အာဝုဓ်းမှာ နောက်သို့ ဒယီးဒယိုင်ဖြင့် ဆုတ်သွားရသည်။

'အာဝုဓ်း'

မျောက်အိုကြီး အထိတ်တလန့်ဖြင့် ခေါ်လိုက်သည်။

အာဝုဓ်း အခြေအနေ မဟန်တော့သည်ကို ကောင်းစွာ ရိပ်မိထားပြီဖြစ်သည်။



ပါဖုံးနှင့်ဟူးယို့တို့အား အခဲမကျေနိုင်ကြသူများဖြစ်ရာ အာဝုဓ်းအား အပြတ်ရှင်းပစ်ရန် ထပ်မံ ပြေးဝင် တိုက်ခိုက်လာကြပြန်၏။

အာဝုဓ်းသည် ပြန်လည် ခုခံရန် မဆိုထားနှင့် လဲကျမသွားရအောင်ပင် မနည်းကြီး ကြိုးစား ရပ်နေရသည်။

အာဝုဓ်း ဒုက္ခရောက်ရမည့် အရေးကို တွေ့မြင်ရသည့်အခါ မျောက်အိုကြီးမှာ မနေနိုင်တော့ချေ။

'ရပ်လိုက်'

ဟန့်တားရင်း အာဝုဓ်းနှင့် ပါဖုံးတို့ကြားသို့ ပြေးဝင်လိုက်လေသည်။ ပါဖုံးနှင့်ဟူးယို့တို့သည် ပို၍စိတ်တိုကာ ကြားဝင်လာသည့် မျောက်အိုကြီးအား ပြင်းထန်စွာ တိုက်ခိုက်လိုက်ကြလေ၏။

မျောက်အိုကြီးက လက်နှစ်ဖက်ဝေ့ယမ်းကာ ပြန်လည်ခုခံတိုက်ခိုက်ပါသော်လည်း ပညာရည် မမျှသဖြင့်....

'ဝုန်း'

'အား'

စူးရှသော အော်ဟစ်သံနှင့်အတူ မျောက်အိုကြီးမှာ ကြမ်းပြင်ပေါ်သို့ ခွေခွေကလေး လဲကျသွားတော့၏။

'ဟာ'

အာဝုဓ်း လွှတ်ခနဲ ရေရွတ်လိုက်သည်။

မျောက်အိုကြီးအနီးသို့ ချဉ်းကပ်သွားပြီး ဒူးထောက်ချကာ စစ်ဆေးကြည့်လိုက်၏။

မျောက်အိုကြီးကား ဒဏ်ရာပြင်းစွာ ရသွားချေပြီ။

'အာဝှ ိး….ပြေး ပြေး'

ထိုစကားသည် မျောက်အိုကြီး နောက်ဆုံး ပြောသွားသည့် စကားဖြစ်သည်။

စကားဆုံးလျှင် အာဝှ ိး၏လက်ပေါ်တွင် ဇက်ကျိုးကျကာ သေဆုံးသွား၏။

အာဝှ ိး၏ ခန္ဓာကိုယ် တဆတ်ဆတ် တုန်ယင်လာသည်။ လူနှင့် နှစ်ပေါင်းများစွာ လက်ပွန်းတတီး နေခဲ့သည့် မျောက်အိုကြီးအား မမျှော်လင့်ဘဲ သေဆုံးခဲ့ချေပြီ။

လူ့အား ထာဝရ ခမ်းခွဲသွားပြီဖြစ်သည်။ မျောက်အိုကြီးအား တွေ့လို၍ ဘယ်သောအခါမှ ပြန်တွေ့ရတော့မည် မဟုတ်ပါ။

မျောက်အိုကြီး၏ စကားသံကို ဘယ်သောအခါမှ ကြားရတော့မည် မဟုတ်ပါ။ ဝမ်းနည်းကြေကွဲမှုမှသည် ဒေါသစိတ်သို့ ပြောင်းလဲသွားသည့် တစ်ခဏအတွင်း၌ပင်….

'ယား'

အာဝှ ိးသည် မျောက်အိုကြီးကို မြေပြင်ပေါ် ချထား ဒေါသတကြီး ခုန်ထရင်း ဟူးယို့နှင့်ပါဖူးတို့အား ပြင်းထန်စွာ တိုက်ခိုက်လိုက်လေသည်။

ပါဖူးနှင့်ဟူးယို့တို့ ရင်ထိတ်သွားကြ၏။ အပျာအယာ နောက်ဆုတ်ကြရလေသည်။ အာဝှ ိးက အလွတ်မပေးဘဲ လိုက်လံ တိုက်ခိုက်လေသည်။



ပါဖူးနှင့် ဟူးယို့တို့ မျက်စိမျက်နှာ ပျက်နေကြပါတော့သည်။ အာဝှ ိးအား ရင်မဆိုင်စုံဘဲ နောက်သို့သာ တစ်ဆုတ်တည်း ဆုတ်နေကြ၏။

ချန်းစိမ်း ဒေါင်းယမ်းလိုက်သည်။

'သူခိုးလေးတစ်ယောက်ကိုတောင် နိုင်အောင် မတိုက်နိုင်ကြတော့ဘူးလား'

ပြောပြော ဆိုဆို ရှေ့သို့ လှမ်းလာပြီး အာဝှ ိးနှင့် ထိပ်တိုက် ရင်ဆိုင်လိုက်၏၊ အာဝှ ိးမှာ မျောက်အိုကြီး သေဆုံးသွားသဖြင့် ဒေါသ ထိန်းမရဘဲ လူစိတ်ပျောက်ကာ မည်းမည်း ပြာပြာ ပြင်းထန်စွာ တိုက်ခိုက်နေ၏။

ချန်းစိမ်းက သူ၏ ရှေ့သို့ ခုန်ဝင်လာသည်ကို တွေ့လျှင်….

'ယား'

ဟြာသံပေးရင်း တရကြမ်း တိုက်ခိုက်လိုက်၏။

ချန်းစိမ်း မပေါ့ဝံ့တော့ပေ၊ သတိကြီးစွာ ထား၍ ပြန်လည် ရင်ဆိုင်လိုက်လေသည်။

အာဝှ ိး၏ တိုက်ခိုက်မှုကို ပွင့်ဟသီဟာ ရှောင်တိမ်းပြီး အာဝှ ိး၏ နောက်ကျောပြင်ကို လက်ဝါးဖြင့် ရိုက်ချလိုက်၏။

'ဝုန်း'

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာသည်။ အာဝှ ိးမှာ ချန်းစိမ်း၏ လက်ဝါး ရိုက်ချက်ကြောင့် ရှေ့သို့ ယင်ထိုး လဲကျသွား၏။ ငှက်ရာ ပြင်းစွာ ရရှိသော်လည်း မြေပြင်ပေါ်မှ ချက်ချင်း လူးလိမ့်ထရန် ကြိုးစားလေသည်။

သို့သော် မဟန်နိုင်တော့ဘဲ….

'ဝေါ့'

ပါးစပ်မှ သွေးများ အန်ထုတ်ကာ ပြန်လည် လဲကျသွား၏။

ကြမ်းပြင်ပေါ်၌ လက်များ ဆန့်တန်းကာ အနကြာဆွဲနေပြီး ပြန်မထနိုင်တော့ပါ။

ချန် စိမ်း ဟူးယို့ နှင့် ပါဖုံးတို့ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြ၏။

ထို့နောက်...

'ဟား...ဟား...ဟား'

ပြိုင်တူ ရယ်မောလိုက်ကြလေတော့သည်။

\+ + +

## ချစ်ကြေး လုလင်

'အာ...ဘာပြောတယ်'

ကျင်းကျင်း၏ အသံ တုန်တုန်ယင်ယင်အားအား ထွက်ပေါ်လာသည်။

တင်းတင်းသည် မျက်စိ မျက်နှာ ပျက်ဖြစ်ပြီး...

'သူ...သူ့ကို ဖမ်းမိ သွားကြပြီ သခင်မလေး'

'ဟဲ့-တင်းတင်းရယ် နင့်မှာလဲ ထိတ်သာ မလန့်သာ ရှိလိုက်တာ၊ ဘယ်သူ့ကို ဖမ်းမိသွားတာလဲ ရှင်းပြစမ်းပါဦး'

'ဟို...ဟို မင်းသားလေး အာဝှန်းကို'

'ဟေ'

ကျင်းကျင်း မျက်လုံး ပြူးသွားလေသည်။

'ညည်း ညည်း ဘာပြောလိုက်တယ်'

သူမသည် ဝတ်စောင်း စား လှ ဝတ်ဆင်ထားလေသည်။ တင်းတင်းနှင့်အတူ အာဝှန်းကို သွားတွေ့ရန်ဖြစ်သည်။ ယခုတော့ အာဝှန်း အဖမ်းခံလိုက်ရသည့်သတင်း ကြားရချေပြီ။

'စောစောကပဲ မမယုဝေယံနဲ့ တွေ့လို့ သိခဲ့ရတာ၊ အာဝှီးဟာ တကယ့် မင်းသားလေး တစ်ယောက် မဟုတ်ဘဲ စေ့ရ တစ်ယောက်ဆိုတာ ပေါ်ပေါက်သွားလို့ သခင်ကြီး ဒေါသပုန်ထနေတယ်တဲ့၊ မင်းသားလေး သုံးယောက်က အာဝှီးကို သွားဖမ်းဆီးလာကြတယ်တဲ့'

'အို ထူတော့ ဒုက္ခပဲ'

ကျင်းကျင်း မျက်လုံးများ ပြူးဝသွားသည်။ အဘယ့်ကြောင့် အာဝှီး၏ အဖြစ်မှန် ပေါ်ပေါက် သွားရသည်ကိုပင် မစဉ်းစား နိုင်တော့ပါ။

'ထင်းတင်း ဘယ်လို လုပ်ကြမလဲ၊ သူ ဒုက္ခရောက်တော့မယ်'

'ကျွန်...ကျွန်မ'

'လုပ်စမ်းပါဦး၊ တင်းတင်းရယ်'

'နေဦး၊ ကျွန်မ အခြေအနေ သွားကြည့်ဦးမယ်'

ကျင်းကျင်း စိတ်မရှည်နိုင်တော့ပါ။

'မြန်မြန်သွား၊ ဘယ်နည်းနဲ့ဖြစ်ဖြစ် သူ့ကိုကူညီရမယ်'

'ကောင်းပါပြီ သခင်မလေး'



'တောက်'

တက်ခေါက်သံတစ်ချက် ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

မြို့စားကြီး ကျင်းတိတ်၏မျက်နှာ ရဲရဲနီနေသည်။ အာဝှီး၏ လုပ်ရပ်သည် သူ့အတွက် အကြီးအကျယ် အရှက်ရစေခဲ့သည် မဟုတ်ပါလား။

အာဝှီးအား မင်းသားလေးတစ်ယောက်ဟု ယူဆကာ လက်ခံခဲ့၏။ သူ၏သမီးက အာဝှီးကို ဘဝကြင်ဖော်အဖြစ် ရွေးချယ်ခဲ့သည်။

သူကိုယ်တိုင်လည်း သမီးသဘောကျ သမက်တော်အဖြစ် ကြည်သာခဲ့လေသည်။

ယခုတော့ အာဝှီးသည် ခြေသလုံးအိမ်တိုင် လှည့်လည်သွားလာနေသည့် စေ့ရတစ်ယောက် ဖြစ်နေချေပြီ။

မြို့စားကြီးတစ်ယောက် ရာဇဝင်ပြုပျက်ရလောက်အောင်ပင် အရှက်တကွဲ အကျိုးနည်း ဖြစ်ခဲ့ရပေတော့သည်။

အာဝှီး၏ အကြောင်းကို မင်းသားလေး ချင့်စိမ်းက လာရောက်ပြောပြခဲ့ခြင်း ဖြစ်သည်။

ရုတ်တရက်မို့ မြို့စားကြီးကျင်းတိတ် မယုံနိုင်ပါ။ သို့သော် အာဝှီးတစ်ယောက် သူ၏ရှေ့မှောက်သို့ ဒဏ်ရာဒဏ်ချက်များဖြင့် ရောက်ရှိလာသောအခါ...

အာဝှီးသည် ဒဏ်ရာများ ရရှိထားသော်လည်း သတိကောင်းစွာ ရှိနေပါသေး၏။

သူ့အား ကြိုးများဖြင့် တုပ်နှောင်ကာ ကျင်းလိုက်မြို့စားဂေဟာသို့ ခေါ်ဆောင်ခဲ့သည်ကို သိလိုက်၏။

မည်သူနှင့်မဆို ရင်ဆိုင်ရန် ဝန်မလေးပါ။ သခင်မအား ကျင်းကျင်းနှင့် ရင်ဆိုင်ရန်ကား...

မြို့စားကြီး ကျင်းတိတ်က...

'ဟေ့ မင်းက သူခိုးတစ်ယောက်ဆိုတာ အမှန်ပဲလား'

ဟု အော်ဟစ်မေးလာလေသည်။

အာဝှီး ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ကျုပ်ဟာ စောရတစ်ယောက်ပါပဲ'

'အောက်'

မြို့စားကြီးကျင်းတိတ်သည် ဒေါသကြီးစွာဖြင့် ခြေထောက်ဖြင့် ဆောင့်လိုက်လေသည်။

'ဝှန်း'

'အွန့်'

အာဝှီး ကြမ်းပြင်ပေါ်ဝယ် သုံးလေးပတ်မျှ လိမ့်သွားလေသည်။

—ချန်းစိမ်း၊ ပါဖုံးနှင့် ဟူယို့တို့ သဘောကျစွာ ပြုံးလိုက်ကြ၏။

အာဝှီးက လိမ်လည်ပြောလျှင် ကြားဝင်ဆုံးမရန် စိတ်ကူးထားကြ၏။ ယခုတော့ အာဝှီးကိုယ်တိုင်က အမှန်အတိုင်း ဝန်ခံလိုက်ခြင်းကြောင့် ကျေနပ်သွားကြခြင်း ဖြစ်လေသည်။

မြို့စားကြီးကျင်းတိတ်သည်လည်း အာဝှီးက ဝန်ခံလိုက်ပြီဖြစ်၍ ရှည်ရှည်ဝေးဝေး စဉ်းစားနေတော့ဘဲ...



'မုထင်း ဗိုလ်အောင်ကို သေဒဏ်အပြစ်ပေးလိုက်'

ထိုအချိန်တွင် မြို့စားဂေဟာမှ လူများသည် ဧည့်ခန်းကြီး အပြင်ဘက်၌ စုရုံးရောက်ရှိနေကာ အခြေအနေကို စောင့်ကြည့်နေကြသည်။

ကျင်းကျင်းသည် လူအများကြားမှ တိုးဝှေ့ကာ ကြည့်နေသည်။ အာဝှီးအား သေဒဏ်ပေးကြောင်း ကြားရလျှင် မျက်လုံးပြူးသွားလေသည်။

'သူ... သေရတော့မှာပါလား'

သူ၏ အနီးအနားမှ လူများမှာ ဧည့်ခန်းအတွင်းသို့ အာရုံရောက်နေသည် ဖြစ်ကြရာ သူ၏စကားသံကို အမှုမထားမိလိုက်ကြချေ။

ထိုအချိန်တွင် မုထင်းသည် ရှေ့သို့လှမ်းထွက်လာပြီး အာဝှီးအား ခပ်ကြမ်းကြမ်း ဆောင့်ဆွဲလိုက်၏။

အာဝှီးမှာ ကြိုးတုပ်ခံထားရသည်ဖြစ်ရာ ရုန်းကန်လှုပ်ရှားခြင်း မပြုနိုင်ပါချေ။

သူတစ်ပါး ပြုသမျှ နုရသည့် အခြေအနေသို့ ရောက်နေ၏။ အကယ်၍ အနှောင်အဖွဲ့မှ လွတ်မြောက်သွားပါလျှင် ချန်းစိမ်း၊ ပါဖုံးနှင့် ဟူယို့တို့အား ရင်ဆိုင်တိုက်ခိုက်လိုစိတ်များ ပြင်းပြနေသည်။

သူတို့ကြောင့် မျောက်အိုကြီး သေဆုံးသွားခဲ့ရသည် မဟုတ်ပါလား။

မုသင်းက အာဝုဓ်းအား ဆွဲခေါ်သွားရန် ဟန်ပြင်နေစဉ် ချန်စိမ်းက မြို့စားကြီး ကျောင်းတိဘ်အား ဦးညွှတ်ဂါရဝ ပြုလိုက်ပြီး...

'မြို့စားကြီး ခင်ဗျာ၊ ဒီသူခိုးလေးနဲ့ ပတ်သက်ပြီး ကျွန်တော် အကြံတစ်ခု ပေးပါရစေ'

မြို့စားကြီးကျောင်းတိဘ် မျက်မှောင်ကြုတ်သွား၏။

'ဘယ်လို အကြံမျိုးလဲ'

ချန်စိမ်းက....

'သူခိုးလေးဟာ မြို့စားကြီးရဲ့ ဂုဏ်သိက္ခာကျဆင်းအောင် လုပ်ခဲ့တယ်၊ ဒါကြောင့် သူ့ကိုဓားတစ်ချက်နဲ့ သေဒဏ်စီရင် မယ့်အစား သူ့ရဲ့အပြစ်ဒဏ်နဲ့ ကိုက်ညီအောင် ညှဉ်းပန်းနှိပ်စက် ပြီးမှ သုတ်သင်ပစ်သင့်ပါတယ်၊ ဒါမှ နောက်နောင် ဒီလို ဘယ်သူမှ လုပ်ရဲကြတော့ မဟုတ်တော့ပါဘူး'

ဟုဆို နှုတ်ပိတ်ပါဖို့တွင် ချန်စိမ်းကိုကြည့်ကာ နှာခေါင်း ရှုံ့လိုက်ကြ၏။

မြို့စားကြီးကျောင်းတိဘ်မှာ အာဝုဓ်းကို ဒေါသကျွံနေပြီ ဖြစ်နေသည့် အလျောက်....

'ကောင်းတယ်၊ သူ့ကိုမှတ်လောက်သားလောက် ဖြစ်အောင် ဆုံးမပြီးမှ သုတ်သင်ပစ်ရမယ်'

ချန်စိမ်း ကျေနပ်သွား၏။

မြို့စားကြီး ကျောင်းတိဘ်က....

'မုထင်း အခုလောလောဆယ် သူ့ကို မြေအောက်ခန်းထဲ ထည့်ပြီး ချုပ်ထားလိုက်၊ နောက်မှစီရင်မယ်'



'ကောင်းပါပြီ မြို့စားကြီး'

မုထင်းသည် ပြောပြီးအာဝုဓ်းအား တွန်းထိုး ဆွဲခေါ်သွား လေသည်။

တင်းတင်းသည် မုသင်းနောက်သို့ လိုက်သွားရန် စိတ်ကူးမိ လေသည်။ သို့သော် ချန်စိမ်းပြောသည့်စကား ကြားလိုက်ရ ခြင်းကြောင့် ထွက်မသွားဖြစ်ဘဲ အံ့၍ နားထောင်နေမိသည်။

ချန်စိမ်းက....

'မြို့စားကြီး ခင်ဗျား အာဝုဓ်းဟာ သူခိုးတစ်ယောက် ဖြစ် တယ်ဆိုတာ ပေါ်လွင်သွားပါပြီ၊ သူကိုယ်တိုင်လဲ ဝန်ခံသွား ပါပြီ၊ ဒါကြောင့် သခင်မလေးနဲ့ လက်ထပ်ဖို့ ကိစ္စ'

သူ၏ စကားမဆုံးမီ မြို့စားကြီး ကျောင်းတိဘ်က—

'ဟာ—သူနဲ့ လက်ထပ်ပေးလို့ ဘယ်ဖြစ်တော့မှာလဲ ဒီကိစ္စကို ဘျင်အ ဖျက်လိုက်ပါပြီ'

ချန်စိမ်း ခေါင်းညိတ်လိုက်သည်။

'ဒီလိုဆိုရင် မင်္ဂလာ ကိစ္စအတွက် တစ်မျိုး ပြန်ပြီး စဉ်းစား သင့်တယ်လို့ ထင်ပါတယ် ခင်ဗျာ'

'ဟာ....ဘယ်လို'

'ကျွန်တော်တို့ သုံးယောက်ဟာ မင်းသားလေး အစစ် အမှန် တွေဖြစ်ကြပါတယ်၊ အာဝုဓ်းလို လူလိမ် လူကောက် တစ်ယောက် မှ မပါကြပါဘူး၊ အာဝုဓ်း ဝင်ရှုပ်လို့ ကျွန်တော်တို့ နောက် ဆုတ်ပေးခဲ့ရပါတယ်၊ အခု အာဝုဓ်းရဲ့ အဖြစ်မှန် ပေါ်ပေါက် သွားပြီမို့ သခင်မလေး ကျောင်းကျင်းကို ကျွန်တော်တို့ သုံးယောက်

ထိုအ တစ်ယောက်ယောက်နဲ့ လက်ဆက်ပေးသမီတယ်သို့ ပြော ပါခဲ့စေ'

ထိုအခါး ကြား ယည့်အခါ ဟူးယို့နှင့် ပါဖိုးတို့လည်း လှုပ်လှုပ်ရှားရှား ဖြစ်လာကြလေသည်။

'ဟုတ်တယ် မာတ်တယ်'

'မင်းသားလေး ချန်းစိမ်း ပြောတာ မှန်ပါတယ်'

မြို့စားကြီး ကျောင်းတိတ် တွေဝေသွားသည်။

ချန်းစိမ်းက ဆက်ပြောပြန်သည်။

'အခု ဟာ မြို့စားကြီးကို ဒုက္ခပေးမယ့် သူခိုးဖြစ်ကြောင်း ဖော်ထုတ်ခဲ့တာ ကျွန်တော်ပါ။ ကျွန်တော်ဟာ မြို့စားကြီးရဲ့ ရုဏ်သိက္ခာနဲ့ ကျေးလိမ်တစ်မြို့လုံးကို ဆယ်တင်ခဲ့တာပါ။ ဒါကြောင့် ကျွန်တော့်ကိုသာ သခင်မလေးနဲ့ လက်ထပ်ပေးသင့်ပါတယ် ခင်ဗျာ'

ထိုစကား ကြားလျှင် ဟူးယို့နှင့် ပါဖိုးတို့ မကျေနပ် ဖြစ်သွားကြတော့သည်။

'ဟာ တယ်ဖြစ်မလဲ'

'အာဆိုင်လို့လဲဗျ'

တစ်ယောက်တစ်ပေါက် ပြောလိုက်ကြလေသည်။

မြို့စားကြီး ကျောင်းတိတ်ကိုယ်တိုင်လည်း အခက်ကြုံသွား၏။ အခု ၏ကိစ္စ မြို့သူ့ ခဆင်သည်။ မင်းသားလေး သုံးယောက်သည် စိတ်ကျေနပ်သော ကျောင်းကျင်နှင့် လက်ဆက် ပေးရန် တောင်းခံသာပြန်လေသည်။



ယခု တစ်ကြိမ် မြို့စားကြီး ကျောင်းတိတ်အတွက် ငြင်းပယ်နိုင်စရာ လမ်းမမြင်ချေ။ သူ၏ ဂုဏ်သိက္ခာကို ကယ်တင်နိုင်ရန် မင်းသားလေး တစ်ယောက်ယောက်နှင့် လက်ဆက် ပေးမှသာ ဖြစ်တော့မည်။

မြို့စားကြီး ကျောင်းတိတ်သည် ဆက်ပြင်းလှလိုက်သည်။ မင်းသားလေး သုံးယောက်အနက် မည်သူ့ကို ရွေးချယ်ရမည်နည်း။

ယခု တစ်ကြိမ်တွင် ကျောင်းကျင်အား စိတ်တိုင်းကျ ရွေးချယ်ခွင့် ပြု၍ ဖြစ်တော့ပါ။

နောက်ထပ်တစ်ကြိမ် အရှက်ကွဲမခံနိုင်တော့ပါ။ ထိုသို့ တွေးတော စဉ်းစားမိသဖြင့်....,

'မင်းသားလေး သုံးယောက်သဘောတူ ဖြစ်ရပါစေ့မယ်။ ကျုပ်ရဲ့ သမီးလေးဟာ မင်းသားလေး သုံးယောက်ထဲက တစ်ယောက်ကို ရွေးချယ်စေရမယ်လို့ ကျုပ်ထင်ပါတယ်'

ထိုစကားကြားသည့်အခါ ပါဖိုး နှင့် ဟူးယို့ တို့ ကျေနပ်သွားကြ၏။ သူတို့သည် ကျောင်းကျင်အား လက်လွတ်သိုလ် ရမြဲမှု ဖြန်လည်၍ မျှော်လင့်နိုင်သည့် အခြေအနေ ရှိသဖြင့် မဟုတ်ပါလား....

ထိုသို့ ဖြစ်လာရသည်မှာ ချန်းစိမ်း၏ ကြံစည် အားထုတ်မှုကြောင့် ဖြစ်သည် ဆိုခြင်းကို လူသိရှင်ကြား ထုတ်ဖော် အသိအမှတ်မပြုတဲ့ မသိသလို ဆိတ်ဆိတ် နေကြသည်။

ချန်းစိမ်း ဆမူ ...

'အာဂုမ္ဘ်း ရဲ့ ဖြစ်ရပ်မှန်ကို ဖော်ထုတ်ပြီး မြို့စားကြီးရဲ့ ဂုဏ်သိက္ခာကို ဆည်တင်လိုက်တာ ကျွန်တော်ပါ၊ ဒါကြောင့် ကျွန်တော့်ကိုသာ သခင်မလေးနဲ့ လက်ထပ်ပေးသင့်ပါတယ်'

ဟု ပြောလေသည်။ မြို့စားကြီး ကျင်းတိတ်က...

'မင်းသားလေးကို ရှေ့ဆုံးက ထားပြီး စဉ်းစားပေးပါမယ်'

ချန်းစိမ်း ကျေနပ်သွား၏။ ဤတွင် ပါဖိုးနှင့် ဟူးယို့တို့ တစ်စခန်း ထလာပြန်လေတော့သည်။

ပါဖိုးက...

'မြို့စားကြီး မင်းသားလေး ချန်းစိမ်းအ ဖော်ထုတ်ခဲ့တယ် ဆိုတာ မှန်ပေမယ့် အာဂုမ္ဘ်းကို ဖမ်းဆီးတဲ့ နေရာမှာ ကျုပ်တို့လဲ ကိုယ်တိုင် ကိုယ်ကျ ပါဝင်ခဲ့ကြတာပါ'

'ဟုတ်တယ် ဟုတ်တယ်၊ ကျွန်တော်တို့ပါလို့ အာဂုမ္ဘ်းကို မိတာ'

ဟူးယို့က ပါ ဝင်ပြော၏။

ချန်းစိမ်း မကျေနပ် ဖြစ်သွားသည်။

'ကျုပ်ရဲ့ သိုင်း[illegible]ကို ခင်ဗျားတို့ အထင် သေးတာကိုး၊ ဘယ်သူမှ မပါဘဲ အာဂုမ္ဘ်းကို ကျုပ်တစ်ယောက်တည်း ဖမ်းနိုင်တယ်ဆိုတာ မှတ်ထားပါ'

သူတို့ သုံးယောက် ငြင်းခုံနေကြသဖြင့် မြို့စား ကျင်းတိတ် စိတ်ပျက်သွားလေသည်။

'ကဲ ကဲ အားလုံးတော်ကြပါတော့၊ မျှမျှတတ ဖြစ်အောင် ကျုပ် စီစဉ်ပေးပါ့မယ်၊ ဘယ်သူမှ နစ်နာစေရပါဘူး'

သို့တိုင်အောင် ချန်းစိမ်းတို့ ကျေနပ်ကြပုံ မပေါ်ချေသဖြင့်...



'အခုပဲ ကျုပ်ကိုယ်တိုင် သမီးလေးကို သွားတွေ့လိုက်ပါ့မယ်၊ ကဲ မင်းသားလေးတို့အတွက် ပေးထားတဲ့ အခန်းမှာ ပြန်ပြီး အနားယူနေကြပါ၊ ကျုပ်ပြန်လာတော့ အကျိုးအကြောင်း သိရပါစေမယ်၊ ကဲ ကျုပ်ကို ခွင့်ပြုပါဦး'

စကားကို အတင်းဖြတ်ကာ အခန်းတွင်းမှ ထွက်သွားလေသည်။

+ + +

'သခင်မလေး... သခင်မလေး'

တင်းတင်းသာ အမောတကြီး ခေါ်ရင်း ပြေးဝင်လာသည်။

စိတ်လှုပ်ရှားစွာဖြင့် အခန်းတွင်းဝယ် ခေါက်တုံ့ ခေါက်ပြန် လမ်းလျှောက်နေသည့် ကျင်းကျင်းသာ ခြေလှမ်းရပ်လိုက်သည်။

အပြေးတစ်ပိုင်းဖြင့် အနီးသို့ ရောက်လာသည့် တင်းတင်းကို ကြည့်ကာ...

'ပြောစမ်းပါဦးအေ၊ ထူ...သူ့ ကို...'

'သူ့ကို သခင်ကြီးက ထောက်ပေးလို့ ပဲ၊ မင်းသားလေး ချန်း စိမ်းက သက်ပေ ထက် ညဉ့်ပုန်း နှိပ်စက်ပြီး ရှုထိတ်ပင်

လိုက်တာ ပိုနကောင်းတယ်လို့ ဝင်ပြောတော့ ခမြိုတ်ကိတ်ခန်းမှာ ဖမ်းချုပ်ထားတယ်၊ ကြောခင် နှိုဉ်စက်ညှဉ်းပန်းကြတော့မယ်'

'အို ဒုက္ခပါပဲ'

ကျင်းကျင်း ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားလေတော့သည်။

တင်းတင်းက....

'မင်းသားလေးချန်းစိမ်းဟာ အခေါင်ကို ဓကောက်ကျစ် စဉ်းလဲတယ်၊ သူ့ကြောင့် မင်းသားလေးအာဝွ်း ဒုက္ခရောက်ရတာ'

ကျင်းကျင်းမှာ အလိုလိုနေရင်း မင်းသားလေး ချန်းစိမ်းအား မုန်းတီးလာလေတော့သည်။

'အေး...သူဟာ ဘယ်လိုလုပ်ပြီး အစ်ကိုအာဝွ်းအကြောင်းကို သိသွားရတာလဲ'

တင်းတင်း မျက်လုံးလေး ဝိုင်းသွားသည်။

'သခင်မလေး...ကျွန်မ သွားပြောတာ မဟုတ်ပါဘူး'

'အေးပါ...ညည်းကို ယုံကြည်စိတ်ချရတယ်ဆိုတာ ငါနားလည်ပါတယ်'

တင်းတင်းက...

'သခင်မလေး၊ ကျွန်မ သိထားတာ ပြောပြရမလား'

'ဘာများလဲ၊ ပြောစမ်းပါဦး'

'ရွှေဒေးဂိုဏ်းက လူတွေဟာ နေရာအနှံ့အပြားမှာ ရှိနေကြတယ်၊ သူတို့ဟာ နည်းလမ်းမျိုးစုံ အသုံးပြုပြီး သိုင်းလောကကို လွှမ်းမိုးဖို့ ကြံစည်နေကြတယ်၊ တကယ့်ကို ကြောက်စရာကောင်းတဲ့ အဖွဲ့အစည်း တစ်ခုပဲ'



ကျင်းကျင်း သက်ပြင်းချလိုက်သည်။

'ဒီလူမျိုးကို ငါ စိတ်မကူးပါဘူးအေ'

တင်းတင်းက....

'မင်းသားလေးပဲ ဖိုးဖေ အစားကောင်း အသောက်ကောင်းတွေစားဖို့လောက်ပဲသိတယ်၊ မင်းသားလေး ဟူယို့ကျတော့လဲ ချမ်းသာကြွယ်ဝမှုအပေါ် မက်မောနေတယ်၊ မင်းသားလေး ချန်းစိမ်းကျပြန်တော့ သိုင်းပညာဆက်မြက်တာကို အားကိုးပြီး နေရာတကာ ဗိုလ်ကျချင်တယ်၊ တစ်ယောက်မှ မကောင်းဘူး'

ဟု ပြောသည်။

ကျင်းကျင်းက....

'အစ်ကို အာဝွ်းကရော'

'သူကတော့ သနားဖို့ကောင်းပါတယ်၊ အခွင့်အရေး ရပေမယ့် မယူခဲ့ဘူး၊ သခင်မလေးအပေါ် တကယ် မေတ္တာစစ်နဲ့ ချစ်တဲ့အကြောင်း ဖော်ထုတ်ပြခဲ့တယ်'

'တင်းတင်းရယ်၊ အစ်ကိုအာဝွ်း ဒုက္ခရောက်နေပြီ၊ ငါ ဘယ်လိုလုပ်ရမလဲ၊ ပြောစမ်းပါဦး'

သူမသည် အာဝွ်းအတွက် တညည်းညည်း ဖြစ်နေလေတော့သည်။

တင်းတင်းက....

'သခင်ကြီးကတော့ မင်းသားလေး သုံးယောက်ထဲက တစ်ယောက်ယောက်နဲ့ ပေးစားမယ်လို့ ပြောနေတယ်'

'အို ငါ ထွက်ပြေးမှာပေါ့'

'သခင်မလေး ဒီလိုလုပ်ရင် သခင်ကြီး အရှက်ကွဲသွားမှာပေါ့'

'အို ငါဘာလုပ်ရမလဲ'

'သခင်မလေး ဒီအချိန်ဟာ ညည်းညူနေရမယ့် စိတ်ပျက်နေရမယ့်အချိန် မဟုတ်ပါဘူး၊ အစ်ကိုအာဝုဏ်းကို ကယ်တင်ဖို့နဲ့ မင်္ဂလာပွဲကိစ္စကို အချိန်ဆွဲထားဖို့ အကောင်းဆုံး နည်းလမ်း ရှာကြရမယ့် အချိန်ပါ'

ကျောင်းကျောင်းသည် တင်းတင်းကို အားကိုးတကြီး ကြည့်လိုက်ပြီး…

'လုပ်စမ်းပါဦး တင်းတင်းရယ်၊ ငါ့ကို အကြံလေးဘာလေး ပေးစမ်းပါဦး၊ ငါ့ခေါင်းထဲမှာ ထူပူနေပြီ၊ ဘာလုပ်ရမှန်း ငါ မစဉ်းစားတတ်တော့ဘူး'

တင်းတင်း သက်ပြင်းချလိုက်သည်။

ကျောင်းကျောင်း ဤသို့ ခံစားနေရမည်ဆိုသည်ကို ကိုယ်ချင်းစာမိသည်။ ကျောင်းကျောင်းအား အစွမ်းကုန် ကူညီရပေတော့မည်။

'သခင်မလေး အကြောင်းတစ်ခုခုရှာပြီး မင်္ဂလာပွဲကိုအချိန်ဆွဲဖို့ အရေးအကြီးဆုံးပဲ'

'ဘယ်လိုအချိန်ဆွဲရမှာလဲ ရှင်းရှင်းပြောစမ်းပါ'

'လွယ်ပါတယ်၊ အကြောင်းတစ်ခုခုရှာလိုက်ပေါ့၊ ဥပမာ—လောလောဆယ်မှာ အဖိုးအထိုက်တန်ဆုံးအရာကို ရှာနိုင်တဲ့သူကို လက်ထပ်မယ် ဆိုတာပေါ့'

'ညည်းပြောသလို ဖြစ်ပါ့မလား'



'ဖြစ်ပါတယ် သခင်မလေးရယ်၊ အခုလောလောဆယ် ကြုံတွေ့နေတဲ့ အခက်အခဲကို လွတ်မြောက်သွားမှာ အမှန်ပဲ၊ ကြာခင် သခင်ကြီး ရောက်လာတော့မယ်၊ မင်္ဂလာကိစ္စအတွက် ပြောကြဆိုကြတဲ့အခါ ကျွန်မပြောသလိုပဲ ပြောပြလိုက်ပါ၊ မင်းသားလေးတွေ မရှိတော့ဘူးဆိုရင် အစ်ကို အာဝုဏ်းကို ကယ်တင်ဖို့ ပိုပြီး လွယ်လိမ့်မယ်'

ကျောင်းကျောင်း အားတက်လာလေသည်။

ထိုစဉ် ခြေသံများ ထွက်ပေါ်လာသည်။

တင်းတင်းနှင့် ကျောင်းကျောင်းတို့ လှမ်းကြည့်လိုက်ကြ၏။

ထိုအခါ အခန်းဝသို့ မြို့စားကြီးကျောင်းတိတ် ရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

* * *

မြို့စားကြီး ကျော်တိတ်သည် အခန်းတွင်းကို ရောက်ရှိလာပြီ ဖြစ်လေသည်။

ကျောင်းကျောင်းနှင့် တင်းတင်းတို့ ဦးညွှတ် ဂါရဝပြုလိုက်ကြလေသည်။ မြို့စားကြီးကျော်တိတ်၏ မျက်နှာတွင် စိတ်ရှုပ်ထွေးသည့် အရိပ်အယောင်များ ပေါ်လွင်နေသည်။

ကျောင်းကျောင်းကိုကြည့်ကာ...

'စိတ်မကောင်းစရာသတင်း ပြောရဦးမယ်၊ သမီးရွေးချယ်လိုက်တဲ့ဖူးစာရှင်ဟာ တကယ်တော့ မင်းသားလေးတစ်ယောက် မဟုတ်ဘဲ ခြေသလုံးအိမ်တိုင် လျှောက်သွားနေရတဲ့ သူခိုးတစ်ယောက် ဖြစ်နေတယ်'

ဟု စကား စလာလေသည်။

ကျောင်းကျောင်း မျက်နှာပျက်သွားသည်။

အာဝုဒ်းသည် စောရတစ်ယောက် ဖြစ်ကြောင်း ကိုယ်တိုင် ဝန်ခံသွားပြီ ဖြစ်သည်။

အာဝုဒ်းသည် သူမအပေါ် မေတ္တာစစ်ဖြင့် မြတ်နိုးတယ်တာသလို သူမသည်လည်း အာဝုဒ်းကို မေတ္တာစစ်ဖြင့် ကျိတ်ပိုးမိသည် မဟုတ်လား...



တစ်ချိန်က အပျော်ခရီးထွက်ရင်း လူဆိုး ဓားပြများနှင့် တွေ့ခဲ့ရာ လူတစ်ယောက်က ဝင်ရောက် ကယ်တင်ခြင်းကြောင့် ချမ်းသာရာ ရခဲ့သည့်ကိစ္စကို သူ့အား ပြောပြ၍ မြို့စားကြီး ကျော်တိတ် သိသွားပြီး ဖြစ်ပေသည်။

သူမအား ကယ်တင်ခဲ့သူကို မြို့စားကြီးကျော်တိတ် ကျေးဇူးတင်မိပြီး တွေ့ဆုံရာ ကျေးဇူးရှင်မှာ အာဝုဒ်း ဖြစ်ကြောင်း ပြောပြလိုက်လျှင် ဖခင်ဖြစ်သူ စိတ်သဘောထား ပြောင်းလဲသွားမည်ဟု ကျောင်းကျောင်းထင်မိ၏။

ထို့ကြောင့် ပြောပြရန် ဟန်ပြင်လိုက်၏၊ သို့သော် တင်းတင်းသည် သူမ၏အကြံအစည်ကိုသိနေဟန်ဖြင့် မျက်နှာရိပ်မျက်နှာကဲ ပြကာ တားမြစ်လိုက်သည်ကို သတိပြုမိ၏။

ကျောင်းကျောင်း ငိုင်ကျသွား၏။

မြို့စားကြီး ကျော်တိတ်က...

'အာဝုဒ်းကို ဖေဖေက ဖမ်းချုပ်ထားပြီး၊ ဖေဖေ့ကို ဂုဏ်သိက္ခာကျအောင် လုပ်ခဲ့တဲ့အတွက် မှတ်လောက်အောင် ညှဉ်းပန်းပြီးမှ ကွပ်မျက်ပစ်ရမယ်၊ အာဝုဒ်းကြောင့် ဖေဖေတို့ အရှက်ရခဲ့တာကို အဖတ်ဆည်ဖို့ မင်းသားလေး သုံးယောက်ထဲက တစ်ယောက်ယောက်နဲ့ သမီးလက်ထပ်ရလိမ့်မယ်'

ဟု ပြောလာလေသည်။

'ဖေဖေ'

ကျောင်းကျောင်း လွှတ်ခနဲ ခေါ်မိသည်။

သူမ သဘောမကျသည်ကို မြို့စားကြီး ကျော်တိတ် ရိပ်မိသွားပြီး...

'ငြိမ်းမယ်တော့ ကြံနဲ့၊ ဖေဖေဆုံးဖြတ်ပြီးပြီ၊ ဖေဖေ့စကားကို နားမထောင်ဘူးဆိုရင် ရှက်လွန်းလို့ ဖေဖေ့မျက်နှာကို ဓားနဲ့လှီးပစ်လိုက်ဖို့ ရှိတော့တယ်'

ဟု ခပ်ပြတ်ပြတ်ပြောလေသည်။

ကျင်းကျင်း ခေါင်းငိုက်စိုက် ကျသွား၏။

တင်းတင်းက ကျင်းကျင်း လက်ကိုဆွဲကာ ဖျစ်ညှစ်လိုက်သည်။

သူမ၏ အကြံပေးစကားကို နားထောင်ရန် တိုက်တွန်းသည့်သဘော ဖြစ်လေသည်။

အခြေအနေအရ တင်းတင်းပြောသည့်အတိုင်း လုပ်မှဖြစ်မည်ဟု ကျင်းကျင်းနားလည်မိ၏။

မြို့စားကြီးကျင်းတိတ်က....

'မင်းသားလေးသုံးယောက်စလုံးဟာ သမီးအတွက်သင့်မြတ်တဲ့ အိမ်ထောင်ဖက်တွေချည်းပါပဲ၊ ဘယ်သူ့ကိုပဲဖြစ်ဖြစ် တစ်ယောက်ယောက်ကို သမီးလက်ထပ်ရလိမ့်မယ်'

'ဖေဖေ'

မြို့စားကြီးကျင်းတိတ် ဆက်ပြောလိုက်သည်။

'သမီးအနေနဲ့ ငြင်းပိုင်ခွင့်မရှိသလို စိတ်ကြိုက်ရွေးချယ်ပိုင်ခွင့်လဲ မရှိတော့ဘူး၊ ဖေဖေစီစဉ်သမျှ နာခံရလိမ့်မယ်'

ကျင်းကျင်း၏လက်ကို တင်းတင်းကပို၍ အားစိုက် ဖျစ်ညှစ်လိုက်သည်။ ကျင်းကျင်းမျက်နှာလေး ရှုံ့မဲ့သွားသည်။

မြို့စားကြီးကျင်းတိတ်က...

'သမီး ဘာပြောချင်သလဲ ပြောပါ'



'ဖေဖေ'

'ပြောသမီး'

'ဖေဖေစီစဉ်တဲ့အတိုင်း သမီးနာခံပါ့မယ်၊ ဒါပေမယ့် တင်ပြစရာတော့ ပြောပါရစေဖေဖေ'

ကျင်းကျင်းက တစ်ပတ်လျှော့လိုက်သဖြင့် မြို့စားကြီးကျင်းတိတ် ကျေနပ်သွားသည်။ မျက်နှာရွှင်ရွှင်ပျပျ ဖြစ်လာသည်။

'ပြောသမီး ဘာပြောချင်သလဲ ပြောပါ'

'မင်းသားလေးသုံးယောက်စလုံးဟာ ငြင်းစရာမရှိအောင် တော်ကြသူတွေပါ၊ သူတို့သုံးယောက်ထဲက ဘယ်သူ့ကိုရွေးရမယ်ဆိုတာ သမီး ဆုံးဖြတ်နိုင်မှာ မဟုတ်ပါဘူး'

မြို့စားကြီးကျင်းတိတ် လက်ခါပြလိုက်သည်။

'သမီးမပူနဲ့ ဒီကိစ္စ ဖေဖေ့တာဝန်ထား'

ပြောပြီးမှ သူကိုယ်တိုင်လည်း မည်သူ့အား ရွေးချယ်ရမှန်း မသိ ဇဝေဇဝါ ဖြစ်နေသည်ကို သတိပြုမိလိုက်၏။

ချန်းစိမ်း ဟွာယို့နှင့် ပါဖိုးတို့သည် သုံးယောက်ရှိသည့်အနက် တစ်ယောက်ကို ရွေးလိုက်သည်နှင့် ကျန်နှစ်ယောက်အား အပြင်းအထန် ကန့်ကွက် ပါကြပေလိမ့်မည်။

မည်သို့သော အကြောင်းကြောင့် ရွေးရသည်ကို စောဒက တက်လာကြပေမည်။

အရွေးမခံရသူနှစ်ယောက် ကျေနပ်သွားအောင် ဖြေရှင်းနိုင်သည့် နည်းလမ်းရှာမတွေ့ပါသေးချေ။

ကျင်းကျင်းက...

‘သမီး အကြံတစ်ခု ပြုပါရစေဖေဖေ’

‘သမီးတာပြောချင်သေးလို့လဲ’

‘သမီးလက်ထပ်ရမယ့်လူဟာ တကယ် လူတော် လူကောင်း တစ်ယောက်ဖြစ်သင့်ပါတယ် ဖေဖေ’

‘မှန်လိုက်လေကွယ်’

‘မင်းသားလေး သုံးယောက်လုံး လူတော်လူကောင်းတွေ ဖြစ်နေကြတော့ သူတို့ထဲက အတော်ဆုံးလူကို ရွေးဖို့ အစီအစဉ် တစ်ခုလုပ်ရင် ကောင်းမယ်ထင်ပါတယ်’

မြို့စားကြီး ကျင်းတိတ် စိတ်ဝင်စားသွားလေသည်။

ကျင်းကျင်းကိုကြည့်တာ…

‘သမီးက ဘာတွေများ စဉ်းစားမိထားလို့လဲ ပြောစမ်း ပါဦး’

‘သူတို့သုံးယောက်ကို ပစ္စည်းတစ်ခုရအောင် ရှာခိုင်းမယ်။ ရှာလို့တွေ့တဲ့လူကို သမီးရဲ့တစ်ဝကြောင်းဖော်အဖြစ် ရွေးမယ်ဆိုရင် သမီး အတွက်လဲ အဆင်ပြေပြီး နောက်ဆုတ်လိုက်ရသူနှစ်ယောက် အတွက်လဲ မျှတပါလိမ့်မယ်’

‘ဟော’

မြို့စားကြီး ကျင်းတိတ် ပါးစပ်အဟောင်းသား ဖြစ်သွား သည်။

ခေါင်းကိုက်အောင်ပင် ရှုပ်ထွေးနေသည့် ပြဿနာတစ်ခုအား ရှင်းလင်းနိုင်မည့်နည်းလမ်းကို သူလဲ သိမြင်သွားပြီဖြစ်သည်။

ကျင်းကျင်းကိုကြည့်ကာ အားရပါးရ ပြုံးလိုက်သည်။



‘သမီးအကြံကောင်းတယ်၊ ဖေဖေသဘောတူတယ်၊ သမီးက ဘယ်လိုပစ္စည်းရှာခိုင်းမှာလဲ ပြောစမ်းပါဦး’

ကျင်းကျင်းက…

‘လောကပေါ်မှာ တန်ဖိုးအရှိဆုံးဆိုတဲ့ ပစ္စည်းကိုရှာခိုင်း လိုက်ပါ ဖေဖေ’

‘ကောင်းပြီ ဖေဖေအခုပဲ သွားပြောလိုက်မယ်’

စကားဆုံးလျှင် မြို့စားကြီးကျင်းတိတ်သည် ဝမ်းသာအားရ ဖြင့် အခန်းတွင်းမှ ထွက်သွား၏။

ကျင်းကျင်း နှင့် တင်းတင်းတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၏။

ထို့နောက် နှစ်ယောက်သား ပြိုင်တူသက်ပြင်း ချလိုက်မိ ကြလေတော့သည်။

\+ + +

‘အဖိုးထိုက်ရတနာ’

ပါဖိုး လွှတ်ခနဲ ပြောလိုက်၏။

ချန်းစိမ်းနှင့် ဟူယို့တို့လည်း မျက်မှောင်ကြုတ်ကာ တွေး တော စဉ်းစားနေကြသည်။

ဟူးယို့က…

‘လောကပေါ်မှာအဖိုးထိုက်ဆုံးပစ္စည်းဟာ ဘယ်လိုပစ္စည်း လဲ…’

ဟု တွေးနေသည်။

ချန်းစိမ်းကမူ…

'သခင်မလေးကျင်းကျင်းဟာ ဝါတို့ကို မစွန့်ရှားတဲ့ အာဝုဏ်ကို ရွေးခဲ့တယ်၊ အခုတစ်ခါ လာပြန်ပြီ၊ တို့ကို အရှေ့ရပ်သိုဟာ ဆင်ဝှ့ရန်ချောင် သားဘာမျိုးနဲ့ အဖိုးတန် ပစ္စည်း ရှာနိုင်တယ်၊ ဒါဟာ တခင်သက်သက် အချိန်ဆွဲချင်လို့ ဖြစ်ရမယ်'

ဟာ တွေးနေမိလေသည်။

မြို့စားကြီးကျောင်းတိတ်က မင်းသားလေးသုံးပါးကို စေ့စေ့ကြည့်လိုက်ပြီး....

'ဟုတ်ပါတယ်၊ မင်းသားလေး သုံးယောက်ဟာ အရည်အချင်းပြည့်စုံနေကြပါတွေပဲ့၊ သမီးလေးအတွက် အရွေးခက်လှပါတယ်၊ ဒေသကပေါ်မှာ အဖိုးအထိုက်တန်ဆုံး ပစ္စည်းကို ရှာဖွေနိုင်တဲ့သူကို ကျုပ်သမီးနဲ့ လက်ဆက်ပေးပါမယ်'

အဖိုးအထိုက်ဆုံး ပစ္စည်းဆိုသည်မှာ မည်သည့်ပစ္စည်းမျိုး ဖြစ်ကြောင်း မေးလိုသည်မှာ ပါဖိုးနှင့် ဟူးယို့တို့ပါးစပ်ဟား နေကြ၏။

သို့သော် ထုတ်ဖော်မေးမြန်းခြင်း မပြုဝံ့ကြချေ။ မေးမြန်းလိုက်မည်ဆိုလျှင် မြို့စားကြီးကျောင်းတိတ်ထံသို့ သားဖြစ်ပါက သူ ထက်ဝါ အလိုအယောက် ရှာဖွေကြမည် ဖြစ်သည်။

ထိုအခါ မည်သို့သော ပစ္စည်းရှာမည်ဆိုသည်ကို သိနေခြင်းကြောင့် လက်ဦးသွားသူက သခင်မလေး ကျင်းကျင်းအား ပိုင်ဆိုင်သွားလိမ့်မည် ဖြစ်ပေသည်။

ထို့ကြောင့် မေးမေးတဲ့ နေလိုက်ကြသည်။

မြို့စားကြီး ကျောင်းတိတ်အား....



'ကျုပ်ရဲ့ အစီအစဉ်ဟာ မျှမျှတတ ရှိနေလိမ့်မယ်လို့ ထင်ပါတယ်'

ဟုပြောသည်။

'ဟုတ်ပါတယ်....ဟုတ်ပါတယ်'

ဟူးယို့နှင့် ပါဖိုးတို့ ကပျာကယာ ထောက်ခံလိုက်ကြလေသည်။

မြို့စားကြီးကျောင်းတိတ်အား....

'ဒီလိုဆိုရင် မင်းသားလေးတို့ဟာ အဖိုးတန်ပစ္စည်းကို ရှာဖွေဖို့အတွက်'

သူ၏ စကားမဆုံးမီ ချန်းစိမ်းအ ထိုင်ရာမှထကာ....

'မြို့စားကြီး ခင်ဗျာ၊ ကျွန်တော်ရှင်းလင်းတဲ့ ကိစ္စတစ်ခု မေးပါရစေ'

ဟု ကြားဖြတ်ကာ မေတ္တာရပ်ခံလိုက်လေသည်။

မြို့စားကြီးကျောင်းတိတ် ခေါင်းညိတ်လိုက်သည်။

'မေးပါ... မေးပါ'

ချန်းစိမ်းက....

'အဖိုးထိုက်ဆုံးပစ္စည်း ရှာဖွေနိုင်သူနဲ့ သခင်မလေးကို လက်ဆက်ပေးမယ်ဆိုတာကို ကျွန်တော်လက်ခံပါတယ်၊ အဖိုးထိုက်ဆုံး ပစ္စည်းကို ရှာဖွေတဲ့ နေရာမှာ အချိန်ဘယ်လောက် ထန့်သတ်ထားမယ်ဆိုတာ သိပါရစေခင်ဗျာ'

'ဟာ....ဟုတ်သားပဲ၊ ဒီအချက်ကို ကျုပ်လဲ မေ့သွားတယ်၊ မင်းသားလေးတို့ အချိန်ဘယ်လောက် လိုချင်သလဲ ပြောပါ'

ဟူးယို့နှင့် ပါဖုံးတို့ ဘာမှမပြောဘဲ ငြိမ်နေကြသည်။ ချန်းစိမ်းက....

'တစ်နှစ်လောက် အချိန်ရမယ်ဆိုရင် လုံလောက်ပါတယ်၊ လောကကြီးမှာ ဘယ်လိုပစ္စည်းဟာအဖိုးမဖြတ်နိုင်ဆုံး၊ တန်ဖိုးအရှိဆုံးဆိုတဲ့ ကိစ္စကို အရင်ဆုံး အဖြေရှာရဦးမှာပါ၊ ဘယ်လိုပစ္စည်းမျိုးဆိုတာ သိရမှ ရှာဖွေနိုင်မှာပါ'

မြို့စားကြီး ကျောင်းတိတိ ခေါင်းညိတ်လိုက်ပြန်သည်။

'ဟုတ်တယ်....ဟုတ်တယ်၊ မင်းသားလေးပြောတာ သဘာဝကျပါတယ်၊ တစ်နှစ်ပြည့်တဲ့အချိန်မှာ အဖိုးမဖြတ်နိုင်တဲ့ ပစ္စည်းကိုယူပြီး ပြန်လာခဲ့ကြပေါ့ ဟုတ်လား'

ချန်းစိမ်း ကျေနပ်သွားပြီး ပြန်လည်ထိုင်ချလိုက်လေသည်။

သူ၏ ရင်ထဲဝယ် အကြံအစည်များ ရှိနေပါသည်။ ထိုအကြံအစည်များကို အကောင်အထည်ဖော်ရန် အချိန်ယူရပေမည်။

အဖိုးမဖြတ်နိုင်သည့် ပစ္စည်းရသည်ဖြစ်စေ မရသည်ဖြစ်စေ တစ်နှစ်ဆိုသည့် အချိန်အတွင်း သူ၏လိုအင်ဆန္ဒ ပြည့်ဝအောင် စွမ်းဆောင်နိုင်လိမ့်မည်သာ ဖြစ်ပေသည်။

ဟူးယို့နှင့် ပဖုံးတို့ ငြိမ်နေကြစဉ်....

ချန်းစိမ်း မေးလိုက်မှ လှယ်မယောင်နှင့်ခက်၊ တိမ်မယောင်နှင့် နက်ဆိုသလို ဇဖိုးတန်ဆုံး ပစ္စည်းမှာ မည်သည့်ပစ္စည်းဖြစ်သည်ကို သိရှိရန်ပင် မလွယ်မှန်း တွေးမိလာကြသည်။

သူတို့ အခက်အခဲကြုံနေရသည်ကို လူသိရှင်ကြား ထုတ်ဖော်ဝန်ခံခြင်းလည်း မပြုလိုကြပါချေ။



ဝန်ခံလိုက်ခြင်းဖြင့် လူဖျင်းလူညံ့ဟု သတ်မှတ်ခြင်းခံရမည်စိုးရိမ်ပူပန်မိကြလေသည်။

မြို့စားကြီး ကျောင်းတိတ်က....

'မင်းသားလေးတို့ ပြန်ပြီးထွက်ခွာသွားနိုင်အောင် ကျုပ်လူတွေက လိုလေသေးမရှိ စီစဉ်ပေးပါလိမ့်မယ်'

ဟု ပြောလိုက်၏။

လိမ်ခဲဘည်းလည်း ဖြစ်နေခဲ့သောအချိန် ကုန်ဆုံးသွားခဲ့ပြီ၊ အစွမ်းအစပြဖို့ အချိန်ရောက်ပြီဖြစ်ကြောင်း အချက်ပေးလိုက်သည်နှင့် တူနေပေတော့သည်။

ချန်းစိမ်း၊ ဟူးယို့နှင့် ပါဖုံးတို့ ထရပ်လိုက်ကြသည်။

ပဖုံးက....

'ကျွန်တော်က အဖိုးမဖြတ်နိုင်ဘဲ့ပစ္စည်းကို ရအောင်ရှာလာခဲ့ပါ့မယ်'

ဟု ပြောလိုက်၏။

ဟူးယို့က....

'ကျွန်တော်သာ ရှာလို့တွေ့မှာဗျ'

ဟု စောဒက တက်လိုက်သည်။

မိမိပါ ဝင်ရောက်ပြောဆိုလျှင် အငြင်းအခုံဖြစ်လာဦးမည်ဟု ချန်းစိမ်း နားလည်ထားလေရာ ဘာမှမပြောဘဲ နေလိုက်လေသည်။

မြို့စားကြီး ကျောင်းတိတ်က....

'အခုအချိန်ကစပြီး တစ်နှစ်ပြည့်မြောက်တဲ့နေ့ ဒီမှာပြန်ဆုံကြတာပေါ့'

ဟု နိဂုံးချုပ်ပေးလိုက်၏။

ဟူးယိုနှင့် ပါဖိုးတို့သည် ဆက်လက် ငြိမ်းခုံလိုနေသေးကြသော်လည်း ဖြစ်ကျက်မတွေ့သဖြင့် မဘာတိသကြားဘုတ်မြို့စားကြီးကျွန်းတိဘီ၏စကားကို လက်ခံလိုက်ကြရလေသည်။

ဦးညွှတ် ဂါရဝပြုလိုက်ကြသည်။

မင်းသားလေးသုံးယောက် အခန်းတွင်းမှ တိဘ်ဆိတ်စွာ ထွက်ပေါ်လာသည်ကိုကြည့်အာ ကျေနပ်စွာ ပြုံးလိုက်သည်။

'မင်းသားလေးချန်းစီမ်းဟာ အရည်အချင်းအရှိဆုံး ပဲ'

ဟု စိတ်ထဲမှ တီးတိုးရေရွတ်ရင်း ကျေနပ်ရပ်ခဲ့လေတော့သည်။

\+ \+ \+

မင်းသားလေးသုံးယောက်မှာ နောက်လိုက် နောက်ပါ အခြွေအရံများနှင့်အတူ ကျွန်းလိမ်မြို့မှ ထွက်သွားကြပြီ ဖြစ်သည်၊

ထိုအချိန်၌ အခွင့်ကောင်းယူကာ တင်းတင်းနှင့် ကျွင်းကျွင်းတို့ လှုပ်ရှားနေကြပေတော့မည်။

သူတို့သည် မြေတိုက်ခန်းဝယ် ဖမ်းဆီးချုပ်နှောင်ခြင်းခံနေရသည့် အာဝ္ဂိုးအား ကယ်တင်ရန် အပြင်းအထန် အကြံထုတ်နေခြင်း ဖြစ်နေပေတော့သည်။

'တင်းတင်း လုပ်စမ်းပါဦးဟာ၊ ညည်းပြောတဲ့ အတိုင်း ပထမတစ်ဆင့်တော့ အောင်မြင်သွားပြီ၊ အခုအချိန်မှာ အစ်ကို အာဝ္ဂိုးကို ကယ်တင်ဖို့ အရေးအကြီးဆုံးပဲ'

တင်းတင်းက....



'ကျွန်မနားလည်ပါတယ်၊ ဒါကြောင့် သေသေချာချာလေ့လာထားပါတယ်'

'ပြောစမ်းပါဦးအေ'

'မြေတိုက်ခန်းကို ကိုယ်ရံတော်ခေါင်းဆောင် မုထင်းက တာဝန်ယူထားပါတယ်၊ မုထင်းဟာ ယုံကြည်စိတ်ချရတာ မှန်ပေမယ့် သူ့ကို ဝယ်လို့ရမယ်ထင်ပါတယ်'

'ဘာ...ဘယ်လို သူ့ကိုဝယ်လို့ရမယ် ဟုတ်လား'

'ဟုတ်ပါတယ် သခင်မလေး'

ကျွင်းကျွင်း အားတက်လာသည်။

တင်းတင်းသည် လူကယ်သော်လည်း အရွယ်နှင့်မလိုက်အောင် လိမ္မာရေးခြားရှိတာ ပါးနပ်သူဖြစ်ကြောင်း ကောင်းစွာ နားလည်သဘောပေါက်ထားပေသည်။

တင်းတင်းက....

'မြေတိုက်ခန်းမှာ ဖမ်းချုပ်ထားတယ်ဆိုကတည်းက ကျွန်မဟာ မုထင်းကို သတိရလိုက်တာပါ၊ မုထင်းဟာ အရက်မှာသောက်၊ အပျော်အပါး မလိုက်ပေမယ့် လောင်းကစားမှုတော့ ခုံမင်တယ်၊ သခင်ကြီးမှူးဆောင်တိုက်ဝင်ဝတ်ပုံးလောင်းကစားဝိုင်းတွေမှာသွားပြီး ကစားလေ့ရှိတယ်၊ သူ့မှာ အကြွေးတော်တော်များများ တင်နေတယ်ဆိုတာ ကျွန်မသိထားပါတယ်'

ကျွင်းကျွင်း ပြုံးလိုက်သည်။

'ဒီလိုဆိုရင် ဦးလေးမုထင်းကို ငွေပေးပြီး အစ်ကို အာဝ္ဂိုး လွတ်အောင် လုပ်ရမယ်ပေါ့'

'ဟုတ်ပါတယ် သခင်မလေး၊ သူ့အစ်ကြီးဘွေ့ကို ဆပ်ပေးတဲ့အပြင် သူသာ်ပြီး လောင်းကစားနိုင်အောင် ခပ်များများ ပေးရခဲ့ပါ၊ ပြီးတော့ လောင်းအစားမှာ ကျူးလွန်နေတာကို သခင်ကြီးသိသွားရင် ဒုက္ခရောက်သွားမယ်လို့ ခြိမ်း ခြောက်ရပါဦးမယ်'

ကျောင်းကျောင်း ပခုံးတွန့်လိုက်သည်။

'ဒီလိုကြီးတော့ ဝါမလုပ်ချင်ပါဘူးအေ၊ သူတပါး အားနည်းချက်ကို အခွင့်ကောင်းယူပြီး အနိုင်ကျင့်သလို ဖြစ်နေမှာပေါ့...'

'ဒီလိုမှမလုပ်ရင် အစ်ကိုအာဇာနီ ဘယ်လိုလုပ်လွတ်မြောက်နိုင်တော့မှာလဲ'

ကျောင်းကျောင်း သက်ပြင်းချလိုက်ရသည်။

'အင်းလေ ညည်းပဲတာဝန်ယူပြီး စီစဉ်လိုက်ပါတော့'

'စိတ်ချပါ သခင်မလေး'

တင်းတင်းသည် ကျောင်းကျောင်းကိုပြုံး၍ ကြည့်လိုက်၏။

ကျောင်းကျောင်းက...

'ညည်း ဘာပြုံးတာလဲ'

'ဪ...ကျွန်မက သူများအကျိုးကို ဆောင်ရွက်ပေးတဲ့ စေတနာကြောင့် မင်းသား ချောချောလှလှကလေးတစ်ယောက်နဲ့ ဖူးစာဆုံရလိမ့်မယ်လို့ တွေးမိပြီး ပြုံးတာပါ'

'ညည်းနော် ညည်း'

'ခစ်...ခစ်...ခစ်'



တင်းတင်းက သဘောကျစွာ ရယ်မောကာ အခန်းတွင်းမှ ပြေးထွက်သွားတော့၏။ ကျောင်းကျောင်း ပင့်သက်ရှိုက်လိုက်၏။

အာဇာနီနှင့်ကျမှ သူ့ရင်အစလေးများ ဖိုခနဲလာကာ်အောင် စိတ်လှုပ်ရှား ခဲ့ရပေသည်။

'အစ်ကိုအာဇာနီရယ်၊ ရှင်ဟာ မင်းသားလေးပဲ ဖြစ်ဖြစ်၊ စောရပဲဖြစ်ဖြစ် ကျွန်မရဲ့မေတ္တာဟာ ပြောင်း လဲမ သွားဘူး ဆိုတာ ယုံပါရှင်'

ဟု တိတ်တိတ်ကလေးကျိတ်ပြီး ညည်းညူမိလိုက်လေတော့သည်။

× × ×

## လောကဒဏ်

'အား...ကျွတ်...ကျွတ်'

အာဝှမ်း ညည်းညူလိုက်၏။

တစ်ကိုယ်လုံး ထုရိုက်ထားသလို မခံမရပ်နိုင်အောင်နာကျင်နေသည်။

ချွန်းစိမ်းဟွေးယို့နှင့် ပါဖုံးတို့၏ တိုက်ခိုက်မှုကြောင့်ဒဏ်ရာပြင်းထန်စွာ ရခဲ့လေသည်။

သူ့အား ညည်းညူမျှ ဆေးကုပေးခြင်း မရှိပါ။ တိရစ္ဆာန်တစ်ကောင်ပမာ ဒရွတ်ဆွဲကာ မြေတိုက်ခန်းထဲ ပစ်သွင်းသွားခဲ့ကြလေသည်။

အသက်ရှင်နေသေးသည်ကိုပင် ကံကောင်းသည်ဟု ဆိုရပေမည်။

သို့သော် သူ့အား ဓားတစ်ချက်တည်းနှင့် ကွပ်မျက်မည် မဟုတ်ဘဲ နှိပ်စက်ညှဉ်းပန်းပြီးမှ သတ်သင်ပစ်မည် ဖြစ်ကြောင်း နားလည်ထား၏။

'တောင်တောင်ယုတ်မာတဲ့ မင်းသားလေး'

အာဝှမ်းက စိတ်ထဲမှနေပြီးမင်းသားလေးချွန်းစိမ်းကိုကျိန်ဆဲနေမိလေသည်။



ချွန်းစိမ်း၏လက်ချက်ကြောင့် မျောက်အိုကြီး သေဆုံးသွားရသည့် မြင်ကွင်းကို ဘယ်သောအခါမှ သူမေ့နိုင်တော့မည် မဟုတ်ပါ။

'ငါသာ အနှောင်အဖွဲ့က လွတ်မြောက်သွားမယ်ဆိုရင် အဲဒီမင်းသားလေးကို သတ်သင်ပစ်မယ်'

ဟု စိတ်ထဲမှ ကြုံးဝါးလိုက်သည်။

သူ့အား ကြိုးများဖြင့် တုပ်နှောင်ထားခဲ့ရာမှ မြေတိုက်ခန်းထဲသို့ သွင်းခါနီးတွင် ကြိုးဖြေပေးခဲ့သည်။

အာဝှမ်းက မြေပေါ်တွင် လဲကျနေရာမှလူးလိမ့်ထလိုက်၏။ လှုပ်လှုပ်ရှားရှား လုပ်လိုက်မှ နာကျင်မှုက ပိုလာသည်။

အာဝှမ်း အံကြိတ်ကာ ထိုင်ချရန်ကြိုးစားလိုက်၏။ မြေတိုက်ခန်းမှာ စေးစိမ့်နေပြီး ပိတ်လှောင် နေခြင်းကြောင့် အနံ့အသက် မကောင်းချေ။

အလင်းရောင်လည်း မရှိဘဲ မှောင်မည်းနေသည်။

'ကြွက်တွင်းထဲ ရောက်နေသလိုပဲ'

ညည်းညူရင်း လည်ပင်း၌ ဆွဲထားသည့် အိတ်ရှုံ့ကလေးကို သတိရလာသည်။

မျောက်အိုကြီးက...

'သိုင်းသမားတွေဟာ သိုင်းလောကမှာ ကျင်လည်ကျက်စားရင်း တိုက်ပွဲတွေနဲ့ ရင်ဆိုင်ရလေ့ရှိတာမို့ အသက်ကယ်ဆေးဝါးတွေ ကြိုတင် ဆောင်ထားလေ့ရှိတယ်၊ မင်းကလဲ နေရာအနှံ့ လျှောက်ခိုးနေတဲ့ စောရဆိုတော့ အန္တရာယ်နဲ့ ကစားနေရတာ

ပဲ၊ မင်းအတွက်လဲ အသက်ကယ်ဆေး ကြိုပြီး ဆောင်ထားဖို့ ကောင်းတယ်’

ဟု ပြောဖူးသည်။

ထိုအချိန်တွင် သူက....

‘ကျွန်တော်က သူများထက်လျင်လို့ စောရ လုပ်နေတာ ပေါ့ဗျာ၊ အသက်ကယ်ဆေး ဆောင်ထားဖို့ မလိုပါဘူး’

ဟု ပြန်ပြောခဲ့သည်။

သို့သော်....မျောက်အိုကြီးက ပြောလွန်းမကပြောပြီး အသက်ကယ်ဆေးလုံး ယူသာသောအခါ အာဝ္ဂိုးသည်း မျောက်အိုကြီး ဖွတ်ကျောနုပ်စေရန် ဆောင်ထားလိုက်ရတော့သည်။

အသက်ကယ်ဆေးကို အတိရလာသဖြင့် လည်ပင်းတွင် ပိုး ကြိုးဖြင့် သီဖောက်ကာ ဆွဲထားသည့် အိတ်ရှို့ကလေးကို ဖြုတ် ယူလိုက်၏။

အိတ်ရှို့ကလေးကိုဖွင့်ကာ အသက်ကယ်ဆေးသုံးလုံးကိုယူ၍ သောက်ချလိုက်လေသည်။

ဆေးသောက်အပြီး မျက်လုံးအစုံမှိတ်ကာ အနားယူရင်း—

‘အသက်ကယ်ဆေး ဆောင်ထားရပေမယ့် ဘယ်တော့မှ အသုံးပြုရမှာ မဟုတ်ဘူးလို့ ကျွန်တော် ကြွားခဲ့မိတာ ခုငိုလှတ် ပါတော့ မျောက်အိုကြီးရယ်’

စိတ်ထဲမှနေ၍ မျောက်အိုကြီးကို တောင်းပန်နေမိလေသည်။ အသက်ကယ်ဆေးလုံးများသည် အစွမ်းထက်လှပေသည်။



ဆေးသောက်ပြီး တစ်ခဏအတွင်း ဝမ်းဗိုက်ထဲ ပူနွေးလာ သည်။ နာကျင်မှုဝေဒနာများ လျော့ပါးသွားပြီး ဦးခေါင်းထဲ ကြည်ကြည်လင်လင် လန်းလန်းဆန်းဆန်း ဖြစ်လာလေသည်။

ထိုအချိန်မှာပင်....

‘ကျွေ’

မြည်သံတစ်ချက် ထွက်ပေါ်လာ၏။

မြေဘိုက်တံခါးပွင့်သွားပြီး အသင်းဆောင် ထိုးဖောက် ဝင် လာလေသည်။

ထိုအခါ မီးအိမ်တစ်လုံး ကိုင်ဆောင်ထားသူတစ်ယောက် လှမ်းဝင်လာသည်ကို တွေ့မြင်ရလေသည်။

အာဝ္ဂိုးက ဆက်၍ ထိုင်နေလိုက်သည်။ မီးအိမ်ကိုင်ထားသူ က အာဝ္ဂိုးထံ ခပ်သွက်သွက် လှမ်းလာနေပါ၏။

ထိုလူမှာ ဧရပ်ပျက်တွင် ထူတိုက်ခိုက်ခဲ့သည့် မုထင်း ဆိုသူ ဖြစ်ကြောင်း သတိပြုမိသည်။

မှန်ပေသည်။ မြေဘိုက်ခန်းထဲသို့ ဝင်လာသူမှာ မုထင်း ဖြစ်လေသည်။ မုထင်းသည် အာဝ္ဂိုးအနီးသို့ရောက်လျှင်....

‘ဟော့ ကောင်လေး၊ မင်း နေသားထိုင်သာ ရှိရဲ့လား’

ဟု မေးလာလေသည်။

အာဝ္ဂိုး အာမှ ပြန်မပြောပဲ စူးစူးရဲရဲ ကြည့်နေလိုက်သည်။ မုထင်းအား အနိုင်တိုက်ခိုက်နိုင်မည်ဟု ယုံကြည်ထားသည်။

သို့သော်....ကျွင်းလိမ်မြို့စားဂေဟာမှ ထွက်ပြေးလွတ်မြောက် သွားရန်ကား မည်သည့်နည်းနှင့်မျှ ဖြစ်နိုင်မည် မဟုတ်ချေ။

ထိုသို့နားသည်သဘောပေါက်ထားခြင်းကြောင့်မုထင်းအား တိုက်နိုက်ခြင်း မပြုပဲ ထိုင်ကြည့်နေခြင်းဖြစ်လေသည်။

မုထင်းက....

'ကောင်လေး....မင်း ကံကောင်းသွားတယ်၊ ဂွဲ....ထ၊ ထ နိုင်တယ် မဟုတ်သားကွ'

'အား ဗျ၊ ကျုပ် ကံကောင်းတယ်၊ ဟုတ်လား'

'ဟုတ်တယ်၊ သခင်မလေးက မင်းကို လွှတ်ပေးလိုက်ဖို့ငါ့ကို ခိုင်းလိုက်တယ်ကွ'

'ဗျာ'

အာဂုံး ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

မုထင်းကို ငယ်ကြည်နိုင်စွာ ကြည့်မိ၏။

မုထင်းက....

'အပြင်ဘက်မှာ မှောင်နေပြီ၊ မင်းထွက်သွားဖို့ အကောင်းဆုံးပဲ'

'ကျွန်....ကျွန်တော်'

'အလဲ မင်းက မြေတိုက်ခန်းထဲမှာ နေပြီး ညှဉ်းပန်းနှိပ်စက် ခံချင်လို့လား အဲဒီ အချိန်ကျမှ ထွက်ပြေးချင်လို့လဲ ရတော့မှာ မဟုတ်ဘူးကွ'

အာဂုံး ခေါက်ခနဲ ထရပ်လိုက်လေသည်။

မုထင်းက....

'လာ လာ ငါ့နောက်လိုက်ခဲ့'

ပြောပြော ဆိုဆို ရှေ့မှလမ်းပြခေါ်ဆောင်သွားလေသည်။ အာဂုံး ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ပါချေ။



မုထင်းနောက်သို့ လိုက်သွား၏။

မြေတိုက်ခန်းအပြင်ဘက်ရောက်လျှင် မီးအိမ်များ ထွန်းညှိထားသည့် စင်္ကြံ လမ်းတစ်ခုကို တွေ့ရလေသည်။

အစောင့်အကြပ် တစ်ယောက်တလေမျှပင် မတွေ့ရပေါ်။

မုထင်းက....

'မြန်မြန်လာ'

ပြောပြီး ရှေ့မှ ခပ်သုတ်သုတ် လျှောက်သွား၏။

အာဂုံးသည် နောက်မှ ထက်ကြပ်မကွာ လိုက်သွားလေသည်။ ကြာပါချေ စင်္ကြံလမ်း တစ်ဘက်သို့ ရောက်ရှိသွားကြသည်။

မုထင်းက တံခါး တစ်ချပ် ဖွင့်လိုက်ပြီး....

'ထွက်ဦး'

အာဂုံးအား ဟန့်တားကာ အပြင်ဘက် လှမ်းထွက်သွား၏။ အာဂုံး တံခါးပေါက်၌ အသာ ရပ်နေလိုက်သည်။

အသက်ကယ်သူအားကြောင့် ယခုလို လူကောင်း ပကတိ သွားလာ လှုပ်ရှား နေနိုင်ခြင်းဖြစ်ကြောင်း တွေးနေမိ၏။

မုထင်း၏ လုပ်ရပ်ကြောင့်လည်း စိတ်လှုပ်ရှားနေရပါသည်။ ကြာပါချေ မုထင်းက တံခါးရှေ့၌ ပေါ်လာကာ....

'မြန်မြန်ထွက်ခဲ့'

ဟု ခေါ်လေသည်။

အာဂုံးလည်း အပြင်ဘက် လှမ်းထွက်လိုက်သည်။

ထိုအခါ မြို့တား ဓဂဟာ အနောက်ဘက်သို့ ရောက်ရှိနေကြောင်း တွေ့ရသည်။

မုထင်းအာ…

'ဒီလမ်းအတည့်တည့်သွားရင် အနောက်ဘက် ခြံစည်းရိုး အုတ်တံတိုင်းအနီးကို ရောက်သွားလိမ့်မယ်၊ အုတ်တံတိုင်းကို မင်း အလွယ်တကူ ကျော်ဖြတ်နိုင်မှာပါ'

ဟု ပြောလေသည်။

အာဝှီး ခေါင်းညိတ်လိုက်သည်။

'ရပါတယ်'

'ကောင်းပြီ၊ ငါ့ကို တစ်ချက်လောက် ထိုးလိုက်ပေတော့'

'ဗျာ'

'ငါ့ကို ထိုးလေ'

'ဟာ ဘာဖြစ်လို့ ထိုးရမှာလဲ'

အာဝှီး ကြောင်အမ်းအမ်း ဖြစ်နေပါသည်။

မုထင်း ပြုံးလိုက်သည်။

'မင်းလွတ်မြောက်သွားရင် ငါ့ခေါင်းပေါ်ကို အရင်ဆုံး အပြစ်ပုံကျလာမယ်ဆိုတာ မင်းမသိဘူးလား'

ဟု မေး၏။

အာဝှီးဘာမှ မပြောဘဲ ပါးစပ်ပိတ်ထားလိုက်သည်၊

မုထင်းအာ…

'မင်းလွတ်သွားတဲ့ ကိစ္စကို ငါက ဘယ်လိုမှ ရှင်းနိုင်မှာ မဟုတ်ဘူး၊ ဒါဆိုရင် ငါလဲ အပြစ်ပေးခံရမှာပဲ'

'ဒါ…ဒါဆို'



'မင်းက ငါ့ကို တိုက်ခိုက်ပြီး ထွက်ပြေးသွားတာက တစ်မျိုးပေါ့ကွာ၊ ငါက မင်းကို မယှဉ်နိုင်ဘူးဆိုတာ မြို့စားကြီး သိပါတယ်'

'ကျွန်တော်'

'ဟေ့ အချိန်မရှိဘူး ခပ်မြန်မြန် ထိုးလိုက်စမ်း'

မုထင်းက အဘယ့်ကြောင့် လက်သီးဖြင့် ထိုးရန် ပြောနေသည်ကို အာဝှီး နားလည် သဘောပေါက်သွားပြီ ဖြစ်လေသည်။

'ကျွန်တော့်ကို ခွင့်လွှတ်ပါဗျာ'

မုထင်းအား လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်ရင်း ပြောလိုက်၏။ မုထင်း လက်ဝေ့ယမ်းပြလိုက်သည်။

'အရေးမကြီးပါဘူးကွာ၊ မင်းမြန်မြန် ထွက်သွားစမ်းပါ'

'သခင်မလေးကို ကျေးဇူးတင်ကြောင်း ပြောပေးပါဗျာ'

စကားဆုံးလျှင် အာဝှီးက မုထင်းအား လက်သီးဖြင့် ထိုးချလိုက်၏၊

'ခွပ်'

'အ ဖွီ'

မသဲမကွဲ အသံများ ထွက်ပေါ်လာသည်။

မုထင်းမှာ မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ မြေပေါ် ထိုင်ကျသွား၏။

အာဝှီးက သူ့အား အရေးမစိုက်တော့ပါ။

အနောက်ဘက် ခြံဝင်းအုတ်တံတိုင်းဆီသို့ ဦးတည်ကာ ပြေးလွှားသွားလေတော့သည်။

ကျောင်းလိမ်မြို့...

ကျောင်းလိမ်မြို့မှာ အနောက်ဘက်တွင် ကျန်ရစ်ခဲ့ပြီ ဖြစ်လေသည်။

ကျောင်းလိမ်မြို့နှင့် ခုနစ်မိုင်ခန့်အကွာတွင် လမ်းဆုံလမ်းခွ တစ်ခုရှိနေပေ၏။ ထိုလမ်းဆုံလမ်းခွသို့ ရောက်လာသောအခါ ကျောင်းလိမ်မြို့မှ ထွက်လာကြသည့် မင်းသားဖသား သုံးယောက်အ ရပ်တန့်လိုက်ကြလေသည်။ ချန်းစိမ်း၊ ပါဖုံးနှင့် ဟူယိုတို့ တစ်ယောက်ကို တစ်ယောက်ကြည့်လိုက်ကြ၏။

သူတို့၏ စိတ်ထဲဝယ် အဖိုးမဖြတ်နိုင်သည့် ရတနာကိုရအောင် ရှာဖွေကာ ကျောင်းလိမ်မြို့သို့ ပြန်လာကြမည်ဟု ဆုံးဖြတ်ထားကြ၏။

ပါဖုံးက....

'ကျုပ်တို့ လမ်းခွဲကြရတော့မယ်'

ဟု စကားစလိုက်လေသည်။

ဟူယို ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ကျုပ်က အဖိုးမဖြတ်နိုင်တဲ့ ရတနာကို ရှာမယ် လေဗျာ'

'ကျုပ်လဲ ရှာမှာပါဗျ'

'ကျုပ်လဲရှာမှာပါဗျာ'

'ဟား—ဟား... ရယ်စရာ ကောင်းလိုက်တာ ကျုပ်အလွဲလို့ ဘယ်သူရနိုင်ဦးမှာလဲ'

ပါဖုံးနှင့် ဟူယိုတို့ ပြောဆိုနေကြသည်ကို ချန်းစိမ်းက အသာစောင့်ကြည့်နေပါသည်။



ပါဖုံးနှင့် ဟူးယိုတို့သည် အတန်ကြာသည်အထိ ငြင်းခုံနေကြပြီးမှ ချန်းစိမ်းဘက်သို့ လှည့်ကြည့်လိုက်ကြလေသည်။

ချန်းစိမ်းမှာ တည်တည်ငြိမ်ငြိမ် အေး အေး ဆေး ဆေး ရှိနေသည်ကို တွေ့မြင်ရလျှင်....

ပါဖုံးက....

'ခင်ဗျားကော'

ဟု မေးလေသည်။

ချန်းစိမ်းက....

'ကျုပ်လဲ ရအောင်ရှာမှာပေါ့ဗျာ'

ဟု ခပ်မှန်မှန် ပြောလိုက်လေသည်။

ပါဖုံးက....

'သိပ်ကောင်းတာပေါ့ဗျာ၊ ကျုပ်တို့သုံးယောက်မှာ ဘယ်သူက ရအောင် ရှာနိုင်မလဲ ကြည့်ကြသေးတာပေါ့'

'အချိန်တန်ရင် အဖြေပေါ်လာမှာပါဗျာ'

ချန်းစိမ်းက ခပ်အေးအေးပင် ပြောသည်။

ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချမှု အပြည့်ရှိသည့် သဘော ဖြစ်ပေသည်။ ပါဖုံး မကျေမနပ် ဖြစ်သွားသည်။

'ကောင်းပြီလေ၊ တစ်နှစ်ပြည့်တဲ့အခါ ပြန်တွေ့ကြသေးတာပေါ့၊ ကဲ... ကျုပ်ကို ခွင့်ပြုကြပါဦး'

စကားဆုံးလျှင် သူ၏ နောက်လိုက်ငယ်သားများကို လက်ခေါ်ယမ်းပြကာ....

'သွားကြမယ်'

ဟု အမိန့်ပေးလိုက်လေသည်။

ပါဖို့တို့လူစုသည် ဝဲဘက်အစွန်ရှိ လမ်းကလေးအတိုင်း ခရီးဆက်သွားကြလေသည်။

ပါဖို့တို့လူစု မြင်ကွင်းမှ ကွယ်ပျောက်သွားသောအခါ ချန်းစိမ်းနှင့် ဟူးယို့တို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်။

ဟူးယို့က...

'သူ့ကိုယ်သူ အတော်အထင်ကြီးနေတာ၊ တကယ် ဆိုရင် အဖိုးမဖြတ်နိုင်တဲ့ ရတနာကို သူရှာလို့မတွေ့နိုင်ပါဘူးဗျာ'

ဟု ပြောလေသည်။

ချန်းစိမ်း ပြုံး၍ ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ သူမရနိုင်ပါဘူး'

ဟူးယို့က...

'ဒါဖြင့် ဘယ်သူရလဲ၊ ခင်ဗျားနဲ့ကျုပ်ပဲ ရှိတာ၊ ခင်ဗျား ကိုယ်ခင်ဗျား အထင်ကြီးနေပြီလား'

ချန်းစိမ်း ခေါင်းယမ်းလိုက်သည်။

'အထင်မကြီးပါဘူးဗျာ၊ ဘယ်သူရမယ်ဆိုတာ တစ်နှစ်ကြာရင် အဖြေပေါ်လာမှာပဲ၊ မဟုတ်ဘူးလား'

'ဟုတ်တယ်၊ ဟုတ်တယ်၊ တစ်နှစ်ကြာမှ ပြန်တွေ့ကြသေးတာပေါ့၊ ကဲ ကျုပ်သွားဦးမယ်'

စကားဆုံးလျှင် သူ၏လူများကို လက်ခေါ်ယမ်းပြကာ...

'သွားကြစို့'

ဟု အမိန့်ပေးလိုက်သည်။



ဟူးယို့တို့လူစုသည် အလယ်လမ်းအတိုင်း ခရီးနှင် သွားလေသည်။

မကြာပါချေ။ မြင်ကွင်းမှ ကွယ်ပျောက်သွားလေတော့သည်။

\+ × +

ပါဖို့တို့ လူစုသည်လည်းကောင်း၊ ဟူးယို့တို့ လူစုသည်လည်းကောင်း ထွက်ခွာသွားကြပြီ ဖြစ်လေသည်။

ပညာရှိကြီး ဝမ်ကိုးက မင်းသားလေး ချန်း စိမ်း အနီးသို့ ချဉ်းကပ်လာပြီးလျှင်...

'မင်းသားလေး ကျုပ်တို့သဲ သွားဖို့သင့်ပါပြီ'

ဟု သတိပေးလိုက်လေသည်။

ချန်းစိမ်း ပြုံးလိုက်သည်။

'သွားကြတာပေါ့၊ မသွားခင် စိစဉ်စရာ ရှိတာလေးတွေ စီစဉ်သွားချင်သေးတယ်'

သခင်လေးက

'ဘာဘဝမ်'

'အမိန့်ရှိပါ သခင်လေး'

'လောကမှာ အဖိုးမဖြတ်နိုင်တဲ့ တန်ဖိုးအရှိဆုံး ရတနာအစစ်အမှန်ဆိုတာ ဘာလဲဗျ'

ရုတ်တရက် မေးလိုက်သည့် မေးခွန်းကြောင့် ပညာရှိကြီး ဝမ်ကိုး ငိုင်ကျသွားရလေသည်။

ထိုမေးခွန်း၏ အဖြေမှာ လွယ်မယောင်နှင့် ခက်လှသည် မဟုတ်ပါလား....

'ဒီမေးခွန်းဟာ ပညာသားပါပါနဲ့ မေးထားတဲ့ မေးခွန်းပဲ၊ အဓိပ္ပာယ်အမျိုးမျိုး ကောက်ယူနိုင်တယ် မဟုတ်လား'

'မှန်ပါတယ် မင်းသားလေး'

ချန်းစိမ်းက...

'ဥပမာ လူတစ်ယောက်က ရွေယူလာမယ်၊ နောက်တစ်ယောက်က စီးယူလာမယ် ကျန်တဲ့ တစ်ယောက်ကတော့ စပါးယူလာမယ်ဆိုပါတော့၊ သူတို့သဘောကျတဲ့လူ ဖြစ်နေရင် ဆန်စပါးဟာလျှင် လူ့အသက်သွေးကြောဖြစ်လို့ အဖိုးမဖြတ်နိုင်တဲ့ ရတနာပဲ ဆိုပြီး ဆုံးဖြတ်နိုင်တာပဲ'

ဝမ်ကိုးက...

'သခင်လေးဟာ စဉ်းစားမြော်မြင်မှု ကြီးမားလှပါတယ်'

ချန်းစိမ်း၏မျက်နှာ တည်သွား၏။

ကောက်ကျစ်စဉ်းလဲခြင်း ရက်စက်ကြမ်းကြုတ်ခြင်းစသည့် အရိပ်အယောင်များ ပေါ်လွင်လာသည်။

'ကျင်းလိမ်မြို့က သခင်မလေးကို ပိုင်ဆိုင်ရမယ် ဆိုရင် ကျင်းလိမ်မြို့ကို ပိုင်ဆိုင်ရတာနဲ့ ဘာမှမခြားဘူး၊ ကျင်းလိမ်မြို့ကြီးဟာ တကာ့ကို ပိုင်ဆိုင်ချင်စရာကောင်းပါပေရဲ့'

ချန်းစိမ်းတွင် ကြီးမားသော အကြံအစည်တစ်ခု ရှိနေပြီဖြစ်ကြောင်း ဝမ်ကိုး နားလည်မိလေသည်။

ထို့ကြောင့် အသာငြိမ်ကာ နားထောင်နေလိုက်၏။

ချန်းစိမ်းက...



'သခင်မလေးကို မရ ရတဲ့နည်းနဲ့ သိမ်းပိုက်ရမယ်၊ နည်းလမ်း အမျိုးမျိုးနဲ့ အသုံးပြုလို့မှ မရဘူးဆိုရင် ကျုပ်တို့ ရွေးခဲ့ဂိုဏ်းက လူကွဲ့ရဲ့ အစွမ်းသတ္တိကို အားကိုးရတော့မှာပဲ'

သခင်လေးက...

'ဘာဘဝ် ကျွန်တော်တို့မှာ အကောင်းဆုံး အထောက်တော်တွေပါသားတယ် မဟုတ်လား'

ဝမ်ကိုး ခေါင်းညိတ်လိုက်သည်။

'ပါလာပါတယ် သခင်လေး'

'ကောင်းပြီ အထောက်တော်တွေကို ကျွန်တော့်မြို့ဝင်တက်မင်းသားတွေနောက်လိုက်ပြီး စုံစမ်းခိုင်းပါ'

'စိတ်ချပါ မင်းသားလေး'

'ကျွန်တော့်စကား မဆုံးသေးဘူး၊ နောက်ထပ် လက်ရွေးစင် ဆယ်ယောက် ကျင်းလိမ်မြို့ကို ပြန်လွှတ်လိုက်ပါ၊ သူတို့ အဲဒီမှာ အခြေချနေကြပါစေ၊ သူတို့ဟာ ကျင်းလိမ်မြို့မှာ နေမွေးတဲ့လူတွေလို ဘယ်နေရာမှာ ဘာရှိတယ်၊ လမ်းက ဘယ်ရောက်တယ်၊ဘယ်နေရာမှာ ဘယ်လိုလူမျိုးတွေနေတယ် ကအစ အသေးစိတ်မကျန် အားလုံးသိနေရမယ်၊ အထူးသဖြင့် မြို့စားဧကဟာရဲ့ လုံခြုံရေးအစီအစဉ်ကိုသိအောင် ကြိုးစားရမယ်'

ဝမ်ကိုး၏မျက်နှာ တည်သွားသည်။

ချန်းစိမ်း၏သဘောကို ရိပ်စားမိစ ပြုလာပြီဖြစ်လေသည်။

'မင်းသားလေး၊ အရေးကြီးတဲ့ကိစ္စကို ကျုပ်ကိုယ်တိုင်ဦးစီးဆောင်ရွက်တာ ပိုပြီးသင့်တော်မယ် ထင်ပါတယ်'

ဟု ပြောလိုက်၏။

ချွန်းစိမ်း ဝမ်းသာသွား၏။

'ကျွန်တော်က ဘဘဝမ်ကို ခိုင်းရမှာအားနာလို့ပါ၊ ဘဘဝမ်ကိုယ်တိုင် စနခဲ့တာအခအတောင်းဆုံးပါပဲ'

ဝမ်ကိုး ခေါင်းညိတ်လိုက်သည်။

'စိတ်ချပါမင်းသားလေး၊ ကျုပ်အတွက် ဘာမှစိုးရိမ်ပါနဲ့'

'ကောင်းပြီ တစ်နှစ်အတွင်း ရွှေဘားဂိတ်က လက်နက်ရှုံးစင်တွေကို ကုန်သည်ပွဲစားတွေအသွင်ဆောင်ပြီး ကျောင်းလိမ်မြို့ကို လွှတ်လိုက်မယ်၊ တစ်နှစ်ပြည့်တဲ့အခါ အဖိုးမဖြတ်နိုင်တဲ့ ရတနာကို ရှာမတွေ့ချင်လဲ အကြောင်းမဟုတ်တော့ပါဘူး'

မင်းသားလေး ချွန်းစိမ်းသည်တစ်နှစ်ပြည့်သောအချိန်တွင် သူ၏အကြံအစည်များ ဖြစ်မြောက်အောင်မြင်စေရန် လိုအပ်သည်များကို ကြိုတင်စီစဉ်ပြီးနောက် ငယ်သားများ ခြံရံအသာကတ်လမ်းအတိုင်း ထွက်ခွာသွားလေတော့သည်။

+

လေပြည်လေညင်း လေ့ယမ်းတိုက်ခတ်လာသည်။

ရောင်ရှက်များသည် ပင်အိုကိုခွဲကာ ဝေ့ကာဝိုက်ကာဖြင့် လေဟုန်စီး၍ မြေပေါ်ကြွေကျလာကြ၏။

ရော်ရွက်ကလေး တစ်ရွက်သည် အာဝ္ဍိုး၏ ခြေဖမိုးပေါ်ကျလာသည်။ အာဝိုးက ရော်ရွက်ကလေးကို ကောက်ယူလိုက်လေသည်။

လက်ထဲကိုင်ကာ စေ့စေ့ကြည့်ရင်း....



'သစ်ရွက်လေးရယ်၊ ငါ့ဘဝဟာလဲ မင်းနဲ့ဘာမှမခြားတော့ပါဘူးကွယ်'

ဟု ညည်းညူလိုက်၏။

ရော်ရွက်ကလေးကိုမြေပေါ်ပြန်ချထားလိုက်ပြီး ဒယီးဒယိုင်ဖြင့် ရှေ့ဆက်လျှောက်သွားလေသည်။

ပတ်ဝန်းကျင်ကိုလည်း သတိမပြုမိပါ။ ရင်ထဲမှခံစားတတ်သော နှလုံးသားပျောက်ဆုံးနေသူပမာ ခြေဦးတည်ရာလျှောက်သွားနေ၏။

လေဝေ့ယမ်း တိုက်ခတ်လာပြန်သည်။ ရော်ရွက်များ တဖြုတ်ဖြုတ်ကြွေကျလာသည်။ လမ်းပေါ်မှဖုန်မှုန့်များ လေနှင့်အတူ အပေါ်သို့ လွင့်တက်လာခြင်းကြောင့် ဝန်းကျင်တစ်ခုလုံး မှုန်ဝါးဝါးဖြစ်သွား၏။

အာဝိုး၏ အရိပ်သဏ္ဌာန် သည်လည်း ပေါ် ဝိုးတဝါးဖြင့် တရွေ့ရွေ့ ဝေး၍ဝေး၍ သွားလေတော့သည်။

(ဒု-ဇာတ်သိမ်း၊ ဆက်လက်ဖတ်ရှုပါရန်)

ဝဏ္ဏအောင်